မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

မမြဲသောသဘောတို့ကိုသိ

စွန့်ပစ်အပ်သော ဤခန္ဓာကိုယ်သည် အဘယ်မှာလျှင် နှစ်သက်မွေ့လျော်ဖွယ်ရှိအံ့နည်း။ ဤခန္ဓာကိုယ်ကိုစွဲ၍ ရာဂတို့ဖြစ်ခြင်းသည် မလျောက်ပတ်လေစွတကား။ (ခန္ဓာကိုယ်၏ မမြဲသောသဘော၊ အနှစ်မရှိသော သဘောတို့ကို သိအောင် စဉ်ဆက်မပြတ် ကျင့်ကြံအားထုတ်ရာ၏။)

ဧရာဝဂ်(ဓမ္မပဒ-၁၄၉)

၁၃၇၉ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၉ ရက် ၂၀၁၇ ခုနှစ်၊ စက်တင်ဘာ ၁၄ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၅၆)၊ အမှတ် (၃၄၆)

(၇၂)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ အထွေထွေမူဝါဒရေးရာဆွေးနွေးပွဲ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်မည်

နေပြည်တော် စက်တင်ဘာ ၁၄

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် (၇၂)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ အထွေထွေမူဝါဒရေးရာဆွေးနွေးပွဲသို့ ပါဝင်တက်ရောက်ရန် အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့သို့ မကြာမီကာလအတွင်း သွားရောက်မည်ဖြစ်သည်။

(သတင်းစဉ်)

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် တာဝန်ရှိသူများ လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားမှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုစဉ် (သတင်းစဉ်)

လူကုန်ကူးမှုဖြစ်ပွားစေသည့် အခြေခံအကြောင်းအရင်းများကို ထိထိရောက်ရောက်ဖြေရှင်း ပြည်တွင်းငြိမ်းချမ်းမှု လူမှုဘဝတည်ငြိမ်အေးချမ်းပြီး လူကုန်ကူးမှုအန္တရာယ်ကင်းဝေးမည်

နေပြည်တော် စက်တင်ဘာ ၁၃

ပဉ္စမအကြိမ်မြောက် မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ဟိုတယ်ဇုန်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပရာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်မိန့်ခွန်းပြောကြားသည်။

အခမ်းအနားတွင် ဒုတိယသမ္မတက မြန်မာနိုင်ငံသည် လူကုန်ကူးမှုတိုက်ဖျက်ရေးကို ၁၉၉၇ ခုနှစ်ကတည်းက အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်တိုက်ဖျက်လာပါကြောင်း၊ ယခုဆိုလျှင် နှစ်ပေါင်း ၂၀ ကျော် ကြာမြင့်ပြီဖြစ်ပါကြောင်း၊ ကြားကာလဆောင်ရွက်ချက်များကို ကြည့်မည်ဆိုပါက အာဆီယံဒေသတွင်း၌ စံပြုလောက်သည့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေကို ပြဋ္ဌာန်းနိုင်ခြင်း၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဖွဲ့စည်းနိုင်ခြင်း၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ ဖွဲ့စည်းနိုင်ခြင်း၊ ကုလသမဂ္ဂနှင့် အာဆီယံဆိုင်ရာ လူကုန်ကူးမှုတိုက်ဖျက်ရေးစာချုပ်စာတမ်းများတွင် အဖွဲ့ဝင်အဖြစ် ဝင်ရောက်နိုင်ခြင်း၊ နှစ်နိုင်ငံအကြား နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးနိုင်ခြင်းစသည့် ထင်ရှားသော ရလဒ်ကောင်းများကို မြင်တွေ့နိုင်မည်ဖြစ်ပါကြောင်း။

သို့ရာတွင် မြန်မာနိုင်ငံသည်လည်း အခြားဖွံ့ဖြိုးဆဲ ကမ္ဘာ့နိုင်ငံများကဲ့သို့ အလုပ်အကိုင်အခွင့်အလမ်းရှားပါးမှု၊ ဝင်ငွေနည်းပါးမှု၊ သဘာဝဘေးအန္တရာယ်ကျရောက်မှု၊ လက်နက်ကိုင်ပဋိပက္ခများဖြစ်ပွားမှုစသည့် ဘဝရပ်တည်ရန်ခက်ခဲစေသော အကြောင်းရင်းများကြောင့် လူကုန်ကူးမှုများ ဆက်လက်ဖြစ်ပွားလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံနှင့်

စာမျက်နှာ ၃ ကော်လံ ၁ ✻

မောင်တောတောင်ပိုင်းကျေးရွာများရှိ ဒေသခံတိုင်းရင်းသားများအား ဆန်အိတ်များ ထောက်ပံ့

စာမျက်နှာ » ၄

ရိဒ်နယ်စပ်ကုန်သွယ်ရေး လမ်းပျက်စီး၍ ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေး အခက်အခဲကြုံတွေ့

စာမျက်နှာ » ၇

ပိတ်ဆို့မှုအသစ်များ ပြုလုပ်ခဲ့မှုအပေါ် မြောက်ကိုရီးယားက တုံ့ပြန်လိမ့်မည်ဟု ရုရှားနိုင်ငံဆိုင်ရာ မြောက်ကိုရီးယား သံတမန်ပြောကြား

စာမျက်နှာ » ၁၄

မြန်မာ့အလင်း

တည်ငြိမ်အေးချမ်းမှုကို ဝိုင်းဝန်းထိန်းသိမ်း

မြို့ကြီးများနှင့်နယ်စပ်မြို့ လမ်းဆုံမြို့များ၊ ကမ်းရိုးတန်းမြို့များအပါအဝင် အချက်အချာကျသော ဒေသများ၌ အကြမ်းဖက်တိုက်ခိုက်မှုများတစ်နည်းနည်းဖြင့်ဖြစ်ပေါ်မလာစေရေးအတွက် လုံခြုံရေးအစီအမံများချမှတ်ဆောင်ရွက်လျက်ရှိသည်။ သတိဟူသည်ပိုသည်ဟူ၍ မရှိသည့်အားလျော်စွာမိမိတို့နေထိုင်ရာ မိမိတို့ပတ်ဝန်းကျင်၌ လုံခြုံမှုမကျိုးပေါက်စေရန် ဝိုင်းဝန်းစောင့်ရှောက်ကြရမည်မှာ ဒေသနေပြည်သူတစ်ဦးချင်းစီ၌ တာဝန်ရှိကြသော်လည်း အစိုးရိမ်လွန်မှု၊ အကြောက်တရားကြီးစိုးမှုတို့ကြောင့် မလိုလားအပ်သောဖြစ်စဉ်ဖြစ်ရပ်များဖြစ်မလာစေရန်လည်း သတိမူကြရမည် ဖြစ်သည်။ အစိုးရိမ်လွန်မှုနှင့်အကြောက်တရားကြီးစိုးမှုတို့အပေါ် မသမာသူတို့က အခွင့်ကောင်းယူအသုံးချပြီး ဒေသတည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန်၊ ဆူပူသောင်းကျန်းမှုများဖြစ်ပေါ်လာစေရန် ဖန်တီးနိုင်သည်။

ကောလာဟလများကြောင့် ပြည်သူများ အထိတ်တလန့်ဖြစ်ကာ မြို့ပျက်ခဲ့ရသောသာဓက ပျူရာဇဝင်တွင် ပါရှိသည်။ ဆက်သွယ်ရေး လျင်မြန်လွန်းသည့် ယခုခေတ်တွင်မူ ကောလာဟလများ၊ သတင်းတု၊ သတင်းမှားများက စက္ကန့်မဆိုင်း၊ မိနစ်မဆိုင်းဘဲ လျင်မြန်စွာပျံ့နှံ့လျက်ရှိသည်။ သွေးထိုးလှုံ့ဆော်မှုများ၊ အမုန်းစကား၊ ဘေးတီးရန်တိုက်သည့်စကားများကို မသမာသူတို့က ရည်ရွယ်ချက်ရှိရှိဖြင့် ဖန်တီးဖြန့်ချိနေကြခြင်းဖြစ်ရာ ဆင်ခြင်တုံတရားရှိကြဖို့၊ အယုံမလွယ်ကြဖို့လိုသည်။

လက်ရှိကာလသည် မိမိတို့နိုင်ငံအတွက် အရေးကြီးလှသော ကာလဖြစ်သည်။ နိုင်ငံတော်အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊အမျိုးသားပြန်လည်သင့်မြတ်ရေး၊ အမျိုးသားလုံခြုံရေးစသည့် မျက်နှာစာတိုင်းတွင် အရေးပါသော ကာလတစ်ရပ်ကို ဖြတ်သန်းနေရချိန်ဟုလည်း ဆိုရမည်ဖြစ်သည်။ လူ့အခွင့်အရေး၊ ဘာသာရေး၊ လူမျိုးရေးအဖြစ် ပုံစံသွင်းထားသော၊ အကြမ်းဖက်သမားတို့၏ ရက်စက်ကြမ်းကြုတ်မှုနှင့် နယ်မြေလုမှုတို့ကို ဖုံးကွယ်လိုသော ပြည်ပအင်အားစုတို့က ပရိယာယ်အမျိုးမျိုးနှင့် ဉာဏ်ဆင်အကွက်ချဆောင်ရွက်မှုများကို သတိလက်လွတ်၊ ဒေါသတကြီးဖြင့် တုံ့ပြန်မှုများ မပြုမိကြဖို့ ဆင်ခြင်ကြရမည်။ တစ်နည်းအားဖြင့် ဆိုရလျှင် ပရိယာယ်သမား၏တီးလုံးအမျိုးမျိုးပြောင်းသည့်နောက်မှာ လိုက်မကမိဖို့ပင် ဖြစ်သည်။

တရားဥပဒေစိုးမိုးမှု၏ အရိပ် အောက်မှာ အေးချမ်းစွာနေလိုသူတိုင်း ဘာသာလူမျိုးမခွဲခြားဘဲ နားလည်မှုရှိစွာ စည်းစည်းလုံးလုံးနေထိုင်ကြဖို့လိုသည်။ အကြမ်းဖက်အဖွဲ့အစည်း၊ အကြမ်းဖက်သမားတို့နှင့် ဥပဒေနှင့်အညီ အေးချမ်းစွာနေထိုင်လိုသူ အသိုင်းအဝိုင်းတို့အကြား ပြတ်ပြတ်သားသား စည်းခြားထားဖို့လိုသည်။

မြို့တိုင်း၊ ရွာတိုင်း၊ ဒေသတိုင်းတွင် တရားဥပဒေစိုးမိုးရေး၊ နယ်မြေတည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေးတို့အတွက် တာဝန်ရှိသူများက ပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိသည်။ မလိုလားအပ်သော ဆူပူသောင်းကျန်းမှုများ၊ အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပေါ်မလာရေးအတွက် ပြည်သူအားလုံးက ဝိုင်းဝန်းကူညီကြရမည်ဖြစ်သလို အကြောက်တရားနှင့် စိုးရိမ်ပူပန်မှုများအပေါ် မသမာသူတို့က အမြတ်ထုတ် မသွားနိုင်ရေးအတွက်လည်း ရှောင်ရှားကြရမည်ဖြစ်ပါကြောင်း။ ။

မြန်မာ့ရုပ်မြင်သံကြား ၁၄-၉-၂၀၁၇(ကြာသပတေးနေ့)

နံနက်ပိုင်း

၆:၀၀ - **မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်**
၇:၀၀ - Breakfast News
၉:၂၀ - လှပစုံလင်အာဆီယံတစ်ခွင်
၁၀:၃၀ - အလုပ်သမားရေးရာအစီအစဉ်
၁၁:၀၀ - "သဘာဝပတ်ဝန်းကျင်မှ လေ့လာသင်ယူခြင်း"
၁၃:၀၀ - ဆေးရောင်စုံရုပ်ရှင် "ကိုယ့် အထာနဲ့ကိုယ်" (ပထမပိုင်း)
ခန့်စည်သူ၊ ကျော်ကျော်ဗို၊ ထွန်းထွန်း၊ မိုးဟေကို၊
မိုးပြည့်ပြည့်မောင်၊ မိုးယုစံ [ဒါရိုက်တာ-ကိုဇော်(အရဏ်ဦး)]

ညပိုင်း

၁၇:၁၅ - သုံးသပ်ရှုမြင် မြန်မာ့ရုပ်ရှင် "သရာစောထိ"
ထွန်းထွန်း၊ ယုသန္တာတင်၊ ယဉ်လတ်၊ ကိုပြည့်
ဒါရိုက်တာ-စံရွှေမောင် (အောင်လွင်)
၁၇:၃၅ - လူမှုစီးပွားမြင်ကွင်းများ
၁၈:၃၅ - မျက်မှောက်ရေးရာအဖြာဖြာ
၂၀:၀၀ - ပြည်တွင်းသတင်း၊နိုင်ငံတ ကာသတင်း၊မိုးလေဝသအ ခြေအနေ
၂၀:၃၅ - မျှော်လင့်ချက်အလင်းရောင်
"လယ်ယာမြေများနှင့်အခြားမြေများ ပြန်လည်စွန့်လွှတ်ခြင်း၊ နစ်နာသူပြည်သူများအ တွက် သိကောင်းစရာ"
- မုတ်မှုတ်ထင်ထင် မြန်မာ့ရုပ်ရှင်(အပိုင်း-၂)(ဒါရိုက်တာ- ကြည်စိုးထွန်း)

ရန်ကုန်မြို့၌ ကမ္ဘာ့အရိုးပါး၊ အရိုးပွရောဂါနေ့ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၃

လာမည့်အောက်တိုဘာလ ၂၀ ရက်နေ့တွင်ကျရောက်မည့် ကမ္ဘာ့အရိုးပါး၊ အရိုးပွရောဂါနေ့ အထိမ်းအမှတ်အခမ်းအနားကို အောက်တိုဘာလ ၁၄ ရက်တွင် မြန်မာနိုင်ငံဆရာဝန်အသင်း Osteoporosis SIG က ရန်ကုန်မြို့သူနာပြုတက္ကသိုလ်၌ ကျင်းပသွားမည်ဖြစ်ကြောင်း ရန်ကုန်ဆေးတက္ကသိုလ်(၁)အရိုးရောဂါ ပညာဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ကမ္ဘာပေါ်မှာ အမျိုးသမီးသုံးဦးလျှင်တစ်ဦးနှုန်း၊ အမျိုးသားငါးဦးလျှင်တစ်ဦးနှုန်း အသက် ၅၀ ကျော်လာရင် အရိုးပွခြင်းကြောင့်ဖြစ်တဲ့ အရိုးကျိုးတာတွေ ဖြစ်တတ်ပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံမှာလည်း အရိုးပါး၊ ပွခြင်းကြောင့် အရိုးကျိုးခြင်းကို ကာကွယ်နိုင်ဖို့ အရိုးပါး၊ အရိုးပွရောဂါနဲ့ပတ်သက်ပြီး အများပြည်သူတွေ ဗဟုသုတရစေဖို့ ရည်ရွယ်ပြုလုပ်ရခြင်း ဖြစ်ပါတယ်"ဟု ဆေးတက္ကသိုလ်(၁) အရိုးရောဂါပညာဌာန တွဲဖက်ပါမောက္ခ ဒေါက်တာမင်းကျော်စိုးက စက်တင်ဘာ ၁၃ ရက်က စကိုင်းစတားဟိုတယ်၌ ပြုလုပ်သော စာနယ်ဇင်းရှင်းလင်းပွဲတွင် ပြောကြားသည်။

သက်ဆိုင်ရာဌာနအသီးသီးမှ အထူးကုဆရာဝန်ကြီးများက ရန်ကုန်မြို့သူနာပြုတက္ကသိုလ်၌ ကျင်းပမည့် အဆိုပါအခမ်းအနားတွင် အရိုးပါး၊ အရိုးပွ သိကောင်းစရာများ၊ အရိုးပွ ရောဂါကာကွယ်ကုသရေးနောက်ဆုံးပေါ်တွေ့ရှိချက်၊ အားကစားနှင့် အရိုးကျန်းမာရေး၊ အာဟာရနှင့် အရိုးကျန်းမာရေးစသည့် အကြောင်းအရာများကို ပညာပေးဟောပြော ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းနေ့တွင်အရိုးပါး၊ အရိုးပွရောဂါရှိ မရှိ စစ်ဆေးပေးသွားမည်ဖြစ်ကြောင်း၊ စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ကြောင်း၊ DXA Scan စက်ဖြင့် ခါးရိုး၊ ပေါင်ရိုး၊ လက်ကောက်ဝတ်ရိုးတို့ကို အရိုးသိပ်သည်းဆစစ်ဆေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြင့်မောင်စိုး

ထင်သာမြင်သာပြုပြင်စရာ

လမ်းဘေးရှိ စွန့်ပစ်အမှိုက်များကြောင့် မြို့အင်္ဂါရပ်ကိုညှိုးနွမ်းနိုင်

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့သည် ကျေးရွာအုပ်စုများဖြစ်သော သိမ်ဆိပ်၊ ကျိုက္ကော်၊ တောင်ကြားကျေးရွာများကို စုပေါင်း၍မြို့အဖြစ် အဆင့်တိုးမြှင့်သတ်မှတ်ခဲ့၍ မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပစေရေးအတွက် စွန့်ပစ်ပစ္စည်းအမှိုက်များကို စွန့်ပစ်ရန်နေရာတစ်ခုသတ်မှတ်ပေးရန် ဒေသခံများက လိုလားလျက်ရှိကြောင်း သိရသည်။

သုဝဏ္ဏဝတီမြို့အဝင် ကျိုက္ကော်ရပ်ကွက်မှ တောင်ကြားရပ်ကွက်သို့သွားရာ ရေတွင်းကြီးဘုန်းတော်ကြီးလမ်း၌ ကတ္တရာလမ်းပေါ်သို့ အမှိုက်များ စည်းကမ်းမဲ့စွန့်ပစ်နေမှုများကြောင့် အများအမြင် မသင့်တော်ရုံသာမက လမ်းဘေးဝဲယာရှိ ရော်ဘာခြံများအပြင် မြို့နေလူထုအတွက် နွေရာသီတွင် မီးဘေးအန္တရာယ်ရှိနိုင်ကြောင်း ကျိုက္ကော်ရပ်ကွက်နေပြည်သူတစ်ဦးက ပြောသည်။

သိမ်ဆိပ်ရပ်ကွက်တွင် စေတနာလူမှုကူညီရေး အမှိုက်သိမ်းယာဉ်တစ်စီးဖြင့် မြို့အတွင်းလှည့်လည်၍ကူညီဆောင်ရွက်ပေးနေသော်လည်း မလုံလောက်ကြောင်း၊ ကံ့ကော်ကုန်းပိုင်း တောင်လေးကုန်းသင်္ချိုင်းအနီး၌ ယခင်ကအများစွန့်ပစ်သည့် အမှိုက်ကျင်းရှိသော်လည်း အမှိုက်စွန့်ပစ်မှုများပြားပြီး အမှိုက်များ မီးရှို့ရာတွင် ညှော်နံ့များထွက်ရှိမှုရှိကြောင်း၊ အနီးပတ်ဝန်းကျင် ပြည်သူများက အမှိုက်စွန့်ပစ်သည့် နေရာအတည်တကျ သတ်မှတ်ပေးရန်လိုလားနေကြောင်း သိမ်ဆိပ်အုပ်ချုပ်ရေးမှူး ဦးကျော်ထိုက်က ပြောသည်။

ခွန်(ဝင်းပ)

သထုံမြို့နယ်၌ မူခင်းအသိပညာပေး ဟောပြော

သထုံ စက်တင်ဘာ ၁၃

မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဘိုဘိုဦး၏ ဦးဆောင်မှုဖြင့် မှုခင်းအသိပညာပေးယာဉ်ဖြင့် စက်တင်ဘာ ၁၁ ရက်က သထုံမြို့နယ် ကြာပန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းရှေ့၌ ဒေသခံများနှင့်ကျောင်းသားကျောင်းသူ ၂၀၀ ကျော်ခန့်အား သုဓမ္မဝတီနယ်မြေစခန်းမှူး ရဲအုပ်အေးမြင့်နှင့် နယ်ထိန်းအရာရှိ ဒုရဲအုပ်သီဟအောင်တို့က မှုခင်းအသိပညာပေး ဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။

နန္ဒကျော်စွာ

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၁၃-၉-၂၀၁၇

ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၉၅၃၅၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၈၉၈၄၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၉၅၃၀၀၀

စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

ဒီဇယ်	၆၅၅/၆၇၀ ကျပ်	(လက်လီဈေး)
အောက်တိန်း ၉၂	၆၆၀/၆၈၅ ကျပ်	(လက်လီဈေး)
အောက်တိန်း ၉၅	၇၀၅/၇၂၀ ကျပ်	(လက်လီဈေး)
ပရီမီယံဒီဇယ်	၆၇၅/၆၉၀ ကျပ်	(လက်လီဈေး)

နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

အမေရိကန်	တစ်ဒေါ်လာ	၁၃၅၉ . ၀
ဥရောပ	တစ်ယူရို	၁၆၂၀ . ၁
စင်ကာပူ	တစ်ဒေါ်လာ	၁၀၀၅ . ၀
ထိုင်းဘတ်	တစ်ဘတ်	၄၀ . ၉
အိန္ဒိယ	တစ်ရူပီး	၂၁ . ၁
တရုတ်	တစ်ယွမ်	၂၀၇ . ၈၄
မလေးရှား	တစ်ရင်းဂစ်	၃၁၉ . ၉

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ပဉ္စမအကြိမ်မြောက် မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ် (သတင်းစဉ်)

လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းများကို ကြိုးစားအားထုတ် အကောင်အထည်ဖော် ဆောင်ရွက်ချက်များကြောင့် အမေရိကန်နိုင်ငံက ထုတ်ပြန်သည့် ၂၀၁၇ ခုနှစ် လူကုန်ကူးမှုတိုက်ဖျက်ရေး အစီရင်ခံစာတွင် မြန်မာနိုင်ငံကို TIER 2 Watch List သို့ မြှင့်တင်ခြင်းခံခဲ့ရ

✻ *ရှေ့ဖုံးမှ*

ဆက်စပ်ဖြစ်ပွားသည့် အဓမ္မလက်ထပ်ထိမ်းမြားမှု၊ ထိုင်းနိုင်ငံနှင့် ဆက်စပ်ဖြစ်ပွားသည့် လုပ်အားခေါင်းပုံဖြတ်မှုနှင့် အဓမ္မပြည့်တန်ဆာပြုမှု၊ မလေးရှားနိုင်ငံနှင့် ဆက်စပ်ဖြစ်ပွားသည့် အဓမ္မပြည့်တန်ဆာပြုမှု၊ အဓမ္မသူတောင်းစားပြုမှု၊ အင်ဒိုနီးရှားနိုင်ငံနှင့် ဆက်စပ်ဖြစ်ပွားသည့် ပင်လယ်ပြင်ရေလုပ်ငန်းများတွင် လုပ်အားခေါင်းပုံဖြတ်မှုများ၊ ပြည်တွင်းတွင်ဖြစ်ပွားသည့် လုပ်အားခေါင်းပုံဖြတ်မှုနှင့် အဓမ္မပြည့်တန်ဆာပြုမှု စသည့် လူကုန်ကူးမှုပုံစံများကို ရင်ဆိုင်ကြုံတွေ့နေရပါကြောင်း။

လူကုန်ကူးမှုများကို တိုက်ဖျက်နိုင်ရန်အတွက် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပြဋ္ဌာန်းခြင်း၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဖွဲ့စည်းခြင်း၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ ဖွဲ့စည်းခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း၊ ထို့ပြင် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ ငါးနှစ်စီမံကိန်းများရေးဆွဲပြီး ကဏ္ဍပေါင်းစုံပါဝင်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ငါးနှစ်စီမံကိန်းများဖြင့် ဆောင်ရွက်ရာတွင် ၂၀၁၇ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ အကောင်အထည်ဖော်ဆောင်ရွက်မည့် တတိယငါးနှစ်စီမံကိန်း (၂၀၁၇-၂၀၂၁)ကိုလည်း အတည်ပြုခဲ့ပြီးဖြစ်ပါကြောင်း၊ အဆိုပါ တတိယငါးနှစ်စီမံကိန်းကို မူဝါဒနှင့်ပူးပေါင်းဆောင်ရွက်ရေး၊ ကြိုတင်ကာကွယ်ရေး၊ တရားစွဲဆိုရေး၊ ကာကွယ်စောင့်ရှောက်ရေးဆိုသည့် ကဏ္ဍလေးရပ်နှင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

ဂေဟာများတိုးချဲ့

တတိယငါးနှစ်စီမံကိန်းကာလအတွင်း တည်ဆဲလူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေကို ခေတ်နှင့်အညီဖြစ်စေရန် ပြင်ဆင်ရေးဆွဲခြင်း၊ လူကုန်ကူးခံရသူများအား တိုက်ရိုက်အကူအညီပေးခြင်းနှင့် လွှဲပြောင်းညွှန်းပို့ခြင်းဆိုင်ရာ နိုင်ငံအဆင့်ယန္တရားတစ်ရပ် (National Refferal Mechanism) ရေးဆွဲခြင်း၊ လူကုန်ကူးခံရသူများ ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ နိုင်ငံအဆင့် စံလုပ်ငန်းအစီအစဉ် (National Standard Operating Procedure)ရေးဆွဲခြင်း၊ ကြိုတင်ကာကွယ်ရေးဆိုင်ရာ သုတေသနပြုမှုများ ဆောင်ရွက်ခြင်း၊ လုံခြုံစိတ်ချရသည့် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အသိပညာပေးခြင်း၊ ပြစ်မှုတရားစီရင်ရေးလုပ်ငန်းစဉ် (Criminal Justice System) ပိုမိုအားကောင်းစေခြင်း၊ လူကုန်ကူးခံရသူ ခွဲခြားသတ်မှတ်ခြင်းဆိုင်ရာ နိုင်ငံအဆင့်စံနှုန်းများ ရေးဆွဲခြင်း၊ ယာယီစောင့်ရှောက်ရေး ဂေဟာများတိုးချဲ့ခြင်း စသည့်အဓိကကျသော ကဏ္ဍများကို အကောင်အထည်ဖော်ဆောင်သွားမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ASEAN Convention Against Trafficking in Persons, Especially Women and Children ကို ၂၀၁၇ ခုနှစ် ဇန်နဝါရီလတွင် အတည်ပြုခဲ့ပြီးဖြစ်ပါကြောင်း၊ ယင်း Convention ပါ ပြဋ္ဌာန်းချက်များသည် မြန်မာနိုင်ငံတွင် လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များနှင့် အများစုကိုက်ညီပြီးဖြစ်သည်ကို တွေ့ရပါကြောင်း၊ သို့ရာတွင် လူကုန်ကူးရာမှရရှိသည့် ငွေကြေးနှင့်ပစ္စည်းများကို ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေအရ အရေးယူမှုများ ပိုမိုထိရောက်အောင် ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ သို့မှသာ လူကုန်ကူးကွန်ရက်များကို အမြစ်ဖြတ်နိုင်မည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံလူမှုဝန်ထမ်းဦးစီးဌာနနှင့် ထိုင်းနိုင်ငံ လူသားလုံခြုံရေးနှင့် လူမှုဝန်ထမ်းဌာနများအကြားတွင် လူကုန်ကူးခံရသူများ ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ နှစ်နိုင်ငံ Standard Operating Procedure ကို လက်မှတ်ရေးထိုးနိုင်ခဲ့ပါကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံအကြား နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးရန် အစပြုခြင်း၊ မြန်မာ-ထိုင်း နားလည်မှုစာချွန်လွှာကို ပြန်လည်သုံးသပ်ခြင်း စသည်တို့ကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း။

ထည့်သွင်းဆွေးနွေး

ကလေးစစ်သားစုဆောင်းအသုံးပြုမှုနှင့် ပတ်သက်ပြီး အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးရေးကော်မတီကို ၂၀၀၄ ခုနှစ်တွင် ဖွဲ့စည်းခဲ့ပါကြောင်း၊ အဆိုပါကော်မတီကို ၂၀၁၆ ခုနှစ် မေ ၁၁ ရက်တွင် ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကော်မတီအနေဖြင့် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းအဖြစ် စုဆောင်းခြင်းကို ဟန့်တားကာကွယ်ရန်၊ ယင်းတို့၏ အကျိုးစီးပွားကို အကာအကွယ်ပေးရန်နှင့် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား အကာအကွယ်ပေးရေးဆိုင်ရာ အမိန့်နှင့်ညွှန်ကြားချက်များ တိကျစွာလိုက်နာရန် ဆိုသည့် ဦးတည်ချက်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ တပ်မတော်က ကလေးစစ်သားပပျောက်ရေးလုပ်ငန်းများကို ထိရောက်အောင် ဆောင်ရွက်နေသကဲ့သို့ အခြားသော လက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့်လည်း ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ငြိမ်းချမ်းရေးအကောင်အထည်ဖော်ဆောင်မှု လုပ်ငန်းစဉ်များတွင်လည်း အထူးအလေးထားထည့်သွင်းဆွေးနွေးသွားရန် လိုပါကြောင်း။

ပူးပေါင်းဆောင်ရွက်

အဓမ္မလုပ်အားစေခိုင်းမှုပပျောက်ရေးနှင့် ပတ်သက်ပြီး မြန်မာနိုင်ငံအနေဖြင့် International Labour Organization- ILO ကို ၁၉၄၈ ခုနှစ် မေ ၁၇ ရက်ကတည်းက အဖွဲ့ဝင်အဖြစ် ဝင်ရောက်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဓမ္မလုပ်အားခိုင်းစေမှုဆိုင်ရာ ကွန်ဗင်းရှင်း အမှတ်(၂၉)အပါအဝင် ILO ကွန်ဗင်းရှင်းပေါင်း ၁၉ ခုတွင် အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့ပြီးဖြစ်ပါကြောင်း၊ လူကုန်ကူးမှုများကို ပိုမိုမှန်ကန်ထိရောက်စွာ အရေးယူဆောင်ရွက်နိုင်ရေး ရည်ရွယ်ပြီး အစိုးရရှေ့နေများအတွက် လမ်းညွှန်ချက်များ၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များနှင့် နယ်မြေခံရဲတပ်ဖွဲ့များအကြား ပူးပေါင်းဆောင်ရွက်ရေး လမ်းညွှန်ချက်များကိုလည်း ထုတ်ဝေနိုင်ခဲ့ပါကြောင်း။

လူကုန်ကူးခံရသူများကို ကူညီထောက်ပံ့နိုင်ရန်နှင့် လူကုန်ကူးမှုများကို တိုက်ဖျက်သည့်နေရာတွင် အထောက်အကူဖြစ်စေရန်အတွက် သီးခြားရန်ပုံငွေတစ်ရပ် ထူထောင်ရန်ကိုလည်း စတင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ သီးခြားရန်ပုံငွေ မထူထောင်နိုင်သေးသော်လည်း လူကုန်ကူးခံရသူများကို ပံ့ပိုးကူညီပေးလျက်ရှိပါကြောင်း၊ ၂၀၁၆-၂၀၁၇ ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်းတွင် လူကုန်ကူးခံရသော အမျိုးသား ၅၇ ဦး၊ အမျိုးသမီး ၂၉၁ ဦး စုစုပေါင်း ၃၄၈ ဦးအတွက် ငွေကျပ် ၇၃၃၅၀၀၀၀ ကို ထောက်ပံ့ခဲ့ပါကြောင်း၊ လက်ရှိ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင်လည်း လူကုန်ကူးခံရသူ အမျိုးသားခြောက်ဦး၊ အမျိုးသမီး ၂၃ ဦး စုစုပေါင်း ၂၉ ဦးအတွက် ငွေကျပ် ၁၈၇၀၀၀၀၀ ထောက်ပံ့ပေးအပ်ခဲ့ပြီးဖြစ်ပါကြောင်း။

လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းများကို ကြိုးစားအားထုတ် အကောင်အထည်ဖော် ဆောင်ရွက်ချက်များကြောင့် အမေရိကန်နိုင်ငံက ထုတ်ပြန်သည့် ၂၀၁၇ ခုနှစ် လူကုန်ကူးမှုတိုက်ဖျက်ရေးအစီရင်ခံစာတွင် မြန်မာနိုင်ငံကို TIER 2 Watch List သို့ မြှင့်တင်ခြင်းခံခဲ့ရပါကြောင်း။

အလေးထားဆောင်ရွက်

လူကုန်ကူးမှုကြိုတင်ကာကွယ်ရေး ဆောင်ရွက်ရာတွင် လူကုန်ကူးမှုဖြစ်ပွားစေသည့် အခြေခံအကြောင်းအရင်းများကိုလည်း ထိထိရောက်ရောက် ဖြေရှင်းရမည်ဖြစ်ပါကြောင်း၊ လက်နက်ကိုင် ပဋိပက္ခများချုပ်ငြိမ်းရေးသည် လူကုန်ကူးမှုတိုက်ဖျက်ရေးအတွက် အထူးအရေးပါသည့် ကဏ္ဍဖြစ်ပါကြောင်း၊ စစ်မက်ဖြစ်ပွားမှုများသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ စီးပွားရေး၊ ပညာရေးဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတား ဖြစ်စေပါကြောင်း၊ စားဝတ်နေရေးကျပ်တည်းမှုကြောင့် အနယ်နယ်အရပ်ရပ်ကို ရွှေ့ပြောင်းလုပ်ကိုင်နေရသူများသည် လူကုန်ကူးမှု၏အန္တရာယ်ကို ရင်ဆိုင်နေကြရပါကြောင်း၊ ပညာကောင်းစွာမသင်ကြားရမှုသည်လည်း လူကုန်ကူးခံရနိုင်ဖွယ်အခြေအနေကို မြင့်တက်စေပါကြောင်း၊ ပြည်တွင်းငြိမ်းချမ်းမှုသာ လူမှုဘဝတည်ငြိမ်အေးချမ်းပြီး လူကုန်ကူးမှုအန္တရာယ် ကင်းဝေးမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် လူကုန်ကူးမှုလျော့ကျစေရေးနှင့် တိုက်ရိုက်သက်ဆိုင်သည့် ငြိမ်းချမ်းရေးဖော်ဆောင်မှုကို အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံသည် လူကုန်ကူးမှု၏ မူရင်းအစပြုနေရာဖြစ်ခြင်း၊ နစ်နာမှုများပြားခြင်းကြောင့် ပြည်သူလူထုတစ်ရပ်လုံးပါဝင်သည့် စုပေါင်းအားဖြင့်သာ လူကုန်ကူးမှုများကို တိုက်ဖျက်နိုင်မည်ဖြစ်ပါကြောင်း၊ ယခုနှစ်၏ လူကုန်ကူးမှုတိုက်ဖျက်ရေး ဆောင်ပုဒ်အတိုင်း "လူကုန်ကူးမှုမှန်သမျှ ဝိုင်းဝန်းပူးပေါင်း ဆန့်ကျင်ကြ"ရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေး လုပ်ငန်းများတွင် ကြိုးပမ်းအားထုတ်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းကို ပြသသည်။

ထို့နောက် ဒုတိယသမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ သံရုံးအသီးသီးမှ ကိုယ်စားလှယ်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ လူမှုအဖွဲ့အစည်းများ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဝင်များနှင့်အတူ ဝန်ကြီးဌာနများ၊ အသင်းအဖွဲ့များ၏ လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုကြသည်။ **(သတင်းစဉ်)**

သံလွင်နှင့် ဒုဋ္ဌဝတီမြစ်ရေကြီးမှုအခြေအနေ

နေပြည်တော် စက်တင်ဘာ ၁၃

ယနေ့ မွန်းလွဲတ ၁ နာရီခွဲ တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေခွဲခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။ သို့ဖြစ်၍ သံလွင်မြစ်ရှိ ဘားအံမြို့နယ်နှင့်ဒုဋ္ဌဝတီမြစ်ရှိ မြစ်ငယ်မြို့များအတွင်း မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်သည်။ **(မိုး/ဇလ)**

စီမံကိန်းဝင်ကျေးရွာများ၌ ရန်ပုံငွေပေးအပ်

သဲကုန်း စက်တင်ဘာ ၁၃

သဲကုန်းမြို့နယ်၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေပေးအပ်ပွဲကို စက်တင်ဘာ ၁၁ ရက် နံနက်က ကျင်းပရာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်သန်း၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအေးချို၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်လင်းထိုက်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလွင်မင်း၊ မြစိမ်းရောင်စီမံကိန်း အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးကိုမောင်နှင့် ကော်မတီဝင်များ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလွင်မင်းနှင့် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးကိုမောင်တို့က အမှာစကားပြောကြားပြီး ကျေးရွာ ၂၀ မှ ကော်မတီဝင်များအား တာဝန်ရှိသူများက တစ်ယူနစ်လျှင် ငွေကျပ်သိန်း ၃၀၀ နှုန်းဖြင့် ရှစ်ယူနစ်အတွက် စီမံကိန်းရန်ပုံငွေကျပ်သိန်း ၂၄၀၀ အား လွှဲပြောင်းပေးအပ်ခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

မောင်တောတောင်ပိုင်းကျေးရွာများရှိ ဒေသခံတိုင်းရင်းသားများအား ဆန်အိတ်များထောက်ပံ့

မောင်တော စက်တင်ဘာ ၁၃

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အဖွဲ့သည် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် မောင်တောတောင်ပိုင်းကျေးရွာများသို့ သွားရောက်ပြီး နေရပ်စွန့်ခွာခြင်းမပြုဘဲ မိမိတို့ဒေသ၌ နေထိုင်လျက်ရှိကြသည့် ဒေသခံတိုင်းရင်းသားများအား တွေ့ဆုံအားပေးစကားပြောကြားပြီး ထောက်ပံ့ငွေနှင့် ဆန်များပေးအပ်သည်။

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့သည် နံနက်ပိုင်းတွင် မောင်တောတောင်ပိုင်း မောရဝတီကျေးရွာမှ နေရပ်စွန့်ခွာခြင်းမပြုဘဲ ကျန်ရှိနေသည့် ဒေသခံတိုင်းရင်းသားများထံ ဆန်အိတ်များ ထောက်ပံ့ပေးအပ်သည်။ **(ယာပုံ)**

ဆက်လက်၍ ကျောက်ပန္နူကျေးရွာရှိ ဒေသခံတိုင်းရင်းသားများအား ဆန်အိတ်များ ထောက်ပံ့ပေးပြီး အခြားစားနပ်ရိက္ခာများဝယ်ယူရန်အတွက် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌက ငွေကျပ် တစ်သိန်းကို ကျေးရွာအုပ်ချုပ်ရေးမှူးထံ ပေးအပ်သည်။

ထို့နောက် အင်းဒင်ကျေးရွာရှိ ဒေသခံများကို အားပေးစကားပြောကြားပြီး ဆန်အိတ်များ ထောက်ပံ့ပေးအပ်ကာ မွန်းလွဲပိုင်းတွင် အငူမော်ဆိပ်ကမ်းမှ စစ်တွေမြို့သို့ ပြန်လည် ထွက်ခွာသွားသည်။

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့သည် စက်တင်ဘာ ၁၂ ရက်နှင့် ၁၃ ရက်အထိ နှစ်ရက်တာခရီးစဉ်အတွင်း မောင်တောမြောက်ပိုင်းရှိ တိုင်းရင်းသားကျေးရွာများဖြစ်သည့် အောင်ဇေယျ၊ အောင်သာယာ၊ အောင်မင်္ဂလာ၊ ဖားဝပ်ချောင်း၊ လောင်းဒုံကျေးရွာများနှင့် မောင်တောတောင်ပိုင်းရှိ တိုင်းရင်းသားကျေးရွာများဖြစ်သည့် မောရဝတီ၊ ကျောက်ပန္နူနှင့် အင်းဒင်ကျေးရွာများသို့ သွားရောက်ထောက်ပံ့ခဲ့သည့် တန်ဖိုးမှာ ငွေကျပ်သိန်း ၄၀၀ ကျော်ဖြစ်ကြောင်း သိရသည်။

မင်းထက်အောင်၊ တင်မောင်လွင်၊ ဓာတ်ပုံ-မောင်မွှေး

မြန်မာနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၁၃

ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဗြိတိသျှကုန်သည်ကြီးများအသင်း(မြန်မာနိုင်ငံ)(British Chamber of Commerce Myanmar)၏ အမှုဆောင်အရာရှိချုပ်ဖြစ်သူ Ms. Chloe Taylor အား ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် အမှတ် (I-1) ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံစဉ် မြန်မာနိုင်ငံရှိ ဗြိတိသျှစီးပွားရေးလုပ်ငန်းများ၊ မြန်မာနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များနှင့် ဗြိတိသျှကုန်သည်ကြီးများအသင်း(မြန်မာနိုင်ငံ)မှ ဆောင်ရွက်နေသည့်လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

စစ်တွေ စက်တင်ဘာ ၁၃

ပဉ္စမအကြိမ်မြောက် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုတွင်းဝန်ကြီး ဦးကျော်လွင်က လူကုန်ကူးမှုပြဿနာသည် ကမ္ဘာ့နိုင်ငံများကို စိန်ခေါ်နေသော ပြဿနာတစ်ခုဖြစ်ပြီး လူသားချင်းစာနာမှုကင်းမဲ့စွာဖြင့် လူကိုကုန်ပစ္စည်းသဖွယ် ရောင်းဝယ်ဖောက်ကားနေသည့် လုပ်ရပ်တစ်ခုဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်တွင်လည်း ၂၀၁၆ ခုနှစ်မှ ၂၀၁၇ ခုနှစ် ဩဂုတ်လအထိ လူကုန်ကူးမှု ၁၆ မှုဖြစ်ပွားခဲ့ကြောင်း၊ လူကုန်ကူးသူတရားခံ ၄၃ ဦးကို အရေးယူဆောင်ရွက်နိုင်ခဲ့ပြီး လူကုန်ကူးခံရသူ ၂၉ ဦးကို မိသားစုနှင့် ပြန်လည်ပေါင်းစည်းဆောင်ရွက်ပေးကာ လူမှုရေးထောက်ပံ့ငွေကျပ် ၁၀၄ သိန်းကို လူကုန်ကူးမှု တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ အစီအစဉ်ဖြင့် ထောက်ပံ့ပေးနိုင်ခဲ့ပါကြောင်း၊ လူကုန်ကူးမှုတိုက်ဖျက်ရေးကို မြန်မာနိုင်ငံရဲတပ်ဖွဲ့တစ်ခုတည်းဖြင့် ဆောင်ရွက်၍ မရနိုင်ပါကြောင်း၊ ဌာနဆိုင်ရာများ၊ ပြည်သူလူထုများက ပါဝင်ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုအစိုးရအဖွဲ့က လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို ရခိုင်ပြည်နယ် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်မောင်ဆွေက ဖတ်ကြားပြီး စစ်တွေခရိုင်ဥပဒေအရာရှိ ဦးကျော်မောင်က လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပါ ပြစ်မှု/ပြစ်ဒဏ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ပန်းချီ၊ ကာတွန်းနှင့် ပိုစတာပြိုင်ပွဲများတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြပြီး ပဉ္စမအကြိမ်မြောက် မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေး ဗီဒီယိုမှတ်တမ်းကို ပြသခဲ့သည်။

ထို့နောက် တက်ရောက်လာကြသူများက လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပြခန်းကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

တင်ထွန်း(ပြန်/ဆက်)

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် မြန်မာ့ဒီမိုကရေစီပွဲတော်များကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်

နေပြည်တော် စက်တင်ဘာ ၁၃

ပြန်ကြားရေးဝန်ကြီးဌာနသည် နိုင်ငံနှင့် လူမျိုးများ၏ ကိုယ်ကျင့်တရားနှင့် ဂုဏ်သိက္ခာ မြင့်မားစေရန်နှင့် ဒီမိုကရေစီလမ်းကြောင်းများကို လျှောက်လှမ်းရာတွင် ခံယူလုပ်ဆောင်ရမည့် ဒီမိုကရေစီကျင့်စဉ်နှင့် စိတ်ထားများ တိုးပွားရင့်သန်စေရေး အထောက်အပံ့ဖြစ်စေရန်အတွက် ရည်ရွယ်ပြီး စက်တင်ဘာ ၁၅ ရက်မှ ၂၁ ရက်အထိ မြန်မာ့ဒီမိုကရေစီပွဲတော်များကို မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့ဒီမိုကရေစီပွဲတော်များအဖြစ် ရုပ်ရှင်ပြပွဲ၊ အငြိမ့်ပြိုင်ပွဲနှင့် ပဒေသာကပွဲ(ရုပ်ရှင်၊ ဂီတ၊ သဘင်)များကို ကျင်းပသွားမည်ဖြစ်ပြီး ရုပ်ရှင်ပြပွဲတွင် သရာစောထိ၊ ဒီမိုရပ်ကွက်၊ တိမ်ပြာသောနေ့၊ နေခြည်မှာရွှေရည်လောင်းနှင့် ကြီးမြတ်သော မြန်မာ ဇာတ်ကားများကို စက်တင်ဘာ ၁၅ ရက်မှ ၂၁ ရက်အထိ ရုပ်ရှင်ပွဲချိန်များအတိုင်း သတ်မှတ်ရုပ်ရှင်ရုံများတွင်လည်းကောင်း၊ ရုပ်ရှင်၊ ဂီတနှင့် သဘင်နယ်ပယ်များမှ နိုင်ငံကျော်အနုပညာရှင်များ ပါဝင်ဖျော်ဖြေမည့် ပဒေသာကပွဲ (ရုပ်ရှင်၊ ဂီတ၊ သဘင်)ကို စက်တင်ဘာ ၁၈ ရက် မှ ၁၉ ရက်အထိ ည ၇ နာရီတွင် အမျိုးသားဇာတ်ရုံ၌ လည်းကောင်း၊ အငြိမ့်ပြိုင်ပွဲတွင် ခေတ်သစ်ကြေးမုံ၊ လူငယ်စတား၊ ရွှေညာမြေရဲ့ကြယ်ပွင့်များ၊ ဖူးသစ်ကြယ်စင်၊ ဇွဲ၊ မန်းစတား၊ စကားဝါမြေနှင့် မော်ဒယ်လ်ဟား အငြိမ့်အဖွဲ့များ၏ ဗိုလ်လုပွဲယှဉ်ပြိုင်မှုများကို စက်တင်ဘာ ၂၀ ရက်မှ ၂၁ ရက်အထိ ညနေ ၆ နာရီတွင် အမျိုးသားဇာတ်ရုံ၌လည်းကောင်း အသီးသီးကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

○ *ကျောဖုံးမှ*

ဒုတိယပိုင်းတွင် မြန်မာအသင်း ချေပဂိုးရရန် ကြိုးပမ်းလာသော်လည်း ဗီယက်နမ်နောက်တန်းကို မကျော်နိုင်၍ မိနစ် ၇၀ အထိ ထိရောက်သည့် ဂိုးသွင်းခွင့်မရခဲ့ပေ။ ၇၃ မိနစ်တွင် ဗီယက်နမ် ဂိုးဧရိယာစည်းထိပ်၌ မြန်မာအသင်း ပြစ်ဒဏ်ဘောကန်ခွင့်ရခဲ့ပြီး မြတ်ကောင်းခန့်က ကန်သွင်းခဲ့ခြင်းဖြစ်သည်။ ဂိုးရပြီးနောက်ပိုင်းတွင် မြန်မာအသင်း စိတ်ဓာတ်ပိုတက်သွားခဲ့ပြီး အနိုင်ဂိုးရရန် ဆက်တိုက်ဖိအားပေးလာသည်။ ၈၆ မိနစ်တွင် မြန်မာအသင်း အနိုင်ဂိုးရခဲ့ပြီး ထောင့်ကန်ဘောမှ ပြန်လျှံကျလာသော ဘောလုံးကို လွင်မိုးအောင်က ပိတ်သွင်းယူခဲ့ခြင်းဖြစ်သည်။

အုပ်စု(ခ)ပွဲစဉ်များအပြီးတွင် အင်ဒိုနီးရှား၊ မြန်မာနှင့် ဗီယက်နမ်အသင်းတို့ ကိုးမှတ်စီရရှိခဲ့ပြီး ဂိုးကွာခြားချက်အသာဖြင့် အင်ဒိုနီးရှားအသင်းက ပထမနေရာရရှိခဲ့သည်။ မြန်မာအသင်းနှင့် ဗီယက်နမ်အသင်းသည် ရမှတ်၊ ဂိုးကွာခြားချက်၊ သွင်းဂိုး၊ ပေးဂိုး အားလုံးတူညီခဲ့သော်လည်း ထိပ်တိုက်တွေ့ဆုံမှုတွင် မြန်မာအသင်းက အနိုင်ရခဲ့သောကြောင့် အုပ်စုဒုတိယ ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

ဆီမီးဖိုင်နယ်ပွဲစဉ်များကို စက်တင်ဘာ ၁၅ ရက်တွင် ကျင်းပမည်ဖြစ်ပြီး အင်ဒိုနီးရှားနှင့် ထိုင်း၊ မြန်မာနှင့် မလေးရှားတို့ တွေ့ဆုံမည်ဖြစ်သည်။

တနင်္သာရီတိုင်းဒေသကြီးတွင် မိုးပိုလာနိုင်

နေပြည်တော် စက်တင်ဘာ ၁၃

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် မိုးပိုလာနိုင်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားနည်းနေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်တွင် လေးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။

(မိုး/ဇလ)

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ဘားအံမြို့ရှိ အဆင့်မြင့်ပညာကဏ္ဍနှင့် အခြေခံပညာကဏ္ဍတို့မှ ပညာရေးမိသားစုများနှင့်တွေ့ဆုံ

ဘားအံ စက်တင်ဘာ ၁၃

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးသည် စက်တင်ဘာ ၁၀ ရက် နံနက် ၉ နာရီက ကရင်ပြည်နယ် ဘားအံမြို့ ကွန်ပျူတာတက္ကသိုလ်(ဘားအံ)၌ အဆင့်မြင့်ပညာကဏ္ဍအောက်ရှိ ကွန်ပျူတာတက္ကသိုလ်(ဘားအံ)နှင့် နည်းပညာတက္ကသိုလ်(ဘားအံ)များမှ ပါမောက္ခချုပ်များ၊ ပါမောက္ခ(ဌာနမှူး)များ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အဆင့်မြင့်ပညာကဏ္ဍ အရည်အသွေးမြှင့်တင်ရေး ဆောင်ရွက်ရာတွင် အင်္ဂလိပ်စာနှင့် အိုင်စီတီဘာသာရပ်များတွင်ပါ ကျွမ်းကျင်စွာတတ်မြောက်ရန်လိုအပ်ပြီး သုတေသနလုပ်ငန်းများပြုလုပ်ခြင်း၊ စာတမ်းဖတ်ပွဲများ ကျင်းပခြင်း၊ ပြည်တွင်းနှင့် နိုင်ငံတကာ သုတေသနဂျာနယ်များတွင် စာတမ်းရေးသားခြင်းများဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ဆရာ ဆရာမများအနေဖြင့် သုတေသနလုပ်ငန်းများမှရရှိလာသော ရလဒ်များဖြင့် သုတေသနစာတမ်းများပြုစုရန်၊ သုတေသနစာတမ်းများဖတ်ကြားပြီး ဝိုင်းဝန်းအကြံပြုမှသာလျှင် လက်တွေ့ကျပြီး ပိုမိုကောင်းမွန်သော စာတမ်းများရရှိလာမည်ဖြစ်ပါကြောင်း၊ သို့မှသာ လက်တွေ့နယ်ပယ်နှင့် နီးစပ်သော ဘာသာရပ်များအား ကျောင်းသားကျောင်းသူများကို အကျိုးရှိထိရောက်နက်နဲစွာ သင်ကြားပေးနိုင်မည်ဖြစ်ပါကြောင်း၊ တက္ကသိုလ်၏အရည်အသွေးမြင့်မားရေး Deep Learning သင်ကြားပေးနိုင်ရန် ဆရာ ဆရာမများ၊ အရည်အသွေးပြည့်မီရန် အရေးကြီးပါကြောင်း ပြောကြားသည်။

ထို့နောက် ဆရာ ဆရာမများက သုတေသနစာတမ်းရေးသားခြင်းကိစ္စရပ်များ၊ ဆရာ ဆရာမများ အပြောင်းအရွှေ့ကိစ္စရပ်များ၊ ရာထူးတိုးကိစ္စရပ်များ၊ နိုင်ငံခြားပညာတော်သင်ကိစ္စနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်တာဝန်ရှိသူများသည် မွန်းလွဲပိုင်းတွင် ဘားအံတက္ကသိုလ်သို့ သွားရောက်ပြီး အဆိုပါတက္ကသိုလ်မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ(ဌာနမှူး)များ၊ ဆရာ ဆရာမများ၊ စီမံခန့်ခွဲမှုဆိုင်ရာ အရာထမ်း၊ အမှုထမ်းများနှင့်လည်းကောင်း၊ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း (ဘားအံ) သို့သွားရောက်ပြီး ပြည်နယ်ပညာရေးမှူး၊ ခရိုင်ပညာရေးမှူးများ၊ မြို့နယ်ပညာရေးမှူးများ၊ အခြေခံပညာ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများနှင့်လည်းကောင်း တွေ့ဆုံကာ လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နည်းပညာတက္ကသိုလ် (ဘားအံ) သို့ သွားရောက်ပြီး သိပ္ပံလက်တွေ့ခန်းများအားလည်းကောင်း၊ အစိုးရနည်းပညာအထက်တန်းကျောင်း (ဘားအံ) သို့သွားရောက်ပြီး ကျောင်းအတွင်းရှိ လက်တွေ့သင်တန်းခန်းများအားလည်းကောင်း လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များနှင့် တွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၁၃

တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်သည် စစ်ကိုင်းတိုင်းဒေသကြီး ချင်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးလာလ်ထောင်ထန်းနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်တို့နှင့်အတူ စက်တင်ဘာ ၁၁ ရက်က မုံရွာမြို့ ရုံးကြီးလမ်း ရုံးကြီးရပ်ကွက်တွင် စစ်ကိုင်းတိုင်းဒေသကြီး ဦးစီးဌာနရုံး ယာယီဖွင့်လှစ်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့်တွေ့ဆုံကာ လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ မုံရွာမြို့ ချမ်းမြဝတီရပ်ကွက်ရှိ စစ်ကိုင်းတိုင်းဒေသကြီး ဦးစီးဌာနရုံး အဆောက်အအုံဆောက်လုပ်ရန်လျာထားသည့် မြေနေရာအား ကြည့်ရှုစစ်ဆေးခဲ့ရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ပြည်ထောင်စုဝန်ကြီးသည် စက်တင်ဘာ ၁၂ ရက်တွင် မန္တလေးတိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းကျော်ဇောနှင့်အတူ မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် (၆၃) လမ်း သိပ္ပံလမ်းနှင့် ချယ်ရီလမ်းကြားရှိ မန္တလေးတိုင်းဒေသကြီး ဦးစီးဌာနရုံးတွင် မန္တလေးမြို့ရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များက ကိုယ်စားလှယ်များနှင့်တွေ့ဆုံသည်။

တွေ့ဆုံစဉ် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု ထိန်းသိမ်းမြှင့်တင်ရေး၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များကို အသင်းအဖွဲ့ဖွဲ့စည်းမှုဆိုင်ရာ ဥပဒေနှင့်အညီ မှတ်ပုံတင်နိုင်ရေး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားများတွင် တိုင်းရင်းသားအမည်အမှန်ဖြစ်စေရန် ပြင်ဆင်ပေးနိုင်ရေး၊ တိုင်းရင်းသားရေးရာကိစ္စလုပ်ငန်း ဆောင်ရွက်မှုများ ဆောင်ရွက်နိုင်ရန် ရုံးနေရာ သတ်မှတ်ပေးနိုင်ရေးနှင့်ပတ်သက်၍ တက်ရောက်လာသူများက ဆွေးနွေးတင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးတို့က လိုအပ်သည်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ထွန်းဖောင်ဒေးရှင်းစာပေဆုအတွက် စာမူများဖိတ်ခေါ်

ရန်ကုန် စက်တင်ဘာ ၁၃

ထွန်းဖောင်ဒေးရှင်းသည် မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေးကိုရှေးရှု၍ စာပေပညာရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်များပါဝင်သော ထွန်းဖောင်ဒေးရှင်းစာပေဆုရွေးချယ်ရေးကော်မတီကို ဖွဲ့စည်းကာ ဘာသာရပ် ၁၂ မျိုးခွဲခြားပြီး စာပေဆုများကို နှစ်စဉ် ထိုက်ထိုက်တန်တန်ချီးမြှင့်ပေးလျက်ရှိသည်။

ထွန်းဖောင်ဒေးရှင်းစာပေဆုအတွက် အကျုံးဝင်သော ဘာသာရပ်များမှာ စီးပွားရေး၊ သမိုင်း၊ အတ္ထုပ္ပတ္တိ၊ ကျန်းမာရေးကလေးစာပေ၊ လူငယ်စာပေ၊ ယဉ်ကျေးမှု၊ ရှေးဟောင်းကျမ်း၊ ရည်ညွှန်းကျမ်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ စာပဒေသာနှင့် သုတပဒေသာတို့ဖြစ်ပြီး (အင်္ဂလိပ်၊ မြန်မာ)နှစ်သက်ရာဘာသာဖြင့် ရေးသားတင်သွင်းနိုင်သည်။

အဆိုပါစာပေဆုအတွက် အထက်ပါဘာသာရပ်များနှင့် အကျုံးဝင်သော ၂၀၁၆ ခုနှစ်အတွင်း ပထမအကြိမ်ထုတ် စာအုပ်နှစ်အုပ်နှင့် စာမူဆုအတွက် ကိုယ်တိုင်ရေးသားပြုစုထားသော စာမူနှစ်စုံ(လက်နှိပ်စက်၊ ကွန်ပျူတာဖြင့်)ကို စာရေးသူ၏ ကိုယ်ရေးအကျဉ်း၊ ဓာတ်ပုံနှစ်ပုံတို့ဖြင့် ထွန်းဖောင်ဒေးရှင်းစာပေဆုကော်မတီ အမှတ်(၂၃/၂၄)ဗဟိုရိစည်အိမ်ရာ ဗိုလ်ချုပ်အောင်ဆန်းလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉-၇၃၁၀၄၄၈၇ သို့ ၂၀၁၇ ခုနှစ် စက်တင်ဘာ ၃၀ ရက်နောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် စက်တင်ဘာ ၁၃

မကွေးတိုင်းဒေသကြီးတွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

(မိုး/၉လ)

တိုင်းရင်းဆေးပညာဦးစီးဌာနအနေဖြင့် တိုင်းရင်းဆေးဝါးများနှင့်ပတ်သက်၍ ဈေးကွက်ဆေးဝါးစစ်ဆေးခြင်းများ ပြုလုပ်လျက်ရှိ

နေပြည်တော် စက်တင်ဘာ ၁၃

ယခုနှစ်အတွင်း ဈေးကွက်တွင် ရောင်းချနေသော တိုင်းရင်းဆေးဝါးများကို ဈေးကွက်ဆေးဝါးစစ်ဆေးချက်အရ အများပြည်သူသုံးစွဲရန်မသင့်သည့် ဆေးဝါး ၆၃ မျိုးအား နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့် ထုတ်ပြန်ခဲ့ပြီး စက်တင်ဘာ ၁၁ ရက်အထိ တိုင်းရင်းဆေးဝါးမှတ်ပုံတင် စုစုပေါင်း ၁၃၆၂၃ မျိုးနှင့် တိုင်းရင်းဆေးဝါး ထုတ်လုပ်ခွင့်လိုင်စင် ၂၉၁၆ ခုအား ခွင့်ပြုထားရှိပြီးဖြစ်ကြောင်း တိုင်းရင်းဆေးပညာဦးစီးဌာနမှ သိရသည်။

တိုင်းရင်းဆေးဝါးများကို ဈေးကွက်တွင် ထုတ်လုပ်ဖြန့်ဖြူးရောင်းချမည်ဆိုပါက တိုင်းရင်းဆေးဝါးမှတ်ပုံတင်လျှောက်ထားရမည်ဖြစ်ပြီး ထိုသို့လျှောက်ထားရာတွင် လျှောက်လွှာနှင့်အတူ တင်ပြလာသည့် တိုင်းရင်းဆေးဝါး၏ တံဆိပ်ပတ်၊ ဘူးပတ်၊ ဘူးချိုးတို့တွင် သတ်မှတ်ထားသောဆေး၏ အမှတ်တံဆိပ်၊ ဆေး၏ အမည်၊ ဆေးတစ်ဖုံတွင် ပါဝင်သော ဆေးပစ္စည်းများ၊ သုံးစွဲနိုင်သောရောဂါများ၊ သုံးစွဲရန်ဆေးပမာဏ၊ သက်တမ်းကုန်ဆုံးမည့် လ၊ နှစ် တို့ဖော်ပြထားသည့် တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် (TMR 000000) (MMYY)၊ ထုတ်လုပ်ရက်(MfdMM/YY(or) MFD MM/YY)၊ ကုန်ဆုံးရက် (Exp MM/YY (or) EXP MM/YY)၊ ထုတ်လုပ်မှုအပတ်စဉ် (Lot 000/ Lot No 000 (or) LOT 000/ LOT NO 000)နှင့် ပင်ရင်းစသည့် အချက် ၁၀ ချက်ပါဝင်မှု ရှိ၊ မရှိကို တိုင်းရင်းဆေးပညာဦးစီးဌာနမှ စိစစ်လျက်ရှိကြောင်း သိရသည်။

အဆိုပါဦးစီးဌာနမှ တိုင်းရင်းဆေးဝါးမှတ်ပုံတင်ခွင့်ပြုပါက ခွင့်ပြုပြီး သုံးလအတွင်း အဆိုပါတိုင်းရင်းဆေးဝါးအား ထုတ်လုပ်ဖြန့်ဖြူးရောင်းချနိုင်ရန်အတွက် တိုင်းရင်းဆေးဝါးထုတ်လုပ်ခွင့်လိုင်စင်ကို လျှောက်ထားရမည်ဖြစ်ကာ ထိုသို့လျှောက်ထားမှုအပေါ် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် တိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီကထုတ်လုပ်သော လုပ်ငန်းအားစစ်ဆေးပြီး စစ်ဆေးမှုမှတ်တမ်းနှင့်အတူ ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီသို့တင်ပြ၍ စိစစ်ခွင့်ပြုပါက သက်တမ်းသုံးနှစ်ဖြင့် ထုတ်လုပ်ခွင့်လိုင်စင်ရရှိမည်ဖြစ်ကြောင်း သိရသည်။

မှတ်ပုံတင်ခွင့်ပြုထားခြင်းမရှိသည့်ဆေးဝါး၊ ထုတ်လုပ်ခွင့် လိုင်စင်ခွင့်ပြုခြင်းမရှိသည့် ဆေးဝါး၊ မူလမှတ်ပုံတင်ခွင့်ပြုစဉ်နှင့် ဈေးကွက်မှ စစ်ဆေးချက်အရ ကွာခြားမှုများရှိနေသည့် ဆေးဝါး၊ သုံးစွဲရန်မသင့်သည့် ဆေးဝါးများကို စိစစ်တွေ့ရှိရပါက မူလပိုင်ရှင်ကို ခေါ်ယူ သတိပေးခြင်း၊ ခံဝန်ကတိလက်မှတ်ရေးထိုးစေခြင်း၊ ဈေးကွက်အတွင်းမှ ဆေးဝါးများအား ပြန်လည်ရုပ်သိမ်းစေခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် အများပြည်သူသုံးစွဲရန်မသင့်၍ နိုင်ငံပိုင်သတင်းစာတွင် ထုတ်ပြန်ထားသည့် ဆေးဝါးများကို ၃ လပြည့်မြောက်သည့်အခါ သက်ဆိုင်ရာဈေးကွက်အတွင်း ဆက်လက်ရောင်းချနေခြင်းရှိ၊ မရှိပြန်လည်စိစစ်၍ ရောင်းချနေခြင်းအား ထပ်မံစစ်ဆေးတွေ့ရှိရပါက တိုင်းရင်းဆေးဝါးဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း လေးကြိမ် အရေးယူဆောင်ရွက်ခဲ့ရကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။

တိုင်းရင်းဆေးပညာဦးစီးဌာနအနေဖြင့် ပြည်သူများ ဘေးဥပဒ်ကင်းစေရန် တိုင်းရင်းဆေးဝါးများနှင့်ပတ်သက်၍ ဈေးကွက်ဆေးဝါးစစ်ဆေးခြင်းများ ဆက်လက်ပြုလုပ်ကာ ဥပဒေနှင့်မညီညွတ်သည့် တိုင်းရင်းဆေးဝါးများအား စစ်ဆေးတွေ့ရှိရပါက အများပြည်သူ သုံးစွဲရန်မသင့်ကြောင်း ဆက်လက်ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

တိုင်းရင်းဆေးဝါးဥပဒေကို ၁၉၉၆ ခုနှစ်တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၇/၉၆ ဖြင့် ပြဋ္ဌာန်းခဲ့ကြောင်း သိရှိရသည်။

ရှင်မင်း

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ရာသီတုပ်ကွေးရောဂါ (Seasonal Influenza A(H1N1)pdm09) ရောဂါဖြစ်ပွားမှု၊ သေဆုံးမှု ကျဆင်းလာသည့်အခြေအနေအပေါ် ဒုတိယအကြိမ်သုံးသပ်ချက်

ယမန်နေ့မှအဆက်

သို့သော် ရာသီတုပ်ကွေးရောဂါသည် အထူးသဖြင့် အသက် (၅) နှစ်အောက် ကလေးများ၊ အသက်(၆၅) နှစ်အထက် အသက်ကြီးသူများ၊ ကိုယ်ဝန်ဆောင်များ၊ ဆီးချိုရောဂါအစ ရှိသည့် နာတာရှည်ရောဂါ ရှိသူများ၊ ကိုယ်ခံအားကျဆင်းသူများတွင် ရောဂါပိုမိုပြင်းထန်တတ်ကာ အသက်သေဆုံးနိုင်ကြောင်း သုတေသနအချက်အလက်များအရ တွေ့ရှိရပြီး အသက်အုပ်စုအလိုက် ရာသီတုပ်ကွေးရောဂါ (Seasonal Influenza A(H1N1)pdm09) ဖြစ်ပွားမှုအခြေအနေအရ အသက် (၁၃)နှစ်မှ (၆၅)နှစ်အကြားလူများတွင် ပိုမိုဖြစ်ပွားခဲ့ကြောင်း တွေ့ရှိရပါသည်။

၃။ ရာသီတုပ်ကွေးရောဂါ (Seasonal Influenza A(H1N1)pdm09) ဖြစ်ပွားမှုကို အောင်မြင်စွာတုံ့ပြန်ဆောင်ရွက်နိုင်ခဲ့သည့် အကြောင်းရင်းများ

ယခုဖြစ်စဉ်အား ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနရှိ ပြည်သူ့ကျန်းမာရေး ပညာရှင်များ၊ ကပ်ရောဂါဗေဒပညာရှင်များ၊ ကုသရေးကျွမ်းကျင်ဆရာဝန်ကြီးများ၊ အုပ်ချုပ်မှုပိုင်းဆိုင်ရာမှ တာဝန်ရှိပုဂ္ဂိုလ်များ ညှိနှိုင်းပေါင်းစပ်၍ ဗဟိုအဆင့်အကြံပေးအဖွဲ့၊ ရောဂါထိန်းချုပ်ရေးကော်မတီ (Containment of Influenza A(H1N1)pdm09 Scenario Committee) နှင့် လုပ်ငန်းဆောင်ရွက်မှု ဆပ်ကော်မတီရှစ်ခု ဖွဲ့စည်းပြီး ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအား အနီးကပ်ကြီးကြပ်၍ နေ့စဉ်ရောဂါဖြစ်ပွားမှု အခြေအနေပေါ်သုံးသပ်၍ အချိန်နှင့်တစ်ပြေးညီတုံ့ပြန်နိုင်ခဲ့ရာ ရောဂါဖြစ်ပွားမှုအား အချိန်တိုကာလအတွင်း ထိန်းချုပ်နိုင်ခဲ့ကြောင်း တွေ့ရှိရပါသည်။

ပြည်သူလူထုအခြေပြုနှင့် ကျန်းမာရေးဌာန အခြေပြု ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း (Surveillance) လုပ်ငန်းများအား ဆောင်ရွက်ရာတွင် ဗဟိုအဆင့်၊ အမျိုးသားဓာတ်ခွဲမှုဆိုင်ရာ ဗဟိုဌာနနှင့် တိုင်းဒေသကြီး/ပြည်နယ်များချိတ်ဆက်၍ သတင်းပေးပို့ခြင်း၊ ရယူခြင်းလုပ်ငန်းများ (Line of Communication) အား ပြည်သူ့ကျန်းမာရေး အရေးပေါ်စီမံခန့်ခွဲရေးဗဟိုဌာန (Public Health Emergency Operations Center - PHEOC) ဖွင့်လှစ်ဆောင်ရွက်နိုင်ခဲ့သဖြင့် ရောဂါဖြစ်ပွားမှုအား ဖြစ်ပွားရာနေရာ၌ အချိန်မီထိန်းချုပ်ခြင်း (Containment at Source) အတွက် တုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့ (Rapid Response Team) များ ဖွဲ့စည်းပြီး ပိုးတွေ့လူနာများ နေထိုင်ရာ ရပ်ကွက်/ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်ခဲ့ရာ လူနာမှတစ်ဆင့် ထပ်ဆင့်ကူးစက်မှု Secondary Attack Rate အား ထိရောက်စွာ လျှော့ချနိုင်ခဲ့ကြောင်း သုံးသပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များ အနီးကပ်ပံ့ပိုးမှုဖြင့် ပြည်သူလူထုအား အသိပညာပေးခြင်း (Public Education)နှင့် ဖြစ်နိုင်ခြေအပေါ်မူတည်၍ ဆက်သွယ်ဆောင်ရွက်ခြင်း (Risk Communication) လုပ်ငန်းများအတွက် သတင်းမီဒီယာများ၊ ဝန်ကြီးဌာန Website (www.mohs.gov.mm) နှင့် Myanmar CDC Facebook page (www. facebook. com/ Myanmar CDC) တို့တွင် အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်ဖော်ပြခြင်း၊ ကျန်းမာရေးအသိပညာပေးဆွေးနွေးပွဲများ ဆောင်ရွက်ခြင်း၊ ဗီနိုင်း၊ ပိုစတာနှင့် လက်ကမ်းစာစောင်များ၊ စတစ်ကာများအား မြန်မာဘာသာဖြင့်သာမက တိုင်းရင်းသားဘာသာများဖြင့် ဖြန့်ဝေခြင်း၊ မီဒီယာများမှလည်း နေ့စဉ်ပြည်သူလူထုအား မှန်ကန်တိကျသည့် သတင်းများ ထုတ်ပြန်ခြင်းတို့ဖြင့် ပြည်သူလူထု၏အသိပညာအား မြှင့်တင်နိုင်ခဲ့ကြောင်း တွေ့ရှိရပါသည်။

ထိရောက်သော ကုသမှုပေးနိုင်ရေးအတွက် ဝေဘာဂီ အထူးကုဆေးရုံကြီး အပါအဝင် အခြားပြည်သူ့ဆေးရုံများတွင် စီစဉ်ဆောင်ရွက်ခြင်း၊ လူနာနှင့်အနီးကပ်ထိတွေ့သည့် ကျန်းမာရေးဝန်ထမ်းများအား ကာကွယ်ဆေးထိုးခြင်း၊ လိုအပ်သော ဆေးပစ္စည်းများ ထောက်ပံ့ခြင်းကို စီမံခန့်ခွဲခြင်း (Logistics Management) တို့အား ဆောင်ရွက်နိုင်ခဲ့ရာ လူနာများအား ထိရောက်သော ကုသမှုပေးနိုင်သဖြင့် သေဆုံးမှုနှုန်းနည်းပါးစေ

ပုံ - ၅ (၂၁-၇-၂၀၁၇) ရက်နေ့မှ (၁၁-၉-၂၀၁၇) ရက်နေ့အထိ ရာသီတုပ်ကွေးရောဂါ (Seasonal Influenza A(H1N1) pdm09) အသက်အုပ်စုအလိုက်ဖြစ်ပွားမှု အခြေအနေ (n=၃၉၈)



Data source: Central Epidemiology Unit and National Health Laboratory (Yangon)

ရန်နှင့် ကျန်းမာရေးဝန်ထမ်းများအား ရောဂါကူးစက်ခြင်း နည်းပါးစေရန်ဆောင်ရွက်နိုင်ခဲ့ပါသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ တူရကီနိုင်ငံ အပါအဝင်နိုင်ငံများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အပါအဝင် နီးနွယ်ဌာနအဖွဲ့အစည်းများ၊ ပြည်တွင်းအလှူရှင်များမှလည်း လိုအပ်သော ဆေးနှင့်ဆေးပစ္စည်းများ၊ ကာကွယ်ဆေး၊ ရောဂါကာကွယ်ရေးဝတ်စုံနှင့် ပစ္စည်းများ အစရှိသည်တို့အား လှူဒါန်းခဲ့ခြင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ရန်ပုံငွေအသုံးပြု ဝယ်ယူဖြည့်တင်းခြင်းတို့ ဆောင်ရွက်ခဲ့ရာ All Sector Coordination အဖြစ်ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ပါသည်။

၄။ ရာသီတုပ်ကွေးရောဂါ (Seasonal Influenza A(H1N1)pdm09) ဖြစ်ပွားမှုအပေါ် ခြုံငုံသုံးသပ်ချက်

လတ်တလောပြင်းထန် အသက်ရှူလမ်းကြောင်းရောဂါလူနာများတွင် သေဆုံးမှုနှုန်း (Case fatality rate among Severe Acute Respiratory Infections - SARI)နှင့် ရက်အလိုက် လတ်တလော ပြင်းထန်အသက်ရှူလမ်းကြောင်းရောဂါဖြင့် ဆေးရုံတက်ရောက်မှုနှုန်း (Case hospitalization rate) တို့အရလည်းကောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ကြိုတင်ခန့်မှန်းထားသည့် ပြင်းထန်ရောဂါဖြစ်ပွားသူများတွင် သေဆုံးမှုနှုန်း ၁၀ ရာခိုင်နှုန်းရှိတတ်သည့် သဘောသဘာဝအရလည်းကောင်း မြန်မာနိုင်ငံ၌ ဖြစ်ပွားခဲ့သော ရာသီတုပ်ကွေးရောဂါ (Seasonal Influenza A (H1N1)pdm09) ဖြစ်ပွားမှုအခြေအနေအား ကနဦးသုံးသပ်ခဲ့သည့် အလယ်အလတ်ပြင်းထန်မှုအဆင့် (Moderate Severity) မှ အနည်းငယ်ပြင်းထန်အဆင့် (Low Severity) အဖြစ်ပြောင်းလဲ သတ်မှတ်နိုင်ခဲ့ခြင်းမှာကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ သက်ဆိုင်ရာ အစိုးရအဖွဲ့များ၊ ဌာနဆိုင်ရာများနှင့် ပြည်သူလူထု၏ တက်တက်ကြွကြွပူးပေါင်းပါဝင် ဆောင်ရွက်မှုကြောင့် ကပ်ရောဂါအဖြစ်သို့ ကူးပြောင်းရောက်ရှိခဲ့ခြင်းမရှိကြောင်း သုံးသပ်ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ရာသီတုပ်ကွေးရောဂါ ကျန်းမာရေး ပညာပေးလုပ်ငန်းများအား တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အချိန်နှင့်တစ်ပြေးညီနှိုးဆော်ခြင်း၊ နည်းလမ်းသစ်များ အသုံးပြု၍ ကျန်းမာရေးပညာပေးခြင်းတို့အား ဆောင်ရွက်ခြင်း၊ တစ်ဦးတစ်ယောက်ချင်းစီသာမက ပြည်သူလူထုအခြေပြုအဖွဲ့အစည်းများကလည်း ကြိုတင်ကာကွယ်ရေး လုပ်ငန်းများတွင် စိတ်ပါဝင်စားစွာ ဝိုင်းဝန်းကူညီဆောင်ရွက်ခြင်းတို့ကြောင့် ပြည်သူလူထုအတွင်း ရာသီတုပ်ကွေးရောဂါနှင့်ပတ်သက်၍ အသိပညာများ ပိုမိုမြင့်မားခဲ့ကြောင်း တွေ့ရှိရပါသည်။

လက်ရှိ ရောဂါဖြစ်ပွားသေဆုံးမှုအခြေအနေနှင့်ပတ်သက်၍ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်မှုကြောင့် ရောဂါဖြစ်ပွားမှုနှုန်းမှာ ထိန်းချုပ်နိုင်သည့် အခြေအနေသို့ ရောက်ရှိလာကြောင်းတွေ့ရှိရသော်လည်း ရာသီတုပ်ကွေးရောဂါမှာ နှစ်စဉ်ဖြစ်ပွားတတ်သော ရောဂါဖြစ်သဖြင့် သွေးလွန်တုပ်ကွေးရောဂါ၊ ငှက်ဖျားရောဂါစသည့် ကူးစက်ရောဂါများနည်းတူ စောင့်ကြပ်ကြည့်ရှု၍ ကာကွယ်ထိန်းချုပ်ခြင်းလုပ်ငန်းများအား နောင်နှစ်များတွင်လည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ပြည်သူလူထုအပါအဝင် ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများ၊ နိုင်ငံတကာအသိုက်အဝန်းများနှင့် ပူးပေါင်း၍ချက်ချင်း၊ ရေတိုနှင့် ရေရှည်စီမံချက်များချမှတ် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများ

ရာသီတုပ်ကွေးရောဂါ (Seasonal Influenza A(H1N1)pdm09) သည် မိုးတွင်းကာလနှင့် ဆောင်းတွင်းကာလတွင် ပိုမိုဖြစ်ပွားကူးစက်တတ်ရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အနေဖြင့် ရာသီတုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးနှင့်တုံ့ပြန်ရေးစီမံချက် (Seasonal Influenza Preparedness and Response Plan) အား ရေးဆွဲ၍ ရောဂါစောင့်ကြပ်ကြည့်ရှုရေးနှင့် တုံ့ပြန်ရေးလုပ်ငန်းများအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် တုပ်ကွေးဆန်သောရောဂါလက္ခဏာများ - Influenza like Illness (ILI) နှင့် လတ်တလောပြင်းထန် အသက်ရှူလမ်းကြောင်းရောဂါ - Severe Acute Respiratory Infections (SARI) စောင့်ကြပ်ကြည့်ရှုခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်းလုပ်ငန်းများကို Pandemic Influenza Preparedness (PIP) Framework နှင့် အပြည်ပြည်ဆိုင်ရာကျန်းမာရေး စည်းမျဉ်းများ (2005) (IHR 2005)တို့နှင့်အညီ စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ရေးအတွက် Pandemic Influenza Preparedness Strategic Plan အား ပြန်လည်သုံးသပ်ပြီး ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေး ကွင်းဆင်းဆောင်ရွက်ခြင်းဆိုင်ရာ စွမ်းရည်မြှင့်သင်တန်း (Field Epidemiology Training Program) သင်တန်းများ ဖွင့်လှစ်ပို့ချခြင်း၊ ရာသီတုပ်ကွေးရောဂါဆိုင်ရာ ဇာတ်တိုက်လေ့ကျင့်ခြင်း Simulation Exercise များ ပြုလုပ်ခြင်း၊ ပြည်သူ့ကျန်းမာရေး အရေးပေါ်စီမံခန့်ခွဲရေးဗဟိုဌာန (PHEOC) ဖွင့်လှစ်ဆောင်ရွက်ခြင်း၊ ဆေးရုံများတွင် လိုအပ်သောဆေးနှင့်ဆေးပစ္စည်းများ အဆင်သင့်ရှိစေရေးဆောင်ရွက်ခြင်း၊ ပြည်သူလူထုအတွင်း ရာသီတုပ်ကွေးရောဂါနှင့် ပတ်သက်သော ကျန်းမာရေးအသိပညာပေးလုပ်ငန်းများ နှစ်စဉ် မိုးရာသီမတိုင်မီ ကြိုတင်ဆောင်ရွက်ခြင်း၊ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနကို အဆင့်မြှင့်တင် ခြင်း၊ ပဋိဇီဝဆေးဝါးများယဉ်ပါးမှုမဖြစ်စေရေးအတွက် အရေးကြီးလုပ်ငန်းတစ်ရပ်အဖြစ် သတ်မှတ်ဆောင်ရွက်ခြင်း၊ ရာသီတုပ်ကွေးရောဂါဆိုင်ရာ သုတေသနလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၆။ နိဂုံး

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ဌာနတွင်းညှိနှိုင်းပူးပေါင်းဆောင်ရွက်မှု၊ အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာများ၊ ပြည်သူလူထု၊ သတင်းမီဒီယာများ၊ ကုမ္ပဏီအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ အစရှိသည့်တို့၏ အားလုံးတက်တက်ကြွကြွ ပူးပေါင်းပါဝင် ကူညီလက်တွဲ ဆောင်ရွက်မှုများ (Whole Society Approach) ကြောင့် ရာသီတုပ်ကွေးရောဂါ Seasonal Influenza A(H1N1)pdm09 ဖြစ်စဉ်အပေါ် ထိရောက်သော ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ပြီး နောင်နှစ်များတွင်လည်း Seasonal Influenza A(H1N1) pdm09 သာမက Seasonal Influenza A(H3N2)၊ Seasonal Influenza A(H1N1) နှင့် Seasonal Influenza B အစရှိသည့် ရာသီတုပ်ကွေးရောဂါများ ပုံမှန်ထက် ပိုမိုဖြစ်ပွားလာမှု ရှိ မရှိ စဉ်ဆက်မပြတ် ဆက်လက်စောင့်ကြပ်ကြည့်ရှုသွားမည်ဖြစ်ပြီး ရာသီတုပ်ကွေးရောဂါဆိုင်ရာ ကြိုတင်ကာကွယ်ခြင်းနှင့် တုံ့ပြန်ထိန်းချုပ်ရေးလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ထို့အပြင် အခြားကူးစက်ရောဂါများ၊ ကူးစက်မြန်ရောဂါများ၊ ပြည်သူ့ကျန်းမာရေး အရေးပေါ်ပြဿနာများပေါ်ပေါက်လာပါက ယခုဖြစ်စဉ်၏ အတွေ့အကြုံများပေါ် မူတည်၍ ကူးစက်ရောဂါဆိုင်ရာ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်စေရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ပြည်သူများအနေဖြင့်လည်း မိမိတွင်ရာသီတုပ်ကွေးရောဂါလက္ခဏာများခံစားရသည်ဟု သံသယရှိပါက နီးစပ်ရာပြည်သူ့ဆေးရုံများသို့ အချိန်မီသွားရောက် ဆေးကုသမှုခံယူရန်နှင့် မိမိထံမှအခြားသူများသို့ ရောဂါကူးစက်မှုမရှိစေရန် မိမိကိုယ်တိုင်ကစ၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော ရာသီတုပ်ကွေးရောဂါဆိုင်ရာ ကျန်းမာရေး အသိပညာပေးနှိုးဆော်ချက်များကို လိုက်နာဆောင်ရွက်သွားရန် တိုက်တွန်းအပ်ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

မိတ္ထီလာမြို့နယ်၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုသင်တန်းဖွင့်

မိတ္ထီလာ စက်တင်ဘာ ၁၃

မိတ္ထီလာမြို့နယ်၌ သဘာဝဘေးအန္တရာယ်ကျရောက်မှုကြောင့် ထိခိုက်ပျက်စီးမှုများကို လျှော့ချနိုင်ရန်၊ ရာသီဥတုဆိုးရွားလာမှုကြောင့် ထိခိုက်မှုများ၊ ဖိအားများကို လျှော့ချနိုင်ရန်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရန်အတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုသင်တန်းကို UN Habitat မှ ကြီးမှူး၍ စက်တင်ဘာ ၁၂ ရက်က မိတ္ထီလာမြို့ နဂါးရုံကျောင်းတိုက်၌ ဖွင့်လှစ်ခဲ့သည်။

သဘာဝဘေးနှင့်ပတ်သက်၍ ရပ်ရွာလူထု၏ ဗဟုသုတနှင့်စွမ်းရည်များဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ထားခြင်းဖြင့် သဘာဝဘေးကြောင့် ထိခိုက်ပျက်စီးမှုကို လျော့နည်းစေရန် ရည်ရွယ်၍ သင်တန်းကို ဖွင့်လှစ်ခြင်းဖြစ်ကာ သင်တန်းကာလမှာ စက်တင်ဘာ ၁၂ ရက်မှ ၁၅ ရက်အထိ ဖြစ်သည်။ အဆိုပါသင်တန်းသို့ ဌာနဆိုင်ရာများ၊ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများ စုစုပေါင်း သင်တန်းသား ၃၅ ဦး တက်ရောက်ခဲ့သည်။

သင်တန်းတွင် ရာသီဥတုဆိုးရွားလာမှုနှင့် ဘေးအန္တရာယ်ကို တုံ့ပြန်ဆောင်ရွက်ရာတွင် အစိုးရနှင့် အစိုးရ မဟုတ်သော အဖွဲ့အစည်းများ၊ ပုဂ္ဂလိက ကဏ္ဍများအကြား ပိုမိုကောင်းမွန်သော အချိတ်အဆက်ရှိစေရေး၊ ရပ်ရွာလူထု၏ ဘေးဒဏ်ခံနိုင်စွမ်း အားကောင်းလာစေရန်နှင့် အလားအလာရှိသော သဘာဝဘေးများ၏ သဘောတရားများကို နားလည်စေရန်၊ စနစ်ကျသော ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းစဉ်များ လုပ်ဆောင်နိုင်ရန်၊ အဖွဲ့အစည်းများနှင့် ချိတ်ဆက်မှု၊ မိုးလေဝသနှင့် ရာသီဥတုဆိုင်ရာအချက်အလက်များအတွက် မှန်ကန်သည့်သတင်းများ ရရှိခြင်း၊ ဘေးဒဏ်ခံနိုင်ရည်စွမ်းဆိုင်ရာ အသိပညာပေးခြင်း၊ လိုက်လျောညီထွေစွာ နေထိုင်ရေး ဆိုင်ရာ နည်းလမ်းများ စသည်တို့ကို ပို့ချမည်ဖြစ်ကြောင်း UN Habitat မှ တာဝန်ရှိသူက ပြောသည်။ **သိန်းမြင့်ကျော်(မိတ္ထီလာ)**

ရခိုင်ပြည်နယ်ဖြစ်စဉ်နှင့်ပတ်သက်၍ စာတမ်းဖတ်ပွဲကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၃
ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန သုတေသနနှင့် သတင်းအချက်အလက်ဌာနခွဲမှ ရခိုင်ပြည်နယ်ဖြစ်စဉ်နှင့်ပတ်သက်၍ စာတမ်းဖတ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**(ယာပုံ)**

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ရခိုင်ပြည်နယ် အရေးကိစ္စသည် လတ်တလောတွင် အများစိတ်ဝင်စားနေသည့် အကြောင်းအရာဖြစ်ပါကြောင်း၊ ကျယ်ကျယ်ပြန့်ပြန့်လည်း သိသင့်သိထိုက်သည့် အကြောင်းအရာလည်း ဖြစ်သည့်အတွက် ရွေးချယ်သုတေသနပြု၍ စာတမ်းဖတ်ခြင်းဖြစ်ပါကြောင်း၊ ဌာနနှင့် ဝန်ထမ်းအသီးသီးတွင် တိုးတက်မှုရှိစေရန် ရည်ရွယ်ချက်ဖြင့် စာတမ်းဖတ်ပွဲကျင်းပရခြင်း ဖြစ်ပါကြောင်း၊ စာတမ်းဖတ်ပွဲကို နားထောင်ခြင်းဖြင့် ယနေ့ဖြစ်နေသည့် ပြဿနာများကို ယခင်ကထက် ပိုမိုသိရှိနားလည်နိုင်သည့် အခွင့်အရေးရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကြွယ် ကသဘာပတိအဖြစ် ဆောင်ရွက်၍ စာတမ်းဖတ်ကြားမည့် စာတမ်းရှင်များနှင့် မိတ်ဆက်ပေးသည်။

ယင်းနောက် မြန်မာပြည်အနောက်ခြမ်း ရခိုင်အရေး အပိုင်း(၁) စာတမ်းအား သုတေသနနှင့် သတင်းအချက်အလက်ဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးကျော်ဇင်စိုးနှင့် အပိုင်း(၂) စာတမ်းအား လက်ထောက်ညွှန်ကြားရေးမှူး ဦးတက်ထွန်းတိုးတို့က ဖတ်ကြားကြသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဝန်ကြီးဌာနဝန်ထမ်းများက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။

အခမ်းအနားသို့ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မျိုးမြင့်၊ သတင်းနှင့် စာနယ်ဇင်း လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်စိုးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

ရခိုင်ပြည်နယ်အတွင်း တရုတ်နှင့် မြန်မာ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုက အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်မည်

နေပြည်တော် စက်တင်ဘာ ၁၃
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးအား တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Hong Liang ဦးဆောင်သော အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံရာတွင် သံအမတ်ကြီးက ရခိုင်ပြည်နယ်သို့ ပြည်ထောင်စုဝန်ကြီး မကြာခဏသွားရောက်ပြီး ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်နေသည်ကို သတိပြုမိပါကြောင်း၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီတွင် ပြည်ထောင်စုဝန်ကြီး ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ရမည့်အတွက် ဂုဏ်ပြုပါကြောင်း၊ တာဝန်ကြီးလေးမည်ဟုယူဆပါကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် မိတ်ဆွေမြန်မာနိုင်ငံ အခက်အခဲဖြစ်ချိန် အကူအညီပေးလိုပါကြောင်း၊ ရခိုင်ပြည်နယ်အရေးကိစ္စအတွက် ကူညီရေးကို တရုတ်နိုင်ငံဘက်မှ လူမှုရေးတာဝန်အဖြစ် ယူဆပါကြောင်း၊ ယခု မိမိနှင့်အတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင် အသင်းဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းနှင့်ကျောက်ဖြူရေနက်ဆိပ်ကမ်းစီးပွားရေး စီမံကိန်းမှ တာဝန်ရှိပုဂ္ဂိုလ်များကိုပါ အတူခေါ်ဆောင်လာပါကြောင်း၊ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများအတွက် ကုမ္ပဏီကကူညီရန် ဆန္ဒရှိပါကြောင်း၊ ရခိုင်ပြည်နယ်တွင် အကြမ်းဖက်တိုက်ခိုက်ခံရမှုနှင့် စပ်လျဉ်း၍ တရုတ်နိုင်ငံ၏ ရပ်တည်ချက်မှာ ရှင်းလင်းပါကြောင်း၊ မြန်မာနိုင်ငံပြည်တွင်းရေးဟု ယူဆပါကြောင်း၊ အစိုးရ၏ အကြမ်းဖက်သမားများတိုက်ဖျက်ရေးနှင့် ပြည်သူသို့ ကူညီနိုင်ရေး ဆောင်ရွက်နေမှုအပေါ် ထောက်ခံပါကြောင်း။

ရခိုင်ပြည်နယ်ရှိ တိုင်းရင်းသားများ စည်းလုံးညီညွတ်ရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး မြန်မာအစိုးရမှ ကြိုးပမ်းဆောင်ရွက်မှုကို တရုတ်နိုင်ငံအစိုးရမှ ထောက်ခံပါကြောင်း၊ ရခိုင်ပြည်နယ် အေးချမ်းသာယာ၍ တိုးတက်ဖွံ့ဖြိုးခြင်းသည် တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံ နှစ်နိုင်ငံလုံးအတွက် အကျိုးကျေးဇူးရှိမည် ဖြစ်ပါကြောင်း၊ ယခု အကြမ်းဖက်တိုက်ခိုက်ခံရမှုကြောင့် အိုးအိမ်စွန့်ခွာလာရသူများရှိရာ အကူအညီများစွာလိုအပ်မည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံမှ လူသားချင်းစာနာမှု အကူအညီပေးနိုင်ရန် အဆွေတော် ပြည်ထောင်စုဝန်ကြီးက မည်သို့ကူညီရမည်ကို ဆွေးနွေးပေးစေလိုပါကြောင်း ဆွေးနွေးသည်။

ပြည်ထောင်စုဝန်ကြီးက ရခိုင်ပြည်နယ်၏ ၂၀၁၆ ခုနှစ် အောက်တိုဘာလနှင့် ၂၀၁၇ ခုနှစ် ဩဂုတ်လဖြစ်စဉ်များတွင် အစွန်းရောက်အကြမ်းဖက်သမားက အရင်တိုက်ခိုက်ခြင်းဖြစ်ကြောင်း၊ နယ်မြေတည်ငြိမ်အေးချမ်းအောင် ဆောင်ရွက်ခြင်းကို နိုင်ငံတကာအသိုင်းအဝိုင်းက သတင်းအမှားများကြောင့် ဖိအားများစွာပေးနေခြင်းဖြစ်ပါကြောင်း၊ စင်စစ်တွင် အစွန်းရောက်အကြမ်းဖက်သမားကြောင့် ထိခိုက်သေဆုံးရသူများမှာ လူနည်းစုတိုင်းရင်းသားများဖြစ်သည့် ရခိုင်၊ ဒိုင်းနက်၊ ခမီ၊ သက်၊ မြိုလူမျိုးများနှင့် ဟိန္ဒူဘာသာဝင်များ ဖြစ်ပါကြောင်း၊ ရဲစခန်း ၃၀ ခန့်ကို တိုက်ခိုက်ခြင်းဖြစ်၍ လုံခြုံရေးအရ နယ်မြေရှင်းလင်းခြင်းအပေါ် စွပ်စွဲနေခြင်းမှာ နိုင်ငံအတွက် အလွန်နစ်နာပါကြောင်း၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကလည်း နယ်မြေရှင်းလင်းရေးလုပ်ငန်း ဆောင်ရွက်ရာတွင် အင်အားအလွန်အကျွံမသုံးစွဲဘဲ ဥပဒေနှင့်အညီ ဆောင်ရွက်ရန် မှာကြားထားပါကြောင်း၊ ယခုဖြစ်စဉ်မှာ အသတ်ခံရသည်မှာ လူနည်းစုတိုင်းရင်းသားများ ဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် အစ္စလာမ်ဘာသာဝင်များမှာ အများစုဖြစ်ပြီး၊ ရခိုင်နှင့် အခြားတိုင်းရင်းသားများမှာ လူနည်းစုဖြစ်ပါကြောင်း၊ ထို့အပြင် သတင်းများဖြန့်ချိရန် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ထွက်ပြေးသူ ဟိန္ဒူဘာသာကိုးကွယ်သူ ငါးဦးအား အစ္စလာမ်ဘာသာဝင်အဖြစ် အကျပ်ကိုင်စေခိုင်းပြီး လိမ်ညာဇာတ်လမ်းဆင်၍ ဗီဒီယိုရိုက်ကူးဖြန့်ချိမှုများရှိကြောင်း၊ ဩဂုတ်လ ၂၅ ရက် နံနက်ပိုင်း အကြမ်းဖက်တိုက်ခိုက်ခံရမှုဖြစ်စဉ်အပြီး ဩဂုတ်လ ၂၇ ရက်နေ့တွင် ရေလမ်း၊ ကုန်းလမ်းအဆင်မပြေသဖြင့် မိမိအနေဖြင့် အရပ်ရဟတ်ယာဉ်ဖြင့် ဘေးသင့်ဒေသ(၂၁)နေရာသို့ သွားရောက်ပြီး လိုအပ်ချက်ဖော်ထုတ်၍ အကူအညီပေးခဲ့ပါကြောင်း၊ အကြမ်းဖက်မှုဟုဆိုရာတွင် အစ္စလာမ်ဘာသာဝင်အားလုံး မပါဝင်ပါကြောင်း၊ ငြိမ်းချမ်းစွာ နေထိုင်လိုသည့် အစ္စလာမ်ဘာသာဝင်ရွာများက အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ပါကြောင်း၊ လူသားချင်းစာနာကူညီမှုလုပ်ငန်းများကို ကြက်ခြေနီလှုပ်ရှားမှု (Red Cross Movement)ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အစိုးရနှင့် ပြည်တွင်းအလှူရှင်များကလည်း ဒေသခံတိုင်းရင်းသားများအတွက် အကူအညီများပေးအပ်ရေး ဆောင်ရွက်နေပါကြောင်း၊ စက်တင်ဘာလ ၄ ရက်နေ့က လည်း အလှူရှင်နိုင်ငံများဖြစ်သည့် ဒိန်းမတ်၊ အမေရိကန်၊ ဗြိတိန်၊ ဩစတြေးလျနှင့် ဥရောပကော်မရှင်တို့နှင့် နိုင်ငံတော်အတိုင်ပင်ခံရုံးတွင် ကြက်ခြေနီလှုပ်ရှားမှုအတွက် ညှိနှိုင်းဆောင်ရွက်ထားပါကြောင်း၊ ယခုအခါ အကြမ်းဖက်တိုက်ခိုက်ခံရမှုကြောင့် စစ်တွေသို့ ပြောင်းရွှေ့ရောက်ရှိလာသူ ခေတ္တနေရပ်စွန့်ခွာပြည်သူ ၂၆၀၀၀ ကျော်ရှိပါကြောင်း၊ စားနပ်ရိက္ခာနှင့် ပညာရေး၊ ကျန်းမာရေး အဆင်ပြေစေရန် ဆောင်ရွက်ထားရှိပါကြောင်း၊ နယ်မြေတည်ငြိမ်အေးချမ်းပါက မူလနေရာပြန်နိုင်အောင် စီစဉ်လျက်ရှိပါကြောင်း၊ ကယ်ဆယ်ရေးစခန်း ကြာရှည်ထားရှိမည် မဟုတ်ပါကြောင်း၊ အိုးအိမ်များ မီးရှို့ဖျက်ဆီးခံရသဖြင့် ပြန်လည်ထူထောင်ရေးဆောင်ရွက်ရာတွင် စနစ်တကျရှိစေရေးနှင့် နယ်စပ်ခြံစည်းရိုးကာရံရေးတို့မှာ အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြန်လည်ထူထောင်ရေးတွင် ဦးစားပေးဆောင်ရွက်ရမည့် အချက်များမှာ လုံခြုံရေး၊ ပြန်လည်ထူထောင်ရေးတွင် အိမ်ရာများ ပိုမိုကြံ့ခိုင်ကောင်းမွန်စေရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိအောင် ဖန်တီးပေးရေးဖြစ်ပါကြောင်း၊ မိမိအနေဖြင့် ရခိုင်ပြည်နယ်သို့ အကြိမ်များစွာရောက်ရှိပြီး အခြေအနေမှန်ကိုသိသည့်အတွက် ယခုလိုလာရောက်တွေ့ဆုံသဖြင့် အမှန်တရားကို တင်ပြခွင့်ရသည့်အတွက် ဝမ်းသာပါကြောင်း၊ ရခိုင်ပြည်နယ်အတွင်း တရုတ်နှင့် မြန်မာ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုက အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်မည်ဟု ယူဆပါကြောင်း၊ အရေးကြုံတိုင်း ဆွေမျိုးပေါက်ဖော်စိတ်ဓာတ်ဖြင့် ကူညီသည့် တရုတ်နိုင်ငံအားကျေးဇူးတင်ရှိပါကြောင်း ဆွေးနွေးပါသည်။

တရုတ်သံအမတ်ကြီး H.E. Mr. Hong Liang ကလည်း တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံဘက်က ရပ်တည်မည်ဖြစ်ပြီး နီးကပ်စွာ ပူးပေါင်းဆောင်ရွက်မည် ဖြစ်ပါကြောင်း၊ တရုတ်နိုင်ငံ မီဒီယာများကိုလည်း ရခိုင်ကိစ္စ သတင်းမှန်ထုတ်ပြန်ဖို့ တိုက်တွန်းမည်ဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်ရှိ စီးပွားရေးစီမံကိန်းများဖြင့် ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်းပေါ်ပေါက်ပြီး လူမှုစီးပွားဘဝမြင့်တင်ရန် ရည်ရွယ်ပါကြောင်း၊ ရခိုင်ပြည်နယ်သို့ အကူအညီပေးရေးအတွက်လိုအပ်သည့် ပစ္စည်းစာရင်းများကို မြန်မာအစိုးရက သံတမန်နည်းလမ်းဖြင့် အမြန်ပေးပို့ပါရန်၊ တရုတ်နိုင်ငံဘက်မှလည်း အမြန်ဆုံးကူညီမည်ဖြစ်ပါကြောင်း ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပါသည်။

မွန်းလွဲပိုင်းတွင် ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်စဉ်များကြောင့် ခေတ္တနေရပ်စွန့်ခွာတိမ်းရှောင်နေရသည့် ဒေသခံတိုင်းရင်းသားများ၏ အရေးပေါ်လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်နိုင်ရန်အတွက် ပျဉ်းမနားစိုက်ပျိုးရေးသိပ္ပံမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက လှူဒါန်းငွေကျပ် ၅၅၀၀၀၀ နှင့် ငွေကျပ် ၁၅၀၀၀၀ တန်ဖိုးရှိ ခေါက်ဆွဲခြောက်များကို ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ပါကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရိဒ်နယ်စပ်ကုန်သွယ်ရေးလမ်းပျက်စီး၍ ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေး အခက်အခဲကြုံတွေ့

ရိဒ်ခေါဒါရ် စက်တင်ဘာ ၁၃
ချင်းပြည်နယ်အတွင်းရှိ မြန်မာ-အိန္ဒိယ နယ်စပ်ကုန်စည်ပို့ဆောင်ရေး လမ်းမကြီးဖြစ်သည့် ကလေး-တီးတိန်လမ်းပိုင်းမှ အမှတ်(၂)ရိဒ်နယ်စပ်ကုန်သွယ်ရေးစခန်းသို့ သွားလာနေသည့်မော်တော်ယာဉ်များမှာ မိုးမပြတ်ရွာသွန်းမှုကြောင့် လမ်းပျက်စီးမှုများပြားနေ၍ ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးတွင် အခက်အခဲများဖြင့် ကြုံတွေ့နေရကြောင်း ရိဒ်နယ်စပ်ကုန်သည်များထံမှ သိရသည်။

“အခုရက်ပိုင်း တီးတိန်မြို့နဲ့ ရိဒ်နယ်စပ် တီအိုချောင်းသွားတဲ့ ဟိုင်မွာလ်ရွာဟောင်းနဲ့ ဟိုင်မွာလ်ရွာသစ်ကြားမှာ အသွားကားနဲ့အပြန်ကားတွေ ပိတ်နေပါတယ်။ပိတ်နေတဲ့ကားတွေ မနည်းဘူး။ ကားအသွားအလာ နေ့စဉ်ရှိနေပေမယ့် အမာခံလမ်းကတ္တရာ မဖြစ်သေးတော့ စက်အားရော လူအားပါ လမ်းရှင်းနေရလို့ ခရီးကြန့်ကြာနေရပါတယ်” ဟု ကလေး- ရိဒ်နယ်စပ်လမ်းပိုင်းတွင် ပြေးဆွဲနေသည့် ကုန်စည်ပို့ဆောင်ရေးကားအသင်းမှ ယာဉ်မောင်းတစ်ဦးက ပြောသည်။

ရိဒ်နယ်စပ်ကုန်သွယ်ရေးစခန်း ရိဒ်ခေါဒါရ်မြို့သို့သွားသည့် လူစီးကား၊ ကလေးစက်မှုဇုန်ထုတ် ဟိုင်မွာလ်ဂျစ်ကားများ၊ ကုန်တင်ယာဉ်များမှာ ကလေးမြို့မှ သွားရောက်ကြခြင်းဖြစ်ရာ ယခုရက်ပိုင်းတွင် အိန္ဒိယနိုင်ငံဘက်ခြမ်း၌လည်း တောင်ပေါ်လမ်းများ ပျက်စီးသဖြင့် ကုန်တင်ယာဉ်များအသွားအလာနည်းနေသည့်အပြင် မြန်မာဘက်ခြမ်း လမ်းပိုင်း ကလေး-တီးတိန်-ရိဒ်နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းတွင် ကလေး- တီးတိန်မြို့ကြား ဆိုဇန်ကျေးရွာနှင့် တီးတိန်မြို့အဝင်အထိ၊ တီးတိန်-ရိဒ်နယ်စပ်ကုန်သွယ်ရေးစခန်းသွား ဟိုင်မွာလ်ရွာဟောင်းနှင့် ဟိုင်မွာလ်ရွာသစ်ကြားတို့၌ မိုင်ရှည်ဗွက်ပေါက်လမ်းပျက်စီးမှုများ ဖြစ်ပွားနေသဖြင့် ကားကြီး၊ ကားငယ်၊ လူစီး၊ ကုန်တင်ယာဉ်အားလုံး သွားလာရေးခက်ခဲလျက်ရှိကြောင်း၊ **(ယာပုံ)**ယင်းလမ်းပျက်စီးသည့် နေရာတိုင်းတွင် သက်ဆိုင်ရာ လမ်းလုပ်ငန်းတာဝန်ယူထားသည့် တာဝန်ရှိသူများက စက်ယန္တရားကြီးများ အသင့်ချထား၍လမ်းရှင်းလင်းမှုများ ဆောင်ရွက်ပေးနေကြောင်း ရိဒ်နယ်စပ်ခရီးသွားကုန်သည်များထံမှ သိရသည်။

မြန်မာ-အိန္ဒိယနယ်စပ်ရောင်းဝယ်ရေးတွင် တမူးမြို့နယ်စပ်ရောင်းဝယ်မှုပြီးလျှင် ဒုတိယအကြီးမားဆုံး အရောင်းအဝယ်အကောင်းဆုံးနေရာမှာ ရိဒ်နယ်စပ်ရောင်းဝယ်မှုဖြစ်ကြောင်း ရိဒ်နယ်စပ်ကုန်သွယ်ရေးရုံးမှ မှတ်တမ်းများအရသိရသည်။

နေစု(ချင်းရိုးမ)

(၁၀) ကြိမ်မြောက် အရှေ့အာရှ အပင်မျိုးသစ်ကာကွယ်ရေးဆိုင်ရာဖိုရမ် အစည်းအဝေးနှင့် ဆွေးနွေးပွဲကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၃

အပင်မျိုးသစ် အကာအကွယ်ပေးရေးစနစ်သည် အပင်မျိုးမွေးမြူသူများ၏ ဉာဏမူပိုင်ခွင့်ကို ဥပဒေအရ အကာအကွယ်ပေးထားခြင်းကြောင့် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများနှင့်အတူ ရာသီဥတုပြောင်းလဲမှုဒဏ်၊ ပိုးမွှားရောဂါဒဏ်ခံနိုင်သည့် အထွက်ကောင်း၍ စျေးနှုန်းခိုင်မာသော အပင်မျိုးသစ်များ ရရှိလာရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း စက်တင်ဘာ ၁၂ ရက် နံနက် ၉ နာရီက နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းစိုက်ပျိုးရေးသုတေသနဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် (၁၀) ကြိမ်မြောက် အရှေ့အာရှ အပင်မျိုးသစ်ကာကွယ်ရေးဆိုင်ရာ ဖိုရမ်အစည်းအဝေးနှင့် ဆွေးနွေးပွဲ (10th EAPVP Forum Meeting and National PVP System Awareness Seminar) တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ဆွေးနွေးပြောကြားသည်။ **(ယာပုံ)**

နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးရေး၊ စားနပ်ရိက္ခာဖူလုံပြည့်စုံရေးနှင့် အာဟာရတန်ဖိုးကွင်းဆက် မြင့်မားစေရေးတို့အတွက် စိုက်ပျိုးရေးကဏ္ဍသည် အဓိကကဏ္ဍကြီးတစ်ရပ်ဖြစ်သည့်အပြင် ရေရှည်တည်တံ့သော မျိုးစေ့ထုတ်လုပ်ငန်းများနှင့် နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင် အပင်မျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်ပေါ်ထွန်းလာရေးတို့ ဆောင်ရွက်ကြရန် ပြည်ထောင်စုဝန်ကြီးက ထိုကဲ့သို့ တိုက်တွန်းပြောကြားသွားခြင်းဖြစ်သည်။

(၁၀) ကြိမ်မြောက် အရှေ့အာရှ အပင်မျိုးသစ်ကာကွယ်ရေးဆိုင်ရာဖိုရမ် အစည်းအဝေးနှင့် ဆွေးနွေးပွဲ (10th EAPVP Forum Meeting and National PVP System Awareness Seminar) သို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ အမြဲတမ်းအတွင်းဝန် ဒေါက်တာတင်ထွဋ်၊ ညွှန်ကြားရေးမှူးချုပ်များ၊ UPOV မှ Vice Secretary-General Mr. Peter Button၊ ဂျပန်နိုင်ငံ စိုက်ပျိုးရေး၊ သစ်တောနှင့် ငါးလုပ်ငန်းဝန်ကြီးဌာန(MAFF)မှ Director Mr. Atsushi Suginaka၊ ပြင်သစ်နိုင်ငံ GNIS မှ Director Mr. Francois Burgaud၊ နယ်သာလန်နိုင်ငံမှ DUS Vegetable crops Specialist Ms. Laura Pinan Gonzalez တို့နှင့် အာဆီယံ+၃ နိုင်ငံများမှ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးကြသည်။

ထို့နောက် International Union for the Protection of New Varieties of Plants (UPOV)မှ Technical/Regional Officer Mr. Tomochika Motomura က စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာနှင့် အပင်မျိုးသစ်ကာကွယ်ရေးဆိုင်ရာများအား ရှင်းလင်းတင်ပြပြီး တက်ရောက်လာသူများက အပင်မျိုးသစ်ကာကွယ်ရေးနှင့် တောင်သူများ၏ အခွင့်အရေးဆိုင်ရာများ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာနှင့် စီမံခန့်ခွဲမှုများအား ပြန်လည်သုံးသပ်ဆွေးနွေးခြင်းများ၊ အရှေ့အာရှနိုင်ငံ များ၏ အတွေ့အကြုံများ၊ အပင်မျိုးသစ်ကာကွယ်ရေးစနစ် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများအား ဆွေးနွေးကြသည်။

အဆိုပါဖိုရမ်ကို ရေရှည်တည်တံ့သည့် အပင်မျိုးမွေးမြူရေးလုပ်ငန်းများမှတစ်ဆင့် လူမှုအသိုက်အဝန်းအတွက် စားနပ်ရိက္ခာဖူလုံရေးနှင့် အခြားသော အကျိုးရလဒ်များရရှိစေရေးကို အခြေခံပြီး အပင်မျိုးသစ်အကာအကွယ်ပေးရေးစနစ်များ ဖွံ့ဖြိုးတိုးတက်အကောင်အထည်ဖော်လာနိုင်စေရန်နှင့်အဖွဲ့ဝင်နိုင်ငံများအကြား အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ပေးနိုင်စေရန် ရည်ရွယ်ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

Myanmar Global Investment Forum -2017 ဒုတိယနေ့ ဆက်လက်ကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၃

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် ဟောင်ကောင်အခြေစိုက် Euromoney Institutional Investor (Asia) တို့ ပူးပေါင်းကျင်းပသည့် Myanmar Global Investment Forum -2017 ဒုတိယနေ့ကို ယနေ့ နံနက် ၉ နာရီတွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ဆက်လက်ကျင်းပသည်။ **(အပေါ်ပုံ)**

ဖိုရမ်တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးနှင့် Banking and Capital Markets, Euromoney Institutional Investor, Asia Bureau Chief, Matthew Thomas တို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ယနေ့ကျင်းပသည့်ဖိုရမ်၌ မြန်မာနိုင်ငံသည် ထုတ်လုပ်မှုကိုအခြေပြုသည့် ဗဟိုချက်နိုင်ငံ ဖြစ်လာမည်လား၊ လယ်ယာကဏ္ဍခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ပြုလုပ်ခြင်းနှင့် ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်မှု စသည့်ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြသည်။

မြန်မာနိုင်ငံသည် ထုတ်လုပ်မှုကို အခြေပြုသည့် ဗဟိုချက်နိုင်ငံ ဖြစ်လာမည်လားခေါင်းစဉ်နှင့်စပ်လျဉ်း၍ စက်မှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကိုကိုလွင်က "ကျွန်တော်တို့ မြန်မာနိုင်ငံအနေနဲ့ ထုတ်လုပ်မှုအခန်းကဏ္ဍမှာ အများကြီးအလားအလာရှိပါတယ်။ လောလောဆယ် ထုတ်လုပ်မှုကဏ္ဍမှာ လျော့နည်းနေတဲ့အတွက် ပြန်ပြီးတိုးတက်လာအောင်လုပ်ဖို့ လိုပါတယ်။ ထုတ်လုပ်မှုကဏ္ဍတိုးတက်ချင်ရင် သွင်းအားစုတွေ လိုမယ်။ ရေ၊ မီး၊ လျှပ်စစ် ပုံမှန်ရရှိရမယ်။ လိုအပ်တဲ့ကုန်ကြမ်းပစ္စည်းတွေ မြန်မြန်သွင်းနိုင်အောင် ဆောင်ရွက်ပေးရမယ်။ စက်ရုံအလုပ်ရုံ ထူထောင်ချင်တဲ့သူတွေကို One stop service လုပ်ရမယ်။ ဇုန်တွေအလိုက် ဖွံ့ဖြိုးလာမယ်ဆိုရင် အလုပ်အကိုင် အခွင့်အလမ်းတွေ၊ ထုတ်လုပ်မှုကဏ္ဍတွေ ဖွံ့ဖြိုးတိုးတက်လာမယ်။ သွင်းကုန်တွေကို တဖြည်းဖြည်းနဲ့ ကာကွယ်နိုင်မယ်လို့ ယုံကြည်ပါတယ်။

"အသေးစားအလတ်စား စီးပွားရေးလုပ်ငန်းရှင်(SME)တွေအတွက် အဖွဲ့ဝင်ကတ်တွေ ထုတ်ပေးနေပါတယ်။ အစိုးရအနေနဲ့ မကြာခင်မှာ SME working Committee ဖွဲ့ပါမယ်။ SME Agency ဆိုတာလည်း လာပါမယ်။ အသေးစားအလတ်စား စီးပွားရေးလုပ်ငန်းရှင်တွေအနေနဲ့ ရင်းနှီးမြှုပ်နှံမှုတွေလုပ်မယ်ဆိုရင် အောင်မြင်မှာပါ။ ကျွန်တော်တို့ အစိုးရအနေနဲ့ကတော့ နိုင်ငံတော်အကြီးအကဲတွေရဲ့ လမ်းညွှန်ချက်အရ အစွမ်းကုန်ကူညီသွားမှာ ဖြစ်ပါတယ်"ဟု ပြောသည်။

ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုခေါင်းစဉ်နှင့် စပ်လျဉ်း၍ Orchestra Travel and Sandoway Resort, Co-founder ဒေါ်ဥမ္မာခင်က "ခရီးသွားလုပ်ငန်းနဲ့ပတ်သက်ပြီး ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံသူတွေကို မြန်မာပြည်မှာ ပိုပြီး ရင်းနှီးမြှုပ်နှံဖို့ အဓိကဦးစားပေးဆွေးနွေးခဲ့ပါတယ်။ အဲဒီအပြင် Sustainable Tourism နဲ့ Eco-Tourism တွေကလည်း အရေးကြီးတယ်ဆိုတာကို ဆွေးနွေးခဲ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ မြန်မာပြည်က ခရီးသွားလုပ်ငန်းကို တခြားနိုင်ငံတွေနဲ့ ယှဉ်နေတဲ့အချိန်မှာ သူတို့ရဲ့ တိုးတက်တဲ့အခြေအနေတွေကို အလေးထားပြီး ကိုယ့်နိုင်ငံမှာ အဲဒီထက်မက ပိုမိုကောင်းမွန်တဲ့ Sustainable Tourism နဲ့ Eco-Tourism ဖြစ်အောင် ဘယ်လိုလုပ်မလဲဆိုတာ အရေးကြီးပါတယ်။

"ဟိုတယ်နဲ့ ခရီးသွားလာမှုလုပ်ငန်းမှာ မနှစ်က မှန်းထားတဲ့ဝင်ငွေ ၂ မီလီယံထက် ကျော်သွားတယ်လို့ သိရပါတယ်။ ဒီနှစ်မှာ ၃ ဒသမ ၅ မီလီယံရှိလိမ့်မယ်လို့ မှန်းထားပါတယ်။ မြန်မာနိုင်ငံမှာ ခရီးသွားလုပ်ငန်းတိုးတက်လာဖို့ အဓိက အရေးကြီးဆုံးအချက်က အခြေခံအဆောက်အအုံ ဖွံ့ဖြိုးဖို့လိုပါတယ်။ Tourism Law မှာ အရင် Tourism Law ထက်စာရင် တိုးတက်လာတာတွေ အများကြီးရှိပါတယ်။ အခြေခံအဆောက်အအုံအပိုင်းကို အစိုးရအနေနဲ့ လုပ်ဆောင်ပေးရမှာဖြစ်ပါတယ်။ Public Private Partnership ကို ကျွန်မတို့ အဓိကထား လုပ်ဆောင်ရမှာ ဖြစ်ပါတယ်"ဟု ပြောသည်။

လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် ပြုလုပ်ခြင်းခေါင်းစဉ်နှင့် စပ်လျဉ်း၍ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲတင့်ထွန်းက "ဒီနေ့ဆွေးနွေးပွဲမှာ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အစိုးရကဆောင်ရွက်နေတာရှိသလို ပုဂ္ဂလိကကဏ္ဍကလည်း ဆောင်ရွက်ပေးနိုင်ဖို့ အဓိကပါဝင်ဆွေးနွေးတာ ဖြစ်ပါတယ်။ နေရာတိုင်းမှာ အစိုးရကပဲ ပါဝင်ဆောင်ရွက်နေမယ့်အစား တချို့ဧရိယာအပိုင်းတွေမှာ ပုဂ္ဂလိကဝင်ရောက်ဆောင်ရွက်နိုင်ဖို့ လိုအပ်ပါတယ်။ အထူးသဖြင့် ထွက်သမျှကုန်ကို ကုန်ကြမ်းအဖြစ်ပဲ ရောင်းချနေရပြီး ကုန်ချောထုတ်လုပ်မှုနဲ့ တန်ဖိုးမြင့်ထုတ်ကုန်တွေ အားနည်းနေပါတယ်။ ဒါကြောင့် တန်ဖိုးမြှင့်တင်ဖို့ နည်းပညာအကူအညီတွေ၊ အထောက်အကူပစ္စည်းတွေ လိုအပ်လာပါတယ်။

"တောင်သူလယ်သမားတွေ ထုတ်လုပ်တဲ့ ကုန်ကြမ်းတွေကနေ တန်ဖိုးမြင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်နိုင်တဲ့အရာတွေကို ပုဂ္ဂလိကအခန်းကဏ္ဍအနေနဲ့ ရင်းနှီးမြှုပ်နှံမယ်ဆိုရင် ပိုပြီးအဆင်ပြေမယ်လို့ ကျွန်တော်ယူဆပါတယ်။ ကိုယ့်ဒေသမှာ ကိုယ်ကြိုက်ရာ ကိုယ်စိုက်မယ့်အစား ဘယ်မှာစျေးကွက်ရှိလဲ။ အဲ့ဒီစျေးကွက်ကို ဘယ်သူက အာမခံမှာလဲ။ အဲဒီမှာ ဘယ်လိုထုတ်ကုန်တွေ ထုတ်လုပ်ရမှာလဲဆိုတဲ့ အနေအထားကို ပြောင်းလဲသွားချင်တာဖြစ်ပါတယ်။ ကျွန်တော်တို့ အရင်တုန်းက စဉ်းစားနေတာက ထုတ်တာကိုပဲ စိတ်ဝင်စားခဲ့တယ်။ ဘယ်လောက်ထွက်မလဲ။ ဘယ်သီးနှံတွေက ဘယ်စျေးကွက်မှာ ဘာရှိနေသလဲ ဆိုတာကို မစဉ်းစားခဲ့ဘဲ ကိုယ့်ဒေသမှာ မိရိုးဖလာအတိုင်း ဘိုးစဉ်ဘောင်ဆက် စပါးဆိုရင် စပါးပဲစိုက်ခဲ့ကြတယ်။ စျေးကွက်ကို ချိတ်ဆက်ထားတဲ့ ပုဂ္ဂလိကအဖွဲ့အစည်းတွေ၊ လုပ်ငန်းလုပ်မယ့်လူတွေက တောင်သူတွေကို အသိပညာကောင်းကောင်းပေးရမယ်။ ကျွန်တော်တို့ လိုချင်တာက ဘယ်သီးနှံ ဘယ်အရည်အသွေးရအောင် ထုတ်ပေးပါ။ အဲဒီအတွက် ဘယ်လိုအရည်အသွေးရှိရမယ်၊ ဘယ်စျေးနဲ့ ကျွန်တော်တို့ ပြန်ယူပါမယ်ဆိုတဲ့ ခိုင်မာတဲ့အနေအထားကို သွားဖို့လိုပါတယ်။ တစ်ယောက် တစ်ပေါက် လုပ်နေမယ့်အစား အဖွဲ့အစည်းနဲ့ စုပေါင်းပြီးလုပ်တတ်ဖို့လည်း လိုပါတယ်။ နည်းပညာအသစ်တစ်ခု လိုအပ်လာမှာ ဖြစ်တဲ့အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေကို ဖိတ်ခေါ်ပြီး ဆောင်ရွက်သင့်ပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ ပိုမိုဝင်ရောက်လာနိုင်အောင် အခင်းအကျင်းတွေ ပြင်ဆင်ထားမှုတွေ လိုအပ်မှာဖြစ်ပါတယ်"ဟု ပြောသည်။

သတင်း- မင်းမင်းဇော်၊ မီမီဖြိုး
ဓာတ်ပုံ- အေးသန်း

ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်စေရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းကြပါရန် တိုက်တွန်းနှိုးဆော်

၁။ မြန်မာနိုင်ငံသည် သယံဇာတများ ပေါကြွယ်ဝသည့်အပြင် သမိုင်းတန်ဖိုးကြီးမားသည့် **"ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်"**များ၏ ဂုဏ်သတင်းကြောင့်လည်း ကမ္ဘာ့ နိုင်ငံများ၏ အလေးထားဂရုပြုခြင်းခံရသည့် နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။

၂။ နိုင်ငံ၏ တန်ဖိုးမဖြတ်နိုင်သော "ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်"များကို တွေ့ရှိ၍ တာဝန်သိစွာ နိုင်ငံတော်သို့သတင်းပို့ခြင်း၊ အပ်နှံခြင်းများရှိသကဲ့သို့ တာဝန်မဲ့စွာသတင်းပို့၊ အပ်နှံရန် ပျက်ကွက်ခြင်းများလည်း ရှိနေပါသည်။ ထို့အပြင် တရားမဝင်သော နည်းလမ်းများဖြင့် ရှာဖွေတူးဖော်ခြင်း၊ ပြည်တွင်း ပြည်ပသို့ တရားမဝင် သယ်ယူပို့ဆောင်ခြင်း၊ ရောင်းချရန် လက်ဝယ်ထားရှိခြင်းများလည်း ရှိနေပါသည်။

၃။ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များပျောက်ပျက်ဆုံးရှုံးစေခြင်းသည် နိုင်ငံသားတို့၏ ဂုဏ်သိက္ခာနှင့် သမိုင်းကြောင်းကို စနစ်တကျဖျက်ဆီးခြင်း ဖြစ်ပါသည်။

၄။ နိုင်ငံတော်က ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းကာကွယ်ရန် ဥပဒေများထုတ်ပြန်ထားပါသဖြင့် အောက်ဖော်ပြပါ ဥပဒေပုဒ်မတို့နှင့် သက်ဆိုင်သော ပြစ်မှုပြစ်ဒဏ်များကို ကောက်နုတ်ဖော်ပြအပ်ပါသည်-

(က) ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေပုဒ်မ ၁၄၊ ပုဒ်မခွဲ(က)ပါ သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုချက်လျှောက်ထားရယူခြင်းမရှိဘဲ ရှေးဟောင်းဝတ္ထုပစ္စည်းများ တူးဖော်ခြင်း၊ ရှာဖွေခြင်း၊ ပြည်တွင်း၊ ပြည်ပသို့ သယ်ယူခြင်း၊ ဆောင်ရွက်ခြင်းအတွက် ပုဒ်မ ၁၅၊ ၁၆ နှင့် ၁၈ တို့အရ **အများဆုံး ထောင်ဒဏ် ၁၀ နှစ်ဖြစ်စေ၊ အများဆုံး ငွေဒဏ်ကျပ် သိန်း ၁၀၀ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ** ချမှတ်နိုင်သည်။

(ခ) ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေးဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၂)အရ ကင်းလွတ်ခွင့်ပြုထားသည့် ကိစ္စရပ်များမှတစ်ပါး အခြားမည်သူမဆို ရှေးဟောင်းဝတ္ထုပစ္စည်းများကို ရောင်းချရန် စုဆောင်းခြင်း၊ လက်ဝယ်ထားရှိခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်းပြုလျှင် ဥပဒေပုဒ်မ ၁၇ အရ **အများဆုံးထောင်ဒဏ် ငါးနှစ်ဖြစ်စေ၊ အများဆုံး ငွေဒဏ် ကျပ်သိန်း ၃၀ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ** ချမှတ်နိုင်သည်။

၅။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံသူ၊ နိုင်ငံသားများအနေဖြင့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်စေရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

မောင်တောနယ်စပ် ချဉ်းကပ်လမ်း၊ တံတားများနှင့် နယ်စပ်ကျေးလက်လမ်းများ ပြန်လည်ပြုပြင်တည်ဆောက်ရေး မြေပြင်ကွင်းဆင်းကြည့်ရှု

စစ်တွေ စက်တင်ဘာ ၁၃

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်သည် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်ကျော်ဇောနှင့်အတူ ယနေ့ နံနက် ၈ နာရီခွဲတွင် မောင်တောဒေသ နယ်စပ်ခြံစည်းရိုး၊ ချဉ်းကပ်လမ်းဖြစ်သော တောင်ဘဇာ - ဗီရွက် - ဆင်ဖြူတောင်- လောင်းချောင်း - ဝါးနက်ရုံ လမ်းပိုင်းနှင့် တံတားများ ပြန်လည်ပြုပြင်တည်ဆောက်ရေးအတွက် တပ်မတော်ရဟတ်ယာဉ်ဖြင့် မြေပြင်ကွင်းဆင်းကြည့်ရှုသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် အဆိုပါလမ်းပိုင်းများအား မြေပြင်ကွင်းဆင်းကြည့်ရှုစဉ် ဘူးသီးတောင်မြို့နယ် ခမောင်းချောင်းကျေးရွာအုပ်စု ခမီလူမျိုးများနေထိုင်သော ဆင်ဖြူတောင်ကျေးရွာသို့ ရောက်ရှိပြီး ARSA အစွန်းရောက်အကြမ်းဖက်သမားများ တိုက်ခိုက်မှုကြောင့် နေရပ်စွန့်ခွာ တိမ်းရှောင်လာသော တိုင်းရင်းသားများအား အားပေးနှစ်သိမ့်စကားပြောကြားပြီး ကျန်းမာရေးအထောက်အကူပြု ဆေးဝါးများနှင့် စားနပ်ရိက္ခာများ ကူညီထောက်ပံ့ပေးသည်။

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင် ဒေသခံများနှင့် တွေ့ဆုံစဉ်

ယင်းနောက် နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တည်ဆောက်ပေးခဲ့သော မြိုတိုင်းရင်းသားအများစုနေထိုင်ရာ ဝါးနက်ရုံကျေးရွာသို့ ရောက်ရှိပြီး ဒေသခံတိုင်းရင်းသားများအတွက် လိုအပ်သော ဆေးဝါးများနှင့် စားနပ်ရိက္ခာများ ကူညီထောက်ပံ့ပေးကာ အဆိုပါကျေးရွာရှိ ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တစာရိန္ဒအား ဝါဆိုသင်္ကန်းနှင့် နဝကမ္မအလှူငွေများ လှူဒါန်းခဲ့သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မောင်တောမြို့ပေါ်ရှိ မြို့မကျောင်းတိုက်သို့ သွားရောက်၍ တောင်ပြိုလက်ဝဲမြို့နယ် နံ့သာတောင်ပရဟိတ ဘုန်းတော်ကြီးသင်ကျောင်းမှ ခေတ္တနေရပ်စွန့်ခွာလာသော ကျောင်းသား ကျောင်းသူများကို တွေ့ဆုံပြီး ကျောင်းသားများ ပညာဆက်လက်သင်ကြားနိုင်ရေးအတွက် ကျောင်းဝတ်စုံ၊ ဗလာစာအုပ်နှင့် စားနပ်ရိက္ခာများ ကူညီထောက်ပံ့ပေးပြီး ကျောင်းဆရာများ၏ လိုအပ်မှုများအပေါ် စီစဉ်ဖြည့်ဆည်းပေးသည်။

ယင်းနောက် မောင်တောမြို့ ကညင်တန်းရပ်ကွက်နှင့် ညောင်ချောင်းကျေးရွာတို့၌ နေထိုင်သော အစ္စလာမ်ဘာသာဝင်များကို တွေ့ဆုံကာ နယ်မြေအေးချမ်းတည်ငြိမ်လာပြီဖြစ်၍ ပုံမှန်နေထိုင်စားသောက်ရေး၊ အရောင်းအဝယ်နှင့် ဈေးဆိုင်ခန်းများ ပြန်လည်ဖွင့်လှစ်ရေး၊ ဥပဒေနှင့်အညီ နေထိုင်ရေးတို့အပြင် ဥပဒေမဲ့ အကြမ်းဖက်လုပ်ဆောင်သူအနည်းစုကြောင့် ကောင်းမွန်စွာလုပ်ကိုင်စားသောက်သောပြည်သူအများစု ယခုကဲ့သို့ ဒုက္ခရောက်ကြရကြောင်း၊ ထို့ကြောင့် ယခင်ကဲ့သို့ အေးချမ်းတည်ငြိမ်စွာ ပြန်လည်နေထိုင်လုပ်ကိုင်စားသောက်ကြစေလိုကြောင်း၊ ဥပဒေနှင့်အညီ နေထိုင်သူများကို လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားပြီး စားနပ်ရိက္ခာများ ကူညီထောက်ပံ့ပေးခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မောင်တောမြို့ပေါ်ရှိ နယ်စပ်ရေးရာဝန်ကြီးဌာနအောက်ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လူငယ်သင်တန်းကျောင်းနှင့် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်းတို့ရှိ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး ယခုကဲ့သို့ ဝန်ထမ်းများအားလုံး မောင်တောဒေသတွင် အပြည့်အဝတာဝန်ထမ်းဆောင်နေသည်ကို တွေ့မြင်ရသည့်အတွက် လေးစားအသိအမှတ်ပြုပြီး ဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်း၊ ဝန်ထမ်းများ စည်းလုံးညီညွတ်စွာ နေထိုင်ကြရန်နှင့် လုံခြုံရေးအသိ၊ သတိရှိရန်မှာကြား၍ ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး ထောက်ပံ့ချီးမြှင့်ငွေများ ပေးအပ်သည်။

(သတင်းအဖွဲ့)

❀ *ကျောဖုံးမှ*

စက်တင်ဘာ ၆ ရက် မှ စက်တင်ဘာ ၁၂ ရက်အထိ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ARSA အစွန်းရောက်အကြမ်းဖက်သမားများ ထိတွေ့မှုဖြစ်စဉ် လျော့နည်းလာသဖြင့် တည်ငြိမ်မှုပြန်လည်ရရှိကာ နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်နေသူများကို မူလနေရပ်များသို့ ပြန်လည်ပို့ဆောင်ပေးလျက်ရှိသည်။

ထိုသို့ ပို့ဆောင်ရာတွင် မောင်တောမြို့နယ်အတွင်းရှိ ရပ်ကွက် / ကျေးရွာ ၁၅ ရွာ၊ ရသေ့တောင်မြို့နယ် အတွင်းရှိ ကျေးရွာ လေးရွာနှင့် ဘူးသီးတောင်မြို့နယ်အတွင်းရှိ ကျေးရွာ ခြောက်ရွာတို့မှ ဒေသခံတိုင်းရင်းသားပြည်သူ စုစုပေါင်း ၄၂၂၈ ဦးတို့ကို ၎င်းတို့နေထိုင်ခဲ့သည့် မူလနေရပ်များသို့ ပြန်လည်ပို့ဆောင်ပေးခဲ့သည်။

မောင်တောဒေသအတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များသည် နယ်မြေစိုးမိုးရေးလုပ်ငန်းများနှင့် စားနပ်ရိက္ခာကူညီထောက်ပံ့နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး နယ်မြေတည်ငြိမ်အေးချမ်းလာသည်နှင့်အမျှ နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်ခဲ့ရသည့် ဒေသခံတိုင်းရင်းသားပြည်သူများသည် ၎င်းတို့၏ မူလနေရပ်များ၌ နေထိုင်လျက်ရှိနေပြီဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



Source: ကာကွ(ကြည်း)၊ ပြည်ထဲရေး

ရခိုင်ပြည်နယ်အတွင်း (၂၅-၈-၂၀၁၇) ရက်နေ့မှစ၍ ဖြစ်ပွားခဲ့သည့် အကြမ်းဖက်ဖြစ်စဉ်ကြောင့် နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်နေသူများမှ မိမိနေရပ်သို့ ပြန်လည်ရောက်ရှိမှုစာရင်း

စဉ်	မြို့နယ်	ရပ်ကွက်/ကျေးရွာ	လူဦးရေ			ပြန်လည်ရောက်ရှိသည့်ရက်စွဲ
			ကျား	မ	စုစုပေါင်း	
၁	မောင်တော	အင်ဒင်	၁၆၃	၃၃၇	၅၀၀	၁၀-၉-၁၇
၂	"	ကျေးဂုဏ်သမ္မ	၁၂၅	၂၃၆	၃၆၀	၈-၉-၁၇
၃	"	မောရဝတီ	၈၀	၄၀	၁၂၀	၇-၉-၁၇
၄	"	တပ်ချောင်း	၂၄၀	၂၇၀	၅၁၀	၁၀-၉-၁၇
၅	"	အောင်ဇလ	၆၆	၁၄၇	၂၁၃	၇-၉-၁၇
၆	"	သရက်အုပ်	၄၀	၈	၄၈	၉-၉-၁၇
၇	"	မြဝတီ	၉၅	၉၂	၁၈၇	၉-၉-၁၇
၈	"	ငါးခုရ	၅၀	၃၉	၈၉	၁၀-၉-၁၇
၉	"	အောင်ဇေယျ	၂၃	၃၉	၆၂	၇-၉-၁၇
၁၀	"	ရေနံသာကင်းဒါသား	၁၂၇	၁၄၈	၂၇၅	၁၁-၉-၁၇
၁၁	"	မင်းကြီး	၁၂၀	၁၈၀	၃၀၀	၁၀-၉-၁၇
၁၂	"	တရိန်း (မြို)	၁၄၇	၁၂၉	၂၇၆	၉-၉-၁၇
၁၃	"	တရိန်း (ရခိုင်)	၈၉	၈၃	၁၇၂	၉-၉-၁၇
၁၄	"	လောင်ဆုံ (မြို)	၆၅	၁၁၀	၁၇၅	၁၀-၉-၁၇
၁၅	"	အောင်သာယာ	၃၉	၉၀	၁၂၉	၇-၉-၁၇
၁၆	ရသေ့တောင်	ဇေတီပြင်	၄၆	၈၄	၁၃၀	၆-၉-၁၇
၁၇	"	ညွှတ်ပင်လှ	၃	၆	၉	၁၀-၉-၁၇
၁၈	"	သိမ်တောင်	၁	၁	၂	၁၂-၉-၁၇
၁၉	"	မော်သာကံ	၃	၁၁	၁၄	၁၂-၉-၁၇
၂၀	ဘူးသီးတောင်	ကန့်ကော်မြိုင်	၂၃	၄၃	၆၆	၁၂-၉-၁၇
၂၁	"	သိမ်တောင်ပြင်	၆	၃	၉	၁၂-၉-၁၇
၂၂	"	တောင်သဗာ	၁၇၂	၁၈၀	၃၅၂	၁၀-၉-၁၇
၂၃	"	သရဲ	၁၀၅	၁၁၇	၂၂၂	၁၀-၉-၁၇
၂၄	"	ဗီရွက်	၂	၃	၅	၁၀-၉-၁၇
၂၅	"	ပန်းသီချောင်း	၂	-	၂	၁၀-၉-၁၇
		စုစုပေါင်း	၁၈၃၂	၂၃၉၆	၄၂၂၈	

Source : ရခိုင်ပြည်နယ် အစိုးရအဖွဲ့

မောင်တောဒေသအတွင်း၊ ၂၅-၈-၂၀၁၇ရက်နေ့မှ ၁၂-၉-၂၀၁၇ ထိ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ARSA အစွန်းရောက်အကြမ်းဖက်သမားများ ဖြစ်ပွားခဲ့သည့် ထိတွေ့မှု မီးလောင်မှုအခြေပြဇယား

စဉ်	ရက်စွဲ	ထိတွေ့မှု	မီးလောင်မှု	မှတ်ချက်
၁	၂၅-၈-၂၀၁၇	၃၈	၀	
၂	၂၆-၈-၂၀၁၇	၁၃	၂	
၃	၂၇-၈-၂၀၁၇	၁၉	၈	
၄	၂၈-၈-၂၀၁၇	၁၀	၄	
၅	၂၉-၈-၂၀၁၇	၁	၈	
၆	၃၀-၈-၂၀၁၇	၈	၆	
၇	၃၁-၈-၂၀၁၇	၀	၁	
၈	၁-၉-၂၀၁၇	၀	၂	
၉	၂-၉-၂၀၁၇	၁	၀	
၁၀	၃-၉-၂၀၁၇	၁	၀	
၁၁	၄-၉-၂၀၁၇	၁	၇	
၁၂	၅-၉-၂၀၁၇	၁	၇	
၁၃	၆-၉-၂၀၁၇	၀	၁	
၁၄	၇-၉-၂၀၁၇	၀	၀	
၁၅	၈-၉-၂၀၁၇	၀	၀	
၁၆	၉-၉-၂၀၁၇	၀	၁	
၁၇	၁၀-၉-၂၀၁၇	၀	၀	
၁၈	၁၁-၉-၂၀၁၇	၀	၀	
၁၉	၁၂-၉-၂၀၁၇	၀	၃	
	စုစုပေါင်း	၉၃	၅၅	

Sources: ကာကွ(ကြည်း)၊ ပြည်ထဲရေး

ARSA အစွန်းရောက်အကြမ်းဖက်သမားများ ထောင်ထားသည့် ဒေသန္တရလက်လုပ်မိုင်း ခြောက်လုံးတွေ့ရှိ

နေပြည်တော် စက်တင်ဘာ ၁၃

ARSA အစွန်းရောက်အကြမ်းဖက်သမားများသည် ဩဂုတ် ၂၅ ရက် နံနက်စောစောအချိန်မှစ၍ မောင်တောဒေသအတွင်းရှိ နယ်ခြားစောင့်ရဲစခန်း ၃၀ ကျော်ကို တစ်ပြိုင်နက်တည်း အင်အားသုံး၍ အလစ်အငိုက် တိုက်ခိုက်ခဲ့သည်။

ထိုသို့ ARSA ၏ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ နိုင်ငံ့ဝန်ထမ်းများ၊ ရခိုင်တိုင်းရင်းသားများနှင့် အစ္စလာမ်ဘာသာဝင်များအပြင် ဟိန္ဒူဘာသာဝင်များ၊ ဒိုင်းနက်လူမျိုးများ၊ မြိုလူမျိုးများအပါအဝင် အပြစ်မဲ့ပြည်သူများ အသက်ဆုံးရှုံးခြင်းနှင့် ထိခိုက်ဒဏ်ရာရရှိမှုများ ဖြစ်ခဲ့ရပြီး ဒေသခံတိုင်းရင်းသားပြည်သူများသည် နေရာဒေသအများအပြားသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြရသည်။

ရသေ့တောင်မြို့နယ် နယ်မြေ ၁၁ စေတီပြင်မှ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၁၃ ရက်(**ယနေ့**) မွန်းလွဲ ၂ နာရီတွင် ပေါက်ပင်ရင်း တိုင်းရင်းသားကျေးရွာသို့ ရိက္ခာနှင့် ထောက်ပံ့ပစ္စည်းများ ပို့ဆောင်ပြီး ပြန်လည်ထွက်ခွာလာခဲ့သည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ညနေ ၃ နာရီ ၁၀ မိနစ်တွင် အောက်နန်းရာကျေးရွာအနီးရောက်ရှိစဉ် ရွာအနီးကားလမ်းဘေး၌ မသင်္ကာဖွယ် ပလတ်စတစ်စကိုတွေ့ရှိသဖြင့် တူးဖော်ခဲ့ရာ ကားပစ္စတင်ဖြင့်ပြုလုပ်ထားသည့် အရှည် ၁၂ လက်မ၊ အချင်း လေးလက်မခန့်ရှိ ဒေသန္တရ လက်လုပ်မိုင်း နှစ်လုံး၊ သံပိုက်ဖြင့်ပြုလုပ်ထားသည့် အရှည် ကိုးလက်မ၊ အချင်း နှစ်လက်မခန့်ရှိ ဒေသန္တရ လက်လုပ်မိုင်း လေးလုံး စုစုပေါင်း ဒေသန္တရ လက်လုပ်မိုင်း ခြောက်လုံးကိုတွေ့ရှိသဖြင့် သက်မဲ့ပြုလုပ်ပြီး သိမ်းဆည်းခဲ့ရကြောင်း သိရသည်။ **(ယာပုံ)**

တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၁၂ ရက် ညနေ ၄ နာရီခွဲတွင် မောင်တောမြို့နယ် ငါးရန့်ချောင်း ဘင်္ဂါလီကျေးရွာအတွင်း ကျန်ရှိသည့် ဘင်္ဂါလီအိမ်ထောင်စု ၁၁ စု၊ မိသားစု လူဦးရေ ၁၀၀ ခန့်ကို ဆန် သုံးအိတ်၊ ငရုတ်သီးခြောက် တစ်အိတ်၊ ဆီ တစ်ပုံး၊ ငါးခြောက်အိတ် တစ်အိတ်၊ ကြက်အူချောင်း တစ်ဖာတို့ကို ထောက်ပံ့ပေးအပ်ခဲ့ပြီး ကျန်းမာရေးချို့တဲ့နေသည့် ဘင်္ဂါလီလူမျိုး ၁၈ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

မြန်မာအလုပ်သမားများအပေါ် စကားရင့်သီးစွာပြောဆိုသည့် စက်ရုံမန်နေဂျာကို တာဝန်မှရပ်ဆိုင်းသွားမည်ဟုဆို

ဘုရားသုံးဆူ စက်တင်ဘာ ၁၃

ထိုင်း-မြန်မာနယ်စပ် စံခလပူရီ မြို့နယ် ကျယ်ဒီဆန်အုန်းကျေးရွာ(ရှမ်းကုန်း)ရှိ စက်ရုံ၌ စက်တင်ဘာ ၁၂ ရက် မွန်းလွဲပိုင်းက ကျယ်ဒီဆန်အုန်းကျေးရွာ(ရှမ်းကုန်း)ရှိ BSN ဖိနပ်စက်ရုံ၌ မြန်မာနိုင်ငံ ဘုရားသုံးဆူဘက်မှ နေ့ချင်းပြန် အလုပ်လုပ်ကိုင်နေသော မြန်မာအလုပ်သမား ၂၅၀ မှာ ထိုင်းနိုင်ငံသူ စက်ရုံမန်နေဂျာ ဖိနိုင်က အလုပ်သမားများအား အစားအသောက်၊ အသုံးအဆောင်ပစ္စည်းများကို အလုပ်ချိန်အတွင်း ယူဆောင်ခြင်းမပြုရန်၊ သီးခြားနေရာတွင်ထားရန်၊ နားနေချိန်မှသာ ယူဆောင်အသုံးပြုရန် စည်းကမ်းအသစ်ချမှတ်ကြောင်း ပြောဆိုရာတွင် စကားရင့်သီးစွာပြောဆိုသည့်အတွက် အလုပ်သမားများက မကျေနပ်၍ ပြန်လာခြင်းဖြစ်ကြောင်း အလုပ်သမားခေါင်းဆောင် ကိုငယ်၏ ပြောပြချက်အရ သိရသည်။

အဆိုပါဖြစ်စဉ်အား မြန်မာနိုင်ငံဘက်မှ တာဝန်ရှိသူများက ထိုင်းနိုင်ငံရှိ အဆိုပါစက်ရုံပိုင်ရှင်ကို ဆက်သွယ်၍ အလုပ်သမားအရေးကိစ္စ ဆွေးနွေးညှိနှိုင်းရာတွင် စက်ရုံပိုင်ရှင်က အလုပ်သမားများ လုပ်ငန်းခွင်ကို ပုံမှန်ပြန်လည်လုပ်ခွင့်ပေးမည်ဖြစ်ပြီး လုပ်ငန်းခွင်တွင် ဆက်ဆံရေးမပြေပြစ်သည့် မန်နေဂျာကို တာဝန်မှ ရပ်ဆိုင်းသွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းခွင်စည်းကမ်းနှင့်ပတ်သက်၍ ပြေလည်မှုရရှိအောင် ညှိနှိုင်းဆောင်ရွက်သွားမည်ဟု ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

မင်းသူ၊ ထွန်းထွန်းထွေး (ဘားအံ)

ကညင် ရေလှောင်တမံသည် ယခုနှစ်တွင် နွေစပါးနှင့် အခြားသီးနှံ စုစုပေါင်း ဧက ၁၅၅၉၉ ကို စိုက်ပျိုးရေပေးဝေလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၁၃

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် စက်တင်ဘာ ၉ ရက်က ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ် နန်းတော်ကုန်းကျေးရွာ တောင်သူပညာပေးစိုက်ကွင်းသို့ သွားရောက်ကြပြီး SRI မိုးစပါး စံပြစိုက်ကွင်းနှင့် ပခမ်းရွှေဝါ မှော်ဘီ(၇)၊ ဆင်းသွယ်လတ်စပါးမျိုးများ မျိုးယှဉ်ပြိုင်စိုက်ပျိုးထားရှိမှုများကို ကြည့်ရှုအားပေးကာ ဒေသခံတောင်သူ လယ်သမားများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ နည်းပညာလိုအပ်ချက်များနှင့် ရာသီအလိုက်သီးနှံပုံစံများ စနစ်တကျ ချမှတ်စိုက်ပျိုးနိုင်ရေးဆွေးနွေးခဲ့သည်။

ဆက်လက်၍ ဧရာဝတီ ဟသ်ာတတစ်ဖက်ကမ်းတာနှင့် ဧရာဝတီအရှေ့ဘက်ကမ်းတာများ ပြုပြင်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

နေ့လယ်ပိုင်းတွင် မြန်အောင်မြို့နယ် စက်မှုလယ်ယာကူးပြောင်းရေး လုပ်ငန်းစဉ်များ ရှင်းလင်းခြင်းအခမ်းအနားကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ စိုက်ပျိုးရေးဦးစီးဌာန စက်မှုလယ်ယာဦးစီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက စက်မှုလယ်ယာကူးပြောင်းရေးလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဒေသခံတောင်သူများက ယခုကဲ့သို့ စနစ်တကျစက်မှုလယ်ယာမြေများ ဖော်ထုတ်ပေးမည့် စီမံကိန်းလုပ်ငန်းများအတွက် ဝမ်းမြောက်စွာကြိုဆိုပါကြောင်း၊ စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ကျရာအခန်းကဏ္ဍများမှ ဝိုင်းဝန်းပူးပေါင်း ပါဝင်ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမန်းဂျော်နီက နိဂုံးချုပ်အမှာစကား ပြောကြားသည်။ ထိုမှတစ်ဆင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ကြံခင်းမြို့နယ် ရှောက်ခုံအုပ်စု မြင်သာကျေးရွာ၏ဒေသသောက်သုံးရေရရှိရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်မှုများအား ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ညနေပိုင်းတွင် မြန်အောင်မြို့နယ်၊ ပုသိမ်-မုံရွာကားလမ်းမကြီးအနီးရှိ မမြရေလှောင်တမံနှင့် အင်္ဂပူမြို့နယ်အတွင်းရှိ ကညင်ရေလှောင်တမံများ၏ ဆည်ရေသိုလှောင်ထားရှိမှု၊ ဒေသသောက်သုံးရေနှင့် စိုက်ပျိုးရေပေးဝေနေမှု၊ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်မှု လုပ်ငန်းစဉ်များအား ကြည့်ရှုစစ်ဆေးကြရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ကညင်ရေလှောင်တမံမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း နွေစပါးနှင့် အခြားသီးနှံစုံ စိုက်ဧက စုစုပေါင်း ၁၅၅၉၉ ဧကကို စိုက်ပျိုးရေပေးဝေနိုင်ခဲ့ပြီး၊ ရေအားလျှပ်စစ် ၅ မဂ္ဂါဝပ် တပ်ဆင်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

ကမာရွတ်မြို့နယ် ပြည်လမ်းနှင့် လှည်းတန်းထိပ် လှည်းတန်းစင်တာရှေ့၌ ကမာရွတ်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းဟန်၊ ယာဉ်ထိန်းတပ်ဖွဲ့စု (၃၉)မှ ဒုရဲမှူး ဇော်မျိုးထွန်း၊ မူးယစ်တပ်ဖွဲ့အုပ်စု (၄၂)မှ ရဲအုပ်ကျော်အောင်နှင့် တာဝန်ရှိသူတို့သည် စက်တင်ဘာလ ပထမပတ်က မူခင်းပညာပေးယာဉ်ဖြင့် လှည်းတန်းစင်တာ၌ ဈေးဝယ်လာရောက်ကြသူများ၊ လမ်းသွားလမ်းလာ အများပြည်သူများအား မူခင်းကြိုတင်ကာကွယ်ရေးနှင့် အသိပညာပေးဟောပြောစဉ်
(၃၄၉)

ပြည်သူ့အကျိုးပြု သန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၁၃

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်တွင် (၅၃)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၀ ရက်က တောင်ဥက္ကလာပမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ကျော်အောင် ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင် ၇၀ သည် တောင်ဥက္ကလာပစေတီတော်မြတ်ကြီး၌ သန့်ရှင်းရေးလုပ်အားပေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)

သုံးနိုင်ငံချစ်ကြည်ရေးလမ်းပိုင်း ပြင်ဆင်ရန် အိန္ဒိယအစိုးရက အကုန်အကျခံမည်

တမူး စက်တင်ဘာ ၁၃

အာရှအဝေးပြေးလမ်းမကြီးစီမံကိန်း၏ လမ်းပိုင်းတစ်ခုဖြစ်သော အိန္ဒိယ-မြန်မာ- ထိုင်း သုံးနိုင်ငံ ချစ်ကြည်ရေးလမ်း၏ ကလေးဝ-ယာကြီး ကားလမ်းပိုင်းကို ပြင်ဆင်ပြုပြင်ရန်နှင့် အိန္ဒိယနိုင်ငံအတွင်းရှိ အင်ဖာမှ မြန်မာနယ်စပ်သို့ ဖောက်လုပ်ထားသည့် အင်ဖာ-မိုရေး အဝေးပြေးလမ်းမကြီးကို လေးလမ်းသွားအဖြစ် အဆင့်မြှင့်တင်ရန်အတွက် အိန္ဒိယအစိုးရက အကုန်အကျခံမည်ဟု အိန္ဒိယနိုင်ငံဝန်ကြီးချုပ်မိုဒီ၏ မြန်မာနိုင်ငံခရီးစဉ်အပြီး ထုတ်ပြန်ချက်တွင်ဖော်ပြထားချက်အရ သိရသည်။

ပျက်စီးမှုများရှိနေသော ကလေးဝ- ယာကြီးလမ်းပိုင်း၏ မိုင် ၈၀ ခန့်ကို အိန္ဒိယအစိုးရက ရူပီးကုဋေ ၁၂၀၀ အကုန်အကျခံကာ ပြင်ဆင်ပြုပြင် အဆင့်မြှင့်တင်ရန် ၂၀၁၆ခုနှစ် စက်တင်ဘာ ၁၆ ရက်က ကုမ္ပဏီနှစ်ခု တင်ဒါအောင်မြင်ခဲ့ပြီး တမူး- ကျီကုန်း-ကလေးဝလမ်းနှင့် သုံးနိုင်ငံအမြန်လမ်းပိုင်း၏ ကလေးဝ- ယာကြီး လမ်းပိုင်းမှ တံတားများလည်း ပြန်လည်တည်ဆောက်သည့် ဆောက်လုပ်ရေးလုပ်ငန်းများ အမြန်စတင်ရန်အိန္ဒိယဝန်ကြီးချုပ်၏ မြန်မာနိုင်ငံခရီးစဉ်အပြီး ထုတ်ပြန်ချက်တွင် ဖော်ပြထားကြောင်း အိန္ဒိယအခြေစိုက် သတင်းဌာနများတွင် ရေးသားဖော်ပြထားသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကလေးဝ- ယာကြီး- မုံရွာလမ်းပိုင်းသည် နှစ်စဉ်နှစ်တိုင်း မိုးရာသီကာလများတွင် ကုန်တင်ကားများ သွားလာ၍မရအောင် ပျက်စီးလျက်ရှိနေပြီး လက်ရှိအခြေအနေတွင် မြန်မာဘက်မှ ဆောက်လုပ်ရေးအဖွဲ့များက ယာယီသွားလာနိုင်ရန် ကျောက်ချပြင်ဆင်ထားကြောင်း သိရသည်။

အလားတူ အိန္ဒိယနိုင်ငံအတွင်းရှိ အင်ဖာမှ မြန်မာနယ်စပ်သို့ ဖောက်လုပ်ထားသည့် အဝေးပြေးလမ်းမကြီးဖြစ်သော အင်ဖာ-မိုရေးလမ်းကို လေးလမ်းသွားအဖြစ် အဆင့်မြှင့်တင်ခြင်းနှင့် လမ်းအကျယ်တိုးချဲ့ခြင်း ဆောင်ရွက်ရန်အတွက် ရူပီး ၁၆၃၀ ဒသမ ၂၉ ကုဋေ ကျခံသုံးစွဲမည်ဖြစ်ကြောင်း၊ ယင်းစီမံကိန်းကို South Asian Sub-Regional Economic Cooperation (SASEC) ၏ ကုန်းလမ်းဆက်သွယ်ရေး ရင်းနှီးမြှုပ်နှံမှုအစီအစဉ်အောက်၌ အာရှဖွံ့ဖြိုးရေးဘဏ်၏ အကူအညီဖြင့် ဆောင်ရွက်နေခြင်းဖြစ်ပြီး လမ်းအဆင့် မြှင့်တင်ခြင်းအတွက် အိန္ဒိယစီးပွားရေးရာကော်မတီမှ ဇူလိုင်လအတွင်းက အတည်ပြုခဲ့ကြောင်း အိန္ဒိယနိုင်ငံ ကုန်းလမ်းပို့ဆောင်ရေး၊ ရေကြောင်းနှင့် အဝေးပြေး လမ်းမကြီးဝန်ကြီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

အင်ဖာ- မိုရေးလမ်းပိုင်းသည် အိန္ဒိယနှင့် မြန်မာနိုင်ငံတို့ကို ဆက်သွယ်ထားသည့်လမ်းဖြစ်ပြီး ထိုလမ်းပိုင်းမှတစ်ဆင့် မြန်မာနိုင်ငံကိုဖြတ်ကာ ထိုင်းနိုင်ငံ ဗန်ကောက်မြို့အထိ သွားရောက်နိုင်ကြောင်း၊ ယင်းမှတစ်ဆင့် အင်ဒိုနီးရှားနှင့် မလေးရှားတို့အထိ ဆက်လက်သွားရောက်နိုင်ကြောင်း၊ ယင်းတို့ကြောင့် အဆိုပါလမ်းပိုင်းသည် နိုင်ငံတကာနှင့် ချိတ်ဆက်နေသည့် လမ်းတစ်ခုလည်းဖြစ်ကြောင်း သိရသည်။

ချင်းတွင်းသား

မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော ဩဂုတ် ၃၁ ရက်မှစက်တင်ဘာ ၅ ရက်အထိ တစ်ပတ်အတွင်း ထွက်ရှိသောစာအုပ်စာရင်း

စက်တင်ဘာ ၁၁ ရက်နေ့မှအဆက်

စဉ်	စာအုပ်အမည်	စာရေးသူ	ဈေးနှုန်း	ထုတ်ဝေသည့်တိုက်
၂၆	တမုတ်ရွှေဂူကြီးဘုရား	မင်းဘူးအောင်ကြိုင်	၃၀၀၀	တိုးမြစ်
၂၇	ကလေးတို့ချစ်သော အနုရုဒ္ဓါ (သို့) အနော်ရထာ	မောင်ဆန္ဒ (လယ်ဝေး)	၁၅၀၀	ရွှေပဒေသာ
၂၈	မူလတန်း အင်္ဂလိပ်သဒ္ဒါ	နေလင်းဝင်း	၁၅၀၀	မဇ္ဈိမ
၂၉	အလုပ်သမားရေးရာ သိမှတ်စရာ	ဦးအောင်သန်း	၂၅၀၀	ရှုတိုင်းယဉ်
၃၀	လှည်းကူးမြို့နယ်သမိုင်းအကျဉ်းနှင့် သရေခေတ္တရာ ပျူလူမျိုးများ၏ကိုးကွယ်ယုံကြည်မှုစာတမ်း	Dr. ဘဒ္ဒန္တရေဝတာ လင်္ကာရ	၁၅၀၀	ကံ့ကော်ဝတ်ရည်
၃၁	သုတရတနာသိုက် (၅)	ပဉ္စင်္ဂစာတည်းအဖွဲ့	၃၀၀၀	ပဉ္စင်္ဂ
၃၂	စီးပွားရေးထဲကလူ လူထဲကစီးပွားရေး	ခင်မောင်ညို (ဘောဂဗေဒ)	၁၇၀၀	စိတ်ကူးချိုချို
၃၃	အရှေ့ကနေသည်	ဦးကျော်ဇေယျ	၃၅၀၀	မယ်နှင့်မောင်
၃၄	မိုးလောက်ကြီးကိုချစ်ပြမယ် (ဟာသလုံးချင်းနှင့်နှစ်တွဲပေါင်း)	ကြူမွှေး	၄၅၀၀	စိတ်ကူးချိုချို
၃၅	လွှမ်းရအောင်	မင်းလူ	၃၀၀၀	ရွှေနှလုံးသား
၃၆	စုံထောက်မောင်စံရှား ဝတ္ထုတိုပေါင်းချုပ်	ရွှေဥဒေါင်း	၂၀၀၀	စာပေလောက
၃၇	အာရှပြတင်း၊ အာရှမြင်ကွင်းကျယ်	ကျော်ရင်မြင့်	၂၃၀၀	ချိုးချိုး

စဉ်	စာအုပ်အမည်	စာရေးသူ	ဈေးနှုန်း	ထုတ်ဝေသည့်တိုက်
၃၈	စိန့်ပီတာစဘတ်မှလူ	မောင်မိုးသူ	၆၀၀၀	ချိုးချိုး
၃၉	နေ့စဉ်ပြောကြား ထွေရာလေးပါး အင်္ဂလိပ်စကား အတိုအထွာများ	ဆရာထွန်းစိန်	၃၀၀၀	ရွှေမင်းဝန်
၄၀	တာဝန်ကျေခဲ့ပါသည် အပိုင်း(၅)	စစ်နွေ	၃၅၀၀	မြဝတီ
၄၁	နှင်းပျောက်တဲ့နွေနှင့်ကိုသက်ဦးဂီတပုံရိပ်များ	ကလောင်စုံ	၄၀၀၀	နဝဒေး
၄၂	ငါးရာ့ငါးဆယ်ဗုဒ္ဓဝင်နှင့် ဓမ္မရသပုံပြပေါင်းချုပ်	ကျော်ဖြူစံ	၉၀၀၀	စိတ်ကူးချိုချို
၄၃	လာနီညာဆိုတဲ့မိန်းကလေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ဆောင်းပါးများ	မောင်ထွန်းလွင် (မိုးလေဝသ)	၄၀၀၀	ချိုးချိုး
၄၄	ပျောက်ဆုံးသွားသောမျိုးဆက်တစ်ခု (ပထမပိုင်း) ၁၉၆၈-၁၉၇၆	ကျော်ဝင်း	၈၀၀၀	တကောင်း
၄၅	ပျားရည်ရှာပုံတော်	ဉာဏ်ဉာဏ်	၁၅၀၀	နေရီရီ
၄၆	လက်ရွေးစင်ဟာသပဒေသာ အမှတ်-၂၅	မောင်ကောင်းထိုက်	၂၀၀၀	ရွှေပဒေသာ
၄၇	ကောင်လေး	မမသဒ္ဒါမောင်	၂၀၀၀	ရွှေပဒေသာ
၄၈	အခါလွန်အမုန်း	ကြယ်စင်မှူးဝေ	၁၇၀၀	ရွှေပဒေသာ
၄၉	အတိတ်ဟောင်းနဲ့အလွမ်းကျော်	လှိုင်းကြာဖြူ (လားရှိုး)	၁၇၀၀	ရွှေပဒေသာ

အစွန်းရောက်အကြမ်းဖက်မှုအပေါ် မောင်တောမြို့နယ်ရှိ အစ္စလာမ်ဘာသာဝင်များ၏ သဘောထားအမြင်များ

ဩဂုတ် ၂၅ ရက် အကြမ်းဖက်ဖြစ်စဉ်ဖြစ်ပွားပြီး နှစ်ရက်အတွင်း မောင်တောမြို့ပေါ်တွင် လုံခြုံရေးကို တည်ငြိမ်စွာထိန်းချုပ်နိုင်ခဲ့ကြောင်း စက်တင်ဘာ ၆ ရက်က မောင်တောဒေသသို့ ရောက်ရှိလာသည့် သတင်းမီဒီယာသမားများနှင့် တွေ့ဆုံစဉ် ရခိုင်ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဖုန်းတင့်က ပြောကြားသည်။

ဦးမော်နီအာမတ်
ရွှေဇားကျေးရွာ
အုပ်စု ကပ္ပကောင်း
ကျေးရွာတာဝန်ခံ

ဦးရော်ရှီးအာမတ်
ရွှေဇားကျေးရွာ
အုပ်စု ဂုံနားရွာ

ဦးတော်ရှဒ်
မောင်တောမြို့မ
ကညင်တန်း
ရပ်ကွက်

မောင်တောမြို့ပေါ်၌ နယ်မြေရှင်းလင်းမှုများ ပြုလုပ်ရာတွင် အကြမ်းဖက်သမားများနှင့် ဆက်စပ်မှုမရှိဟု အာမခံချက်ပေးထားသော အစ္စလာမ်ဘာသာဝင်များနေထိုင်သည့် ကျေးရွာများသည် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ စစ်ဆေးမှုကို အေးချမ်းစွာခံယူခဲ့ကြောင်း သိရသည်။

ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ အန္တရာယ်ကို ကြောက်ရွံ့၍ မောင်တောမြို့ပေါ်တွင် လာရောက်နေထိုင်သည့် ရခိုင်တိုင်းရင်းသားများနှင့် ဟိန္ဒူဘာသာဝင်များအား နေရာရှစ်နေရာခွဲ၍ ယာယီကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ပေးထားပြီး အကြမ်းဖက်သမားများနှင့် ဆက်စပ်မှုမရှိကြောင်း အာမခံချက်ပေးနိုင်မည့် အစ္စလာမ်ဘာသာဝင်များကိုလည်း စခန်းများဖွင့်လှစ်၍ ကူညီပေးမည်ဖြစ်ကြောင်း မောင်တောခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်က သတင်းမီဒီယာများကို ပြောကြားထားသည်။

လက်ရှိအချိန်တွင် အစ္စလာမ်ဘာသာဝင်များနေထိုင်သည့် ရွှေဇားကျေးရွာအုပ်စု၊ မောင်နီရွာနှင့် မြို့မကညင်တန်းရပ်ကွက်သည် ARSA အစွန်းရောက်အကြမ်းဖက်များ ဝင်ရောက်ခြင်းမရှိ၍ ထိခိုက်ပျက်စီးမှုမရှိဘဲ နေထိုင်လျက်ရှိနေသည်။

ပြည်တွင်းပြည်ပသတင်းမီဒီယာများသည် မောင်တောဒေသသို့ စက်တင်ဘာ ၆ ရက်မှ ၈ ရက်အထိ သွားရောက်ခဲ့ပြီး သွားရောက်ခဲ့စဉ်အတွင်း အစ္စလာမ်ဘာသာဝင်များနှင့်လည်း တွေ့ဆုံမေးမြန်းခဲ့သည်။

အစ္စလာမ်ဘာသာဝင်အချို့အား သတင်းအဖွဲ့၏ တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြအပ်ပါသည်။

ဦးမော်နီအာမတ် (အသက် ၅၄ နှစ်)
ရွှေဇားကျေးရွာအုပ်စု ကပ္ပကောင်းကျေးရွာတာဝန်ခံ

မေး ။ ။ အကြမ်းဖက်ဖြစ်စဉ်ထဲမှာ ဒီရွာက ပါဝင်မှုရှိပါသလား။

ဖြေ ။ ။ မပါပါဘူး။ ၂၀၁၂ တုန်းကရော၊ ၂၀၁၆ အောက်တိုဘာတုန်းကပါ ရွှေဇားမှာ ဘာမှမဖြစ်ပါဘူး။ ဒါပေမယ့် ဒီအကြမ်းဖက်ဖြစ်စဉ်မတိုင်မီ အရင်လတုန်းက အစွန်းရောက်အကြမ်းဖက်သမားတွေရောက်လာပြီး ကျွန်တော်တို့ဆီမှာ လူလေးယောက်အသတ်ခံရတယ်။ အခြားကျေးရွာအုပ်စုတွေထဲမှာလည်း အစွန်းရောက်အကြမ်းဖက်သမားတွေရှိတယ်။ အခြားရွာတွေက လာလုပ်တာပါ။ အစိုးရနဲ့ပေါင်းလို့ဆိုပြီး အသတ်ခံရတာပါ။

မေး။ ။ ဩဂုတ် ၂၅ ရက်နေ့ ဖြစ်စဉ်ကနေ ဒီနေ့အထိ ရွှေဇား ကပ္ပကောင်းရွာအုပ်စုရဲ့အခြေအနေကို ပြောပြပါ။

ဖြေ ။ ။ ဒီမှာ စဖြစ်တာက ၂၅ ရက်နေ့ကပါ။ မနက် ၂ နာရီလောက် ဖြစ်မယ်။ သေနတ်ပစ်သံကြားတယ်။ ဘယ်နေရာကမှန်း မသိဘူး။ သေနတ်သံတွေ အများကြီးကြားရတယ်။ အစွန်းရောက်အကြမ်းဖက်သမားတွေက ကင်းစခန်းကို ဝင်တိုက်တယ်ကြားတယ်။ ဒီမှာက နယ်ခြားစောင့်ရဲကင်းစခန်းရှိတယ်။ ကျွန်တော်တို့ရွာက အခုထိတော့ တည်ငြိမ်အေးချမ်းဆဲပဲ။ ကျွန်တော်တို့ အခု အေးအေးဆေးဆေးသွားလို့ရတယ်။ မောင်တောမြို့ပေါ်ကိုတော့ သွားလို့မရသေးဘူး။ သွားလို့ရမယ်လို့တော့ သတင်းရတယ်။ ကျွန်တော်က ရွှေဇားမှာပဲ မွေးတာပါ။ လူဦးရေက ၁၅၀၀၀ လောက်ရှိပါတယ်။ ဒီမှာ အရင်ကတည်းက ဘာမှမဖြစ်ခဲ့ပါဘူး။

မေး။ ။ စက်တင်ဘာ ၅ ရက်နေ့ညက ဒီဘက်မှာ မီးရှို့မှုဖြစ်တယ်ကြားတယ်။ ဘယ်လိုကြောင့်ပါလဲ။

ဖြေ ။ ။ မနေ့က မီးလောင်တာက ဂုံညာရွာမှာပါ။ အိမ်ခြေ ၃၈ လုံး မီးလောင်ပါတယ်။ အဲဒီမှာလည်း အစွန်းရောက်အကြမ်းဖက်သမားရှိတယ်လို့ သတင်းရတယ်။ ကျွန်တော်တို့အုပ်စုနဲ့ နည်းနည်းဝေးတယ်။ ကျွန်တော်တို့ ရွှေဇားကျေးရွာအုပ်စုမှာ ရွာ ၁၂ ရွာရှိပါတယ်။ ရခိုင်တိုင်းရင်းသားတွေနေတဲ့ရွာတစ်ရွာ၊ ဟိန္ဒူဘာသာဝင်တွေ နေတဲ့ရွာတစ်ရွာ၊ အစ္စလာမ်ဘာသာဝင်တွေနေတဲ့ရွာက ၁၀ ရွာ ရှိတယ်။ ၉ ရွာ က ဒေသအာဏာပိုင်တွေနဲ့ သဘောတူညီမှု လုပ်ထားတယ်။ ဒါပေမယ့် ဂုံညာရွာက အဲဒီအထဲမှာ မပါဘူး။ အစွန်းရောက်အကြမ်းဖက်မရှိဘူးဆိုရင် ဆက်သွယ်ပါပြောထားတယ်။

မေး။ ။ အာဏာပိုင်အဖွဲ့နဲ့ ဘယ်လိုသဘောတူထားပါသလဲ။

ဖြေ ။ ။ကျွန်တော်တို့ရွာမှာ အစွန်းရောက်အကြမ်းဖက်သမားမရှိဘူး။ အဲဒါကို ကျွန်တော်တို့ ရွာတာဝန်ခံတွေက တာဝန်ယူထားတယ်။ ရွာမှာ အစွန်းရောက်အကြမ်းဖက်သမားမရှိဘူး။ ပြဿနာလည်းမရှိဘူး။ ပြဿနာမဖြစ်အောင်နဲ့ ဘာမှမဖြစ်အောင်နေဖို့ ထိန်းသိမ်းထားတယ်။ ၂၅ ရက် အကြမ်းဖက်ဖြစ်စဉ်ဖြစ်ပြီး ၂၇ ရက်နေ့မှာ ကျွန်တော်တို့ ဒေသအာဏာပိုင်တွေနဲ့ ဆက်သွယ်တယ်။ ဒီမှာရှိတဲ့ နယ်ခြားစောင့်တပ်ကလည်း ကျွန်တော်တို့ကို အကာအကွယ်ပေးတယ်။ ဒီလိုလုပ်တာက ရွာကသူတွေအားလုံးနဲ့ သဘောတူပြီး အေးအေးချမ်းချမ်းနေချင်လို့ဆောင်ရွက်တာပါ။ ရွာမှာ ဗလီ ၁၆ ခုရှိတယ်။ ဝတ်ပြုခွင့်လည်း ရပါတယ်။ ကျွန်တော်တို့ ရွှေဇားမှာ ဈေးလေးတစ်ခုရှိပါတယ်။ သွားလို့လာလို့ရပါတယ်။

မြို့မ ကညင်တန်းဈေး၌ ဈေးရောင်းချသူများ၊ ဈေးဝယ်သူများကို တွေ့ရစဉ်

ဦးရော်ရှီးအာမတ် (အသက် ၅၉ နှစ်)
ရွှေဇားကျေးရွာအုပ်စု၊ ဂုံနားရွာ

မေး ။ ။ လက်ရှိ ရွာရဲ့အခြေအနေ ဘယ်လိုရှိပါသလဲ။

ဖြေ ။ ။အေးအေးဆေးဆေးပါ။ မနေ့ကတော့ ဂုံညာဆိုတဲ့ရွာမှာ ဆူဆူပူပူဖြစ်ပြီး မီးရှို့တယ်လို့ကြားတယ်။ ဂုံညာက ရွှေဇားအပိုင်ပါ။ ဘယ်သူရှို့တာလဲ မသိရပါဘူး။

မေး ။ ။ အခုရွာမှာနေထိုင်ရတာ စိုးရိမ်မှုမရှိဘူးလား။

ဖြေ ။ ။ ညဘက် ၆ နာရီထိုးရင် အိမ်ထဲမှာနေတယ်။ ရွာလူကြီးတွေက စိုးရိမ်စရာမရှိဘူးလို့ ပြောထားတယ်။ ကိုယ့်အိမ်မှာပဲ အေးအေးဆေးဆေးနေဖို့ ပြောပါတယ်။ ကျွန်တော့်မိသားစုလည်း အိမ်မှာပဲရှိပါတယ်။ မိသားစု ၁၂ ယောက်ရှိပါတယ်။

မေး ။ ။ ဒီရွာမှာ အခြားကို ထွက်ပြေးတဲ့သူများ ရှိပါသလား။

ဖြေ ။ ။ ကျွန်တော်တို့အပိုင်းမှာတော့ ထွက်ပြေးတဲ့သူ မရှိဘူး။ အချို့ရွာတွေမှာတော့ ထွက်ပြေးတဲ့သူရှိပါတယ်။ ကြောက်လို့ပြေးတာရှိသလို ကျန်တာက ဘာကြောင့် ပြေးသလဲ မသိပါဘူး။ ဆူတဲ့သူ၊ အကြမ်းဖက်ချင်တဲ့သူတွေ အဲဒီရွာတွေမှာ ရှိချင်ရှိမယ်။ ကျွန်တော်တို့ဘက်မှာတော့ မရှိပါဘူး။

မေး ။ ။ အစွန်းရောက်အကြမ်းဖက်သမားတွေ လာရောက်စည်းရုံးတာ ရှိပါသလား။

ဖြေ ။ ။ကျွန်တော်တို့ရွာမှာ ဒီနေ့အထိတော့ လာတာလည်း မရှိပါဘူး။ အကြမ်းဖက်မှုတွေလုပ်တာလည်း မရှိပါဘူး။ အခြားရွာကသူတွေလည်း ကျွန်တော်တို့ရွာမှာ လာမနေပါဘူး။

မေး ။ ။ ဒီရွာမှာနေတာ ကြာပြီလား ။ ပြောပြပေးပါဦး။

ဖြေ ။ ။ ရွာမှာနေတာ ကျွန်တော့်မိဘလက်ထက်ကတည်းကပါ။ မွေးကတည်းကနေတာ အခု ကျွန်တော့်အသက် ၅၉ နှစ်ရှိပါပြီ။ ရွှေဇားအုပ်စုမှာ လူဦးရေ ၁၅၀၀၀ လောက်ရှိတယ်။ အချို့က လယ်လုပ်တယ်။ အချို့က ဈေးရောင်းတယ်။ အမျိုးမျိုးပါပဲ။ မောင်တောမြို့မှာ အေးအေးချမ်းချမ်းနေထိုင်နေတဲ့ မူဆလင်ရွာတွေ အများကြီးရှိပါတယ်။ အခုဖြစ်တာက အခြားမှာဖြစ်ကြတာပါ။ ဒီဘက်နဲ့ ဝေးပါတယ်။ သွားလာလို့ရရင်၊ ဈေးရောင်းလို့ရရင်၊ အလုပ်တွေ ပြန်လုပ်လို့ရရင် အေးအေးချမ်းချမ်း ဖြစ်သွားမယ်လို့ ထင်ပါတယ်။ အရင်က ကျွန်တော်တို့ ရခိုင်တိုင်းရင်းသားတွေ၊ ဟိန္ဒူဘာသာဝင်တွေနဲ့ အတူတူနေခဲ့ကြတာပါ။

ရွှေဇားရွာ၌ သတင်းရယူနေသည့် သတင်းမီဒီယာသမားများနှင့် ရွာသူရွာသားများကို တွေ့ရစဉ်

ဦးတော်ရှဒ် (အသက် ၅၉ နှစ်)
မောင်တောမြို့မ၊ ကညင်တန်းရပ်ကွက်

မေး ။ ။ ကညင်တန်းဈေးကို ဘယ်တုန်းက ပိတ်လိုက်တာလဲ။ ဘာကြောင့် ပိတ်ခဲ့တာလဲ။

ဖြေ ။ ။ ဈေးကို အကြမ်းဖက်ဖြစ်စဉ် ဖြစ်တဲ့နေ့က ပိတ်လိုက်တာပါ။ အကြမ်းဖက်မှုဖြစ်ပြီး တစ်ပတ်လောက်မှာတော့ ယာယီဖွင့်ပြီး နည်းနည်းပါးပါးရောင်းတယ်။ ရောင်းစရာကုန်ရင်ပိတ်ပါတယ်။ အပြင်မှာလည်း ချရောင်းပါတယ်။ အခုမြင်တဲ့အတိုင်းပါပဲ။

မေး ။ ။ အကြမ်းဖက်ဖြစ်တဲ့အကြောင်းလေး သိသလောက်ပြောပါဦး။

ဖြေ ။ ။ ညဘက်ဖြစ်တယ်ဆိုတော့ ဘယ်မှာဖြစ်မှန်းတောင်မသိဘူး။ ဒီလိုဖြစ်လာဖို့ကိုလည်း ကျွန်တော်တို့ စိတ်မကူးပါဘူး။ မမျှော်လင့်ထားဘဲ ဘယ်လိုဖြစ်လာမှန်းမသိဘူး။ ဒီဘက်မှာ မီးရှို့တာမရှိပါဘူး။ ခရိုင်ရုံးနောက်က ကညင်တန်းမြို့မမှာတော့ မီးရှို့တာရှိပါတယ်။ အစွန်းရောက်အကြမ်းဖက်သမားတွေက မီးရှို့ပြီး ဖျက်ဆီးတယ်လို့ ကြားရတယ်။ ကျွန်တော်တို့ ဒီဘက်အခြမ်းမှာ ဘာမှမဖြစ်ပါဘူး။ အရင်က လူဦးရေ ၁၅၀၀၀ လောက်ရှိပါတယ်။ အခုတော့ ၁၀၀၀၀ ကျော်လောက်တော့ ကျန်ဦးမယ်။ အချို့က ဘင်္ဂလားဒေ့ရှ်ကို ထွက်သွားကြတယ်။ အချို့ကလည်း အနီးအနားရွာကို သွားပါတယ်။ စိုးရိမ်စိတ်တွေ ရှိနေကြတယ်။

မေး ။ ။ ဘာကြောင့် စိုးရိမ်စိတ်ရှိသလဲ။

ဖြေ။ ။ တစ်ဖက်က အကြမ်းဖက်မှုတွေရှိတော့ လုံခြုံရေးတပ်ဖွဲ့တွေက နယ်မြေရှင်းလင်းရေးလုပ်တယ်။ အဲဒီလိုရှင်းလင်းတဲ့အထဲ ပါသွားမလား၊ ဖမ်းဆီးမလားဆိုတဲ့ စိတ်တွေရှိတယ်။ မပါတဲ့သူတွေကလည်း စိုးရိမ်ကြတယ်။ ဒီမှာ ဘာမှမဖြစ်တော့၊ ဒီကသူတွေပါမယ်လို့တော့ ကျွန်တော်မယူဆပါဘူး။ လူတွေက စိုးရိမ်စိတ်တော်တော်ဖြစ်တယ်။ တိုက်ပွဲဖြစ်မယ်လို့လည်း ကြားနေရလို့ပါ။

မေး ။ ။ မောင်တောမြို့ထဲမှာ ဈေးတွေပြန်ဖွင့်ဖို့ ခွင့်ပြုပြီလား။

ဖြေ ။ ။ ခွင့်ပြုပြီလို့ ကြားပါတယ်။ မနေ့က မြို့အဝင်လမ်းဆုံ နာရီစင်နားမှာ ဆိုင်နှစ်ဆိုင်၊ သုံးဆိုင် ပြန်ဖွင့်တယ်လို့ ကျွန်တော့်သူငယ်ချင်းက ပြောတယ်။ သူက ဆေးဆိုင်ဖွင့်တာပါ။ တစ်နာရီ၊ နှစ်နာရီလောက်ဖွင့်ပြီး ပြန်ပိတ်လိုက်တယ်ကြားပါတယ်။ လူတွေက စိုးရိမ်စိတ်နဲ့ဆိုတော့ သိပ်ပြီးမစည်ဘူး။ ဈေးတွေပြန်ဖွင့်မယ်။ ဘယ်ကိုမှ ထွက်မသွားကြနဲ့လို့ ရွာသားအချင်းချင်း ပြောတာကြားပါတယ်။

မေး ။ ။ အကြမ်းဖက်မှုဖြစ်စဉ်နဲ့ပတ်သက်ပြီး ဘာများပြောချင်ပါသလဲ။

ဖြေ ။ ။ ကျွန်တော်တို့ စိတ်မကောင်းဘူး။ အကြမ်းဖက်ပြီး အခွင့်အရေးဆိုတာ မရနိုင်ပါဘူး။ ငြိမ်းငြိမ်းချမ်းချမ်း ဖြေရှင်းတဲ့နည်းနဲ့ပဲ ကောင်းပါတယ်။ ဒါပေမယ့် သူတို့က အကြမ်းဖက်မှ ရမယ်ဆိုတဲ့ ထင်ကြေးနဲ့လုပ်တာလား မသိပါဘူး။ အခွင့်အရေးအတွက်ဆိုပြီး လူတွေကို သူတို့ပြောကြမယ်။ ဒီလိုလုပ်ရင် အခွင့်အရေးက ပိုပြီးဝေးသွားမယ်။ ဒါဟာ မလုပ်သင့်တဲ့ကိစ္စပါ။ အခုလို တစ်ခုခု ပြဿနာဖြစ်ပြီဆိုရင် ပြည်သူတွေအများကြီး နစ်နာပါတယ်။ ဘာလို့ ဒီလိုလုပ်တာလဲ။ တစ်ဖက်က အကြမ်းဖက်ရင် တစ်ဖက်က ရှင်းလင်းမယ်။ အဲဒီမှာ ပြည်သူတွေ ပါထိခိုက်ပါတယ်။

တွေ့ဆုံမေးမြန်း-သတင်းအဖွဲ့

ရပ်ကွက်အတွင်း လုံခြုံရေးကင်းလှည့်စဉ် နိုင်ငံခြားသားတစ်ဦးဖမ်းဆီးရမိ

တာချီလိတ် စက်တင်ဘာ ၁၃
ရှမ်းပြည်နယ်အရှေ့ပိုင်း ဆန်ဆိုင်း(ခ) ရပ်ကွက်၌ လုံခြုံရေးကင်းလှည့်ရာမှ မသင်္ကာဖွယ်ဆေးမင်ကြောင် အရုပ်များ ထိုးထားသည့် နိုင်ငံခြားသား အမျိုးသား တစ်ဦးအား စက်တင်ဘာ ၁၂ ရက် ညပိုင်းက ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၁၂ ရက် ည ၁၀ နာရီကျော်က တာချီလိတ်မြို့ ဆန်ဆိုင်း(ခ)ရပ်ကွက် အုပ်ချုပ်ရေး အဖွဲ့နှင့် ပြည်သူ့စစ်အဖွဲ့ဝင်များ ရပ်ကွက်အတွင်း လုံခြုံရေးကင်းလှည့်နေစဉ် မသင်္ကာဖွယ်လူတစ်ဦးအား တွေ့ရှိစစ်မေးရာ တစ်ဖက်နိုင်ငံသားဖြစ်၍ ရဲစခန်းသို့ အပ်နှံပေးသဖြင့် တာချီလိတ်မြို့နယ် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရုံးသို့ အကြောင်းကြား၍ ဒုလဝကမှူး ဦးမျိုးနိုင်နှင့်အဖွဲ့က လာရောက်စစ်ဆေးရာ နိုင်နတ် တဖွန်းနန်းတောင်း(ခ)အိုက်ကျို့ ဆိုသူဖြစ်ပြီး တာချီလိတ်မြို့ အတွင်းသို့ အမှတ်(၁) ချစ်ကြည်ရေးတံတားမှ စက်တင်ဘာ ၉ ရက်က တရားဝင် ဝင်ရောက်ခဲ့သည်ဟု ဆိုသော်လည်း တရားဝင်နယ်စပ်ဖြတ်သန်းခွင့်လက်မှတ် တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိကြောင်း စစ်ဆေးသိရသည်။ အထောက်အထားတစ်စုံတစ်ရာ မရှိသော နိုင်နတ်တဖွန်း နန်းတောင်း (ခ) အိုက်ကျို့ (၂၈နှစ်) ခေါင်တေးရပ်ကွက် ဗန်ကောက်မြို့နေသူအား တာချီလိတ်မြို့မ ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။**မြင့်မိုရ်(တာချီလိတ်)**

စမ်းချောင်းမြို့နယ်တွင် အများပြည်သူစိတ်အနှောင့်အယှက်ဖြစ်စေရန် ညစ်ညမ်းစွာဆဲဆိုသူအား ဥပဒေနှင့်အညီ အရေးယူ

ရန်ကုန် စက်တင်ဘာ ၁၃
စမ်းချောင်းမြို့နယ် လင်းလွန်း (တောင်)ရပ်ကွက် ဗဟိုလမ်းနှင့် ရွှေလောင်းလမ်းထောင့်တွင် စက်တင်ဘာ ၁၂ ရက် ည ၈ နာရီခန့်က အမျိုးသား တစ်ဦး အရက်သေစာသောက်စား မူးယစ်ပြီး ညစ်ညမ်းစကားလုံးများဖြင့် ဘင်္ဂါလီများဟုသုံးနှုန်းကာ ဆဲဆိုနေကြောင်း သတင်းအရ စမ်းချောင်းမြို့နယ် ရဲတပ်ဖွဲ့မှူး ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများပါဝင်သောအဖွဲ့က အဆိုပါ နေရာသို့သွားရောက်၍ ထိန်းသိမ်းခဲ့သည်။ ယင်းသို့ဆဲဆိုသူမှာ ကြည့်မြင်တိုင်မြို့နယ် မီးရထားဘူတာဝင်း လိုင်းခန်းနေ သိန်းထွေး (ခ) အောင်သိန်းထွေး (၂၄နှစ်)ဖြစ်ပြီး ၎င်းအား ရဲစခန်းသို့ ခေါ်ဆောင်ကာ ထိန်းသိမ်းဆောင်ရွက်ခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ သိန်းထွေး (ခ)အောင်သိန်းထွေးအား စစ်ဆေးရာ ၎င်း၏ အစ်ကိုဖြစ်သူ ကိုအောင်စိုးမိုးသည် ရခိုင်ပြည်နယ် မောင်တောမြို့နယ်သို့ မိသားစုနှင့်အတူသွားရောက်နေထိုင်ပြီး အလုပ်လုပ်ကိုင်နေစဉ် အကြမ်းဖက်သမားများ၏ သတ်ဖြတ်ခြင်းကို ခံရကြောင်း သိရှိရသဖြင့် စိတ်ခံစားချက်အရ နေအိမ်လိုင်းခန်းသို့ပြန်လာစဉ် အများပြည်သူ အနှောင့်အယှက်ဖြစ်စေရန် ညစ်ညမ်းစွာ ဆဲဆိုခဲ့ခြင်းဖြစ်ကြောင်း ပေါ်ပေါက်ခဲ့သည်။

ပေါ်ပေါက်ချက်အရ သိန်းထွေး (ခ)အောင်သိန်းထွေးအား စမ်းချောင်းရဲစခန်းက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

(ကိုရဲ)

ဟိုပင်မြို့တွင် မပေါက်ကွဲသေးသော လေယာဉ်တင်ဗုံးတစ်လုံးတွေ့ရှိ

မိုးညှင်း စက်တင်ဘာ ၁၃
ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ဟိုပင်မြို့တွင် ရေမြောင်းအတွင်းရေတိုက်စားရာမှ မပေါက်ကွဲသေးသော လေယာဉ်တင်ဗုံးသီးတစ်လုံးတွေ့ရှိရသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ပြည်သူများ ထိခိုက်မှုမရှိအောင် လုံခြုံရေးဆောင်ရွက်ပေးထားကြောင်း သိရသည်။

စက်တင်ဘာ ၁၂ ရက် နံနက် ၇ နာရီက ဟိုပင်မြို့မြို့မမြောက်ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဝင်းဦးသည်နေအိမ်၌ရှိနေစဉ် ငါးဖမ်းသည့်ကလေးငယ်များရောက်ရှိလာပြီး ဟိုပင်မြို့ ဝက်ကုန်းရပ် သရက်ချောင်း သံလမ်းတံတားအောက်ဘက် ပေ ၅၀ ခန့်အကွာ ရေမြောင်းအတွင်း ရေတိုက်စားရာမှ ဗုံးသီးဟုယူဆရသော သံထည်ပစ္စည်းတစ်ခု တွေ့ရှိကြောင်း သတင်းပေးသဖြင့် ဟိုပင်နယ်မြေရဲစခန်းသို့ ဆက်သွယ်အကြောင်းကြားရာ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် ရှိန်းထက်ဦးနှင့်တပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်ဖွဲ့ဝင်များ၊ ဟိုပင်မြို့အုပ်ချုပ်ရေးမှူး ဦးစိုးမိုးအောင်နှင့်အဖွဲ့ဝင်များက သွားရောက် စစ်ဆေးခဲ့ကြသည်။

စစ်ဆေးချက်အရ အဆိုပါဗုံးသီးသည် အရှည် လေးပေ၊ လုံးပတ်သုံးပေ၊ အလေးချိန် ပေါင် ၁၀၀၀ ခန့်ရှိပြီး မပေါက်ကွဲသေးသော လေယာဉ်တင်ဗုံးသီးဖြစ်ကြောင်း သိရှိရသဖြင့် ဒေသခံပြည်သူများ အန္တရာယ်မရှိစေရန်အတွက် တာဝန်ရှိသူများက လုံခြုံရေးဆောင်ရွက်ထားကြောင်း၊ အဆိုပါ ဗုံးသီးအားအမြန်ဆုံးရှင်းလင်းနိုင်ရေးအတွက် မိုင်းရှင်းလင်းရေးအဖွဲ့ထံသို့ ဆက်သွယ်အကူအညီ တောင်းခံထားကြောင်း သိရသည်။

(၀၆၇)

ရေမဆေးကျောက်ရှာဖွေနေစဉ် မြေပြိုကျသဖြင့် မြေစာများပိ၍ လူနှစ်ဦးသေဆုံး

နေပြည်တော် စက်တင်ဘာ ၁၃ - ကချင်ပြည်နယ် ဖားကန့်မြို့နယ်တွင် စက်တင်ဘာ ၁၂ ရက်က ရေမဆေးကျောက်ရှာဖွေနေစဉ် မြေပြိုကျသဖြင့် လူနှစ်ဦး မြေစာများပိသေဆုံးမှုဖြစ်ပွားကြောင်း သတင်းအရ ဆိပ်မူရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးရာ တောင်းကော့ ကျေးရွာနေ မျိုးနိုင်ဦး(၂၃နှစ်)သည် တောင်းကော့ကျေးရွာနှင့် ကရင်ချောင်းကျေးရွာကြားရှိ ထွန်းတောက်ဇမ္ဗူကျောက်မျက် တူးဖော်ရေးကုမ္ပဏီလုပ်ကွက်ဟောင်း၌လည်းကောင်း၊ စပေါ့ကျေးရွာနေ လှမျိုးအောင် (၁၈နှစ်)သည် စပေါ့ကျေးရွာအနီးရှိ ဆိုင်းတောင် ကျောက်မျက်တူးဖော်ရေးကုမ္ပဏီလုပ်ကွက်ဟောင်း၌လည်းကောင်း ရေမဆေးကျောက်ရှာဖွေနေစဉ် ရုတ်တရက်မြေပြိုကျခဲ့ရာမှ မြေစာများပိ၍ သေဆုံးသွားကြောင်း သိရသဖြင့် ဖားကန့်မြို့မရဲစခန်းက သေမှုသေခင်းဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ကိုရဲ

သုံးခွမြို့နယ် ရှမ်းစုကျေးရွာတွင် အမျိုးသမီးသုံးဦးရေနစ်သေဆုံး

ရန်ကုန် စက်တင်ဘာ ၁၃
ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ရှမ်းစုကျေးရွာတွင် စက်တင်ဘာ ၁၂ ရက်က အမျိုးသမီးသုံးဦးရေနစ်သေဆုံးကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၁၂ ရက်က ရှမ်းစုကျေးရွာတွင် အမျိုးသမီးသုံးဦး ရေနစ်သေဆုံးကြောင်း သတင်းရရှိသဖြင့် သုံးခွမြို့မရဲစခန်းမှူးဒုရဲမှူး အောင်နိုင်ဦးနှင့် ရဲတပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးရာသေဆုံးသူများမှာ ရှမ်းစုကျေးရွာနေ မမာလာဆွေ(၂၂နှစ်)နှင့် မနွေမိုးဦး (၁၇နှစ်)၊ မသီရိစန္ဒာ(၂၀နှစ်)တို့ဖြစ်ကြောင်း သိရသည်။

ဦးကြည်ဆွေ၏ ပြောကြားချက်အရ သေဆုံးသူများမှာ နံနက် ၉ နာရီခန့်က ငါးသွားဖမ်းမည်ဟုပြောဆိုပြီး ထွက်သွားရာမှပြန်မလာသဖြင့် လိုက်လံရှာဖွေရာ ရှမ်းစုကျေးရွာအနောက်ဘက် ကြာပင်ရိုး အကျယ် ပေ၂၀၊ အနက် ၁၅ ပေခန့်ရှိ ရိုးကမ်းစပ်တွင် ဦးထုပ်နှင့်ဒန်အိုးများ တွေ့ရှိသဖြင့် ရိုးအတွင်းရှာဖွေရာမှရုပ်အလောင်းများကိုတွေ့ရှိရကြောင်း သိရသည်။

အလောင်းများအားစစ်ဆေးရာ ပြင်ပဒဏ်ရာတစ်စုံတစ်ရာမတွေ့ရှိရဘဲ ရေနစ်သည့်လက္ခဏာဖြင့် သေဆုံးနေသည်ကို တွေ့ရှိရသဖြင့် ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ သုံးခွမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကိုကျော် (သုံးခွ)

ဘိန်းစိမ်း၊ လက်နက်ခဲယမ်းနှင့် စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းဆီးရမိ

နေပြည်တော် စက်တင်ဘာ ၁၃
မူးယစ်တပ်ဖွဲ့စု(၁၇)မန္တလေး(မြောက်ပိုင်း)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၁၂ ရက် နံနက် ၁၁ နာရီခွဲက မဟာအောင်မြေမြို့နယ် ဟေမမာလာ(တောင်)ရပ်ကွက် အမှတ် (၆၈) ရှိ POWER HOTEL အခန်းအမှတ် (၆၀၇) တွင် တည်းခိုနေသည့် ထွန်းထွန်းနှင့် မအေးအေးစိုး၊ အခန်းအမှတ် (၆၀၈) တွင် တည်းခိုနေသည့် ဉာဏ်လင်းအောင်နှင့် သီဟကိုတို့ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၃၈ ပြားနှင့် အိုက်စ် သုည ဒသမ ၂ ဂရမ်တို့ကို ဉာဏ်လင်းအောင်ထံမှ သိမ်းဆည်းရမိပြီး စစ်ဆေးပေါ်ပေါက်ချက်အရ ချမ်းမြသာစည်မြို့နယ် ကျွန်းလုံးဥသျှောင်ရပ်ကွက် အာသောကရာမကျောင်းတိုက်အတွင်းရှိ တောင်သာလသာကျောင်းတွင် ထွန်းထွန်းသိမ်းဆည်းထားသော စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ နှင့် လက်ကိုင်ဖုန်း ခုနစ်လုံးတို့ကို လည်းကောင်း။

အလားတူ ယင်းနေ့ မွန်းလွဲ ၃ နာရီက ပင်လောင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပင်လောင်းမြို့နယ် လုံးပြင်ကျေးရွာအုပ်စု ဗန်းမောက်ကျေးရွာနေ မောင်ညွန့်၏နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၂၀၀၀ နှင့် ဘိန်းစိမ်း ၂ ဒသမ ၄ ကီလိုတို့ကို လည်းကောင်း၊ ထို့အတူ ယင်းနေ့ နံနက် ၈နာရီက အင်တော နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရပ်စောက်မြို့နယ် အင်တောမြို့ အုန်းကွဲကျေးရွာအုပ်စု လယ်ခေါင်းကျေးရွာ မိုးကောင်းခဲတောင်ကုန်း တောင်ယာအတွင်းရှိ ကျော်မြင့်၏ တဲအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၂၉ ပြား၊ တူမီးသေနတ် တစ်လက်၊ ယမ်းမှုန့်တစ်ထုပ်၊ မီးကူးပိုတက်ရှ်နှစ်ကတ်၊ ခဲချောင်း တစ်ချောင်းနှင့် ငွေကျပ် ၆၇၇၀၀ တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

မူးယစ်ကင်းစင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

အကောက်ခွန်ဦးစီးဌာနက ၂၀၁၇ ခုနှစ် မတ် ၁ ရက်မှ ဩဂုတ် ၃၁ ရက်အထိ (၆)လတာကာလအတွင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၉၃၀ ဒသမ ၉၀၂ သန်းခန့်ရှိ အကောက်ခွန်မဲ့ပစ္စည်းများဖမ်းဆီးရမိ

ရန်ကုန် စက်တင်ဘာ ၁၃
ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ လေဆိပ်ကုန်လှောင်ရုံ၊ ဆိပ်ကမ်းများ၊ အထူးကင်း၊ ရေပူအမြဲတမ်း စစ်ဆေးရေးစခန်း၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းနှင့် အကောက်ခွန်နယ်မြေဒေသ အသီးသီးတို့တွင် တင်သွင်း/တင်ပို့ခွင့် စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိဘဲ တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးရှာဖွေအရေးယူမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ၂၀၁၇ ခုနှစ် မတ် ၁ ရက်မှ ဩဂုတ် ၃၁ ရက်အတွင်း ရန်ကုန်တိုင်းဒေသကြီး ဖမ်းဆီးမှုအနေဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်က တားဆီး မှု ၁၃ မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၉ ဒသမ ၄၀၉ သန်းခန့်၊ လေဆိပ်ကုန်လှောင်ရုံက တားဆီးမှု နှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆ ဒသမ ၆၅၁ သန်းခန့်၊ ရန်ကုန် ဆိပ်ကမ်းက တားဆီးမှု ၅၂ မှု ခန့်မှန်း တန်ဖိုးငွေကျပ် ၁၆၅၇ ဒသမ ၅၁၂ သန်းခန့်၊ ရန်ကုန်စာတိုက်ကြီးက တားဆီးမှု နှစ်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၀ ဒသမ ၆၀၀ သန်းခန့်၊ EMS က တားဆီးမှုတစ်မှု ခန့်မှန်းတန်ိုးငွေကျပ် ၀ ဒသမ ၉၀၀ သန်းခန့်၊ အထူးကင်းက တားဆီးမှု ၂၀ မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၉၇ ဒသမ ၇၇၉ သန်းခန့် ဖမ်းဆီးရမိခဲ့သည်။

မန္တလေးတိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာနမှူးရုံးက တားဆီးမှု ၁၉၂မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၂၄ ဒသမ ၁၃၇ သန်းခန့်၊ ပဲခူးတိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာနမှူး ရုံးက တားဆီးမှု ၃၀ ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၄ ဒသမ ၂၆၃ သန်းခန့်၊ အမြဲတမ်းစစ်ဆေးရေးစခန်း တားဆီးမှုအနေဖြင့် ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းက တားဆီးမှု ၆၆၇ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၈ ဒသမ ၁၆၆ သန်းခန့်၊ မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခစန်းက တားဆီးမှု ၇၈၉ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၃၆ ဒသမ ၈၂၂ သန်းခန့်၊ နယ်စပ် (OSS) စစ်ဆေးရေးစခန်းတားဆီးမှုအနေဖြင့် မူဆယ် (OSS) စစ်ဆေးရေးစခန်းက တားဆီးမှု၁၆၅ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၅၁ ဒသမ ၄၃၈ သန်းခန့်၊ မြဝတီ(OSS) စစ်ဆေးရေးစခန်းက တားဆီးမှု ရှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၈၉ ဒသမ ၁၀၂ သန်းခန့်၊ ထီးခီး (OSS) စစ်ဆေးရေးစခန်းက တားဆီးမှုတစ်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၀ ဒသမ ၀၂၆ သန်းခန့်၊ တာချီလိတ် (OSS) စစ်ဆေးရေးစခန်းက တားဆီးမှု နှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉ ဒသမ ၅၀၀ သန်းခန့်၊ လွယ်ဂျယ် (OSS) စစ်ဆေးရေးစခန်းက တားဆီးမှု လေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၃ ဒသမ ၁၀၄ သန်းခန့် ဖမ်းဆီးရမိခဲ့သည်။

မြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံးမှ တားဆီးမှုအနေဖြင့် မူဆယ်မြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးက တားဆီးမှု ၇၂ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၇ ဒသမ ၄၄၇ သန်းခန့်၊ မြစ်ကြီးနားမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးက တားဆီးမှု ၁၅ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈ ဒသမ ၁၉၉ သန်းခန့်၊ ဗန်းမော်မြို့နယ် အကောက်ခွန်ဦးစီးဌာနမှူး ရုံးက တားဆီးမှု ၁၅ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၅ ဒသမ ၉၉၃ သန်းခန့်၊ တမူးမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူး ရုံးက တားဆီးမှုတစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၀ ဒသမ ၇၆၉ သန်းခန့်၊ ကျိုင်းတုံမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးက တားဆီးမှုနှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၁၀၄ သန်းခန့်၊ ဘားအံမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူး ရုံးက တားဆီးမှု ၁၁ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၅၉ ဒသမ ၁၅၁ သန်းခန့်၊ မော်လမြိုင်မြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးက တားဆီးမှု ကိုးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆ ဒသမ ၂၅၃ သန်းခန့်၊ မြဝတီမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးက တားဆီးမှု နှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄ ဒသမ ၈၂၉ သန်းခန့်၊ မြိတ်မြို့နယ် အကောက်ခွန်ဦးစီးဌာနမှူး ရုံးက တားဆီးမှု နှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀ ဒသမ ၈၀၀ သန်းခန့်၊ တာချီလိတ်မြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးက တားဆီးမှု ခြောက်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၇ ဒသမ ၅၈၈ သန်းခန့်၊ လွိုင်ကော်မြို့နယ် အကောက်ခွန် ဦးစီးဌာနမှူးရုံးက တားဆီးမှုတစ်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၉ ဒသမ ၃၆၀ သန်းခန့် ဖမ်းဆီးရမိခဲ့ပြီး ၂၀၁၇ ခုနှစ် မတ် ၁ ရက်မှ ဩဂုတ် ၃၁ ရက်အထိ (၆)လတာကာလအတွင်း စုစုပေါင်း တားဆီးမှု ၂၀၈၄ မှု ခန့်မှန်းတန်ဖို ငွေကျပ် ၁၅၉၃၀ ဒသမ ၉၀၂ သန်းခန့် ဖမ်းဆီးရမိကြောင်း သိရသည်။

(သတင်းစဉ်)

ရုပ်ရှင်ပွဲတော်

သရာစောထိ
ဒီမိုရပ်ကွက်
တိမ်ပြာသောနေ့
နေခြည်မှာ ရွှေရည်လောင်း
ကြီးမြတ်သော မြန်မာ

ရုပ်ရှင်ဇာတ်ကား ၅ ကားကို
မြန်မာတနိုင်ငံလုံးရှိ ရုပ်ရှင်ရုံများတွင်
ပြသပါမည်။

နေ့ရက် - (၁၅.၉.၂၀၁၇) မှ (၂၁.၉.၂၀၁၇) ထိ
အချိန် - ရုပ်ရှင်ပွဲချိန်များအတိုင်း
နေရာ - သတ်မှတ် ရုပ်ရှင်ရုံများ

ပဒေသာကပွဲ

ရုပ်ရှင်၊ ဂီတ၊ သဘင်
နိုင်ငံကျော် အနုပညာရှင်များ
ပါဝင် ဖျော်ဖြေပါမည်။

၃၀၀၀/- ၅၀၀၀/-

နေ့ရက် - (၁၈.၉.၂၀၁၇) (၁၉.၉.၂၀၁၇)
အချိန် - ည ၇:၀၀ နာရီ
နေရာ - အမျိုးသားဇာတ်ရုံ

အငြိမ့်ပြိုင်ပွဲ

ခေတ်သစ်ကြေးမုံ
လှငယ်စတား
ရွှေညာမြေရဲ့ ကြယ်ပွင့်များ
ဖူးသစ်ကြယ်စင်
ဖွဲ့
မန်းစတား
စကားဝါမြေ
မော်ဒယ်လ်ဟား အငြိမ့်အဖွဲ့(၈)ဖွဲ့တို့က
ဗိုလ်လုပွဲ ယှဉ်ပြိုင်ကြပါမည်။

ဝင်ကြေး အခမဲ့

နေ့ရက် - (၂၀.၉.၂၀၁၇) (၂၁.၉.၂၀၁၇)
အချိန် - ည ၆:၀၀ နာရီ
နေရာ - အမျိုးသားဇာတ်ရုံ

မိခင်အမည်မှန်
ဘားအံမြို့၊ အထက မြိုင်ကလေး တက္ကသိုလ်ဝင်တန်း(ဘီ)မှ ခွန်ဇော်မင်း သန်းနှင့် နဝမတန်းမှ နန်းစုဝတ်မှုံတို့၏ မိခင်အမည်မှန်မှာ နန်းဘွာဘွာ ၃/ဘအန(နိုင်)၂၂၀၁၉၂ ဖြစ်ပါကြောင်း။
နန်းဘွာဘွာ

ဖခင်အမည်မှန်
ပဲခူးခရိုင်၊ ညောင်လေးပင်မြို့ အထက (၁)တက္ကသိုလ်ဝင်တန်း(E)မှ မအိရွှေစင် ၏ ဖခင်အမည်မှန်မှာ ဦးဝင်းခိုင်၇/ရကန(နိုင်) ၀၄၄၂၀၄ ဖြစ်ပါကြောင်း။
ဦးဝင်းခိုင်

ဖခင်အမည်မှန်
ဟုမ္မလင်းမြို့နယ်၊ အထက ထမံသီ စံပြကျေးရွာ ကျောင်းဝင်အမှတ် (၇၀၂၈) တက္ကသိုလ်ဝင်တန်းမှ မောင်ထွန်းနိုင်ဦး၏ ဖခင်အမည်မှန်မှာ ဦးကြည်ဇင်လင်း ၅/ခတန(နိုင်)၀၁၂၈၂၈ ဖြစ်ပါကြောင်း။
ဦးကြည်ဇင်လင်း

မိဘအမည်မှန်
ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်၊ ကြက်ပေါက်ကျေးရွာ အထက တက္ကသိုလ်ဝင်တန်း(A)မှ မကေကေအောင်၏ မိဘအမည်မှန်မှာ ဦးဝင်းစိုး ၁၄/ပသန(နိုင်) ၁၇၄၈၉၅-ဒေါ်စမ်းစမ်းမော် ၁၄/ပသန(နိုင်) ၂၄၅၂၃၇ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်
မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ် အထက ဇုတ်သုတ် တက္ကသိုလ်ဝင်တန်း(1A)မှ မောင်မိုးထွေး ၁၀/ဘလန(နိုင်)၁၇၈၂၂၉ ၏ ဖခင်အမည်မှန်မှာ ဦးရွှေသန်း ဖြစ်ပါသည်။
ဦးရွှေသန်း

ဖခင်အမည်မှန်
မတ္တရာမြို့၊ ဥဒိန်ကျေးရွာ အထက(ခွဲ) တက္ကသိုလ်ဝင်တန်းမှ မနဒီယွန်းချယ်ရီထွန်း ၏ ဖခင်အမည်မှန်မှာ ဦးပြုံးကျယ် ၉/မတရ(နိုင်)၀၅၇၇၃၆ ဖြစ်ပါကြောင်း။
ဦးပြုံးကျယ်

မိဘအမည်မှန်
စစ်ကိုင်းမြို့နယ်၊ ကျော်ဇေယျရွာ၊ အုန်းတော အထက တက္ကသိုလ်ဝင်တန်း(B)မှ မအေးလေးငယ်၏ မိဘအမည်မှန်မှာ ဦးမင်းလွင် ၅/စကန(နိုင်)၁၂၆၂၀၉နှင့် ဒေါ်သီတာစိုး ၅/စကန(နိုင်)၀၆၄၂၄၉ ဖြစ်ပါကြောင်း။
ဦးမင်းလွင်-ဒေါ်သီတာစိုး

အမည်မှန်
ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ အုန်းနဲ့ကျေးရွာမှ မနှင်းဝင့်ဝင့်နွယ် ၇/ကဝန(နိုင်)၁၂၂၂၂၅၏ အမည်မှန်မှာ မနှင်းဝင့်ဝင့်မွန် ဖြစ်ပါသည်။

ဖခင်အမည်မှန်
ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ်၊ သုံးဆယ် အထက တက္ကသိုလ်ဝင်တန်း(D)မှ မနန်းသူ၏ ဖခင်အမည်မှန်မှာ ဦးထွေးကြည် ၇/သဝတ(နိုင်)၀၄၅၇၄၅ ဖြစ်ပါကြောင်း။
ဦးထွေးကြည်

မိဘအမည်မှန်
အထက(၁)ဟုမ္မလင်း၊ ကျောင်းဝင်အမှတ် (၁၂၃၀) တက္ကသိုလ်ဝင်တန်း(E)မှ မောင်အောင်ဖေ၏ မိဘအမည်မှန်မှာ ဦးထွေးအောင် ၅/ဟမလ(နိုင်) ၀၉၂၀၈၃ နှင့် ဒေါ်ထွေးကြည်ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်နှင့်မွေးသက္ကရာဇ်အမှန်
အထက(၂)ဟုမ္မလင်း၊ ကျောင်းဝင်အမှတ်(၃၆၈)တက္ကသိုလ်ဝင်တန်း(C)မှ မလွင်မာခိုင်၏ မွေးသက္ကရာဇ်အမှန်မှာ ၁၉-၉-၂၀၀၀ဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးဇော်ဝင်းနိုင် ၅/ဟမလ(နိုင်)၀၄၇၆၅၂ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်
မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ် အထက(ခွဲ) ကော့ကဒွတ် တက္ကသိုလ်ဝင်တန်း(1B)မှ မောင်ဇွဲထက်ဝင်း၏ ဖခင်အမည်မှန်မှာ ဦးမောင်မောင်မျိုးမင်းသူ ၁၀/ကထန(နိုင်) ၀၀၁၁၅၁ ဖြစ်ပါသည်။

ဖောင်းကြွပျောက်လျှောက်ထားခြင်း
ယာဉ်အမှတ် 6B/1280 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန(ရွာသာကြီး)

ဖောင်းကြွပျောက်လျှောက်ထားခြင်း
ယာဉ်အမှတ် 6H/1653 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန(ရွာသာကြီး)

ဖောင်းကြွပျောက်လျှောက်ထားခြင်း
ယာဉ်အမှတ် 3H/9881 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ
ရွှေပြည်သာမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၃၂)၊မြေကွက်အမှတ်(၁၃)၊မြေကွက်တည်နေရာအမှတ်(၁၃)၊ခတ္တာလမ်း၊(၁၂)ရပ်ကွက်၊ရွှေပြည်သာမြို့နယ်၊ဂိုလ်မျှုသိန်းဝင်းအမည်ပေါက်ပါမစ်မြေအားအမည်ပေါက်ထံမှအရပ်ကတိစာချုပ်အဆက်အစပ်ဖြင့်ဝယ်ယူခဲ့သူဦးမျိုးမင်းဦး(၁၀/ပမန(နိုင်)၁၂၈၅၂၃)မှတင်ပြပါမစ်မူရင်းတွင်ရွှေပြောင်းမည့်သူများ၏ရာဇဝင်အကျဉ်းချုပ်၊အိမ်ရာဆောက်လုပ်နေထိုင်ခွင့်နှင့်မြေနေရာချထားပေးခံရသူများ၏မှီခိုသူများစာရင်းတို့တင်ပြ၍မိသားစုဓာတ်ပုံတင်ပြနိုင်ခြင်းမရှိဘဲပါမစ်မူဖြင့်တင်ပြ၍နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာတရားဝင်နိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။
ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မကွေးတိုင်းဒေသကြီး၊ တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၃)
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
မကွေးတိုင်းဒေသကြီး၊ တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၃)မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ပခုက္ကူ-ပေါက်-ထီးလင်း-ဂန့်ဂေါလမ်း မိုင်တိုင်အမှတ်(၁၃၉/၁-၂)မှ အနောက်ဂန့်ဂေါသို့ ခွဲထွက်မည့် လမ်းပေါ်ရှိ မြစ်သာမြစ်ကူးတံတား (အရှေ့ဂန့်ဂေါ-အနောက်ဂန့်ဂေါ)တည်ဆောက်ခြင်းလုပ်ငန်းအတွက် လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူခြင်းနှင့်လုပ်ငန်းသုံးပစ္စည်းများ သယ်ယူပို့ဆောင်ခြင်းအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါလျှောက်လွှာပုံစံစတင်ရောင်းချမည့်** - ၂၁-၉-၂၀၁၇ရက်
ရက်/အချိန် - နံနက် ၉နာရီ
တင်ဒါလျှောက်လွှာရောင်းချမည့်နေရာ - (က) ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ တံတားအထူးအဖွဲ့(၃) ပခုက္ကူ
(ခ) လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး လမ်းဦးစီးဌာန၊ ဂန့်ဂေါခရိုင်၊ ဂန့်ဂေါမြို့
တင်ဒါလျှောက်လွှာပုံစံတင်သွင်းရမည့် - ၂၀-၁၀-၂၀၁၇ရက်
နောက်ဆုံး ရက်/အချိန် - နံနက် ၉နာရီ
တင်ဒါစိစစ်ရွေးချယ်မည့်ရက်/အချိန်/နေရာ - ၂၀-၁၀-၂၀၁၇ရက်
- နံနက် ၁၀နာရီ
လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး လမ်းဦးစီးဌာန၊ ဂန့်ဂေါခရိုင်၊ ဂန့်ဂေါမြို့

၃။ တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တံတားအထူးအဖွဲ့(၃)ပခုက္ကူမြို့၊ ရုံးဖုန်း-၀၆၂-၂၂၈၁၁ တွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

ဖခင်အမည်မှန်
မင်းဘူး(စကု)မြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်း(J)မှ မဟန်နီစိုး၏ ဖခင်အမည်မှန်မှာ ဦးချစ်စန်းအောင် ၈/မဘန(နိုင်)၀၈၇၈၈၄ ဖြစ်ပါကြောင်း။
ဦးချစ်စန်းအောင်

ဖခင်အမည်မှန်
မင်းဘူး(စကု)မြို့ အထက(၁)တက္ကသိုလ်ဝင်တန်း(D)မှ မဖူးပပအောင်၏ ဖခင်အမည်မှန်မှာ ဦးငွေဝင်းအောင် ၈/မဘန(နိုင်)၁၁၀၀၅၁ ဖြစ်ပါကြောင်း။
ဦးငွေဝင်းအောင်

အမည်ပြောင်း
မင်းဘူးခရိုင်၊ ငဖဲမြို့နယ်၊ ဆင်ချည်တိုင်အုပ်စု၊ ကုန်းသာကျေးရွာနေ ဦးနိုင်လင်း ၈/မလန(နိုင်)၀၆၃၅၄၃၏သမီး အထက(၁) တက္ကသိုလ်ဝင်တန်း(C)မှ မဆုမွန်သစ်အား မဆုမွန်သက်ဟု ပြောင်းလဲခေါ်ပါရန်။
မဆုမွန်သက်

ဖခင်အမည်မှန်
ဓနုဖြူမြို့နယ်၊ ကျောင်းစုကျေးရွာ အထက(ခွဲ) တက္ကသိုလ်ဝင်တန်းမှ မချော အိအိခင်၏ ဖခင်အမည်မှန်မှာ ဦးသက်နိုင် ၁၄/ဓလန(နိုင်)၀၁၄၄၇၀ ဖြစ်ပါကြောင်း။
ဦးသက်နိုင်

တစ်ဦးတည်းဖြစ်ပါကြောင်း
မြင်းခြံမြို့နယ်၊ ပျော်ဘွယ်စံပြ အထက(ခွဲ) တက္ကသိုလ်ဝင်တန်းမှ မတင်တင်ဝေ၏ဖခင်အမည်မှာ အိမ်ထောင်စုစာရင်းအရ ဦးမြင့်အောင် ၉/တသန(နိုင်)၁၁၇၄၉၃နှင့် ဦးမြတ်ခိုင်မှာ တစ်ဦးတည်းဖြစ်ပါသည်။
ဦးမြင့်အောင်(ခ)ဦးမြတ်ခိုင်

အမည်မှန်
ဦးဉာဏ်ထွန်း၏သား ချောင်းဆုံမြို့နယ်၊ ကမာကေး အထက တက္ကသိုလ်ဝင်တန်း(ခ) မှ ကျောင်းဝင်အမှတ် (၁၈၀၁/၁၄)၏ အမည်မှန်မှာ မောင်ဥက္ကာစိုး ၁၀/ခဆန(နိုင်) ၁၄၇၀၂၉ ဖြစ်ပါကြောင်း။
မောင်ဥက္ကာစိုး

တစ်ဦးတည်းဖြစ်ပါကြောင်း
မြင်းခြံမြို့ အထက(၃) တက္ကသိုလ်ဝင်တန်း(C)မှ မသူဇာခိုင်၏ဖခင် ဦးအောင်အေး ၉/မခန(နိုင်)၁၀၉၂၅၇နှင့် ဦးမောင်အေးမှာ တစ်ဦးတည်းဖြစ်ပါသည်။
ဦးအောင်အေး(ခ)ဦးမောင်အေး

ပျောက်ဆုံးကြောင်း
ကျွန်မ နန်းယဉ်ယဉ်ဦး ၃/ကကရ(နိုင်)၂၃၂၀၄၃ (ဘ)ဦးအထင် ကိုင်ဆောင်သော ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၁၅၆၆၇၃၀

ဖခင်အမည်မှန်
ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့ အထက(၁) တက္ကသိုလ်ဝင်တန်း(က)မှ မောင်ကောင်းခန့်ဇော်၏ ဖခင်အမည်မှန်မှာ ဦးသက်နိုင် ၇/ပမန(နိုင်) ၁၀၂၈၃၁ ဖြစ်ပါသည်။

ဖခင်အမည်မှန်
မိတ္ထီလာမြို့၊ အမက(၁၆) မင်းရပ် ဒုတိယတန်း(ခ)မှ မသံစဉ်နွေး၏ ဖခင်အမည်မှန်မှာ ဦးကျော်မင်းအောင် ၉/မထလ(နိုင်)၂၃၃၉၅၅ ဖြစ်ပါသည်။

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ဖယ/၉၂၄၀၄၊ HONDA DREAM 125 ယာဉ်လက်ဝယ်ရှိသူဒေါ်အေးနန္ဒာဦး ၁၄/လပတ(နိုင်)၀၀၀၈၂၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)

ဖခင်အမည်မှန်
တောင်ငူမြို့၊ အထက(၂)တက္ကသိုလ်ဝင်တန်းမှ မောင်ဟိန်းဇေယျာကျော်နှင့် လဲဘူးအလယ်တန်းကျောင်း KG တန်းမှ မောင်ပြည့်ဖုန်းကျော်၏ ဖခင်အမည်မှန်မှာ ဦးနိုင်ဝင်း ၇/တငန(နိုင်)၁၄၅၆၃၉ဖြစ်ပါသည်။

မိဘအမည်မှန်
သံတောင်မြို့နယ်၊ ကျေးကတော့အောက် အထက၊ တက္ကသိုလ်ဝင်တန်းမှ မအေးအေးနွဲ့နှင့်တောင်ငူတက္ကသိုလ်(ပထဝီ)ပထမနှစ်မှ နော်ထွေးငယ်၏ မိဘအမည်မှန်မှာ ဦးသိုင်အေးဖရင်း (ခ) ဦးသိုင်ဖရင်း ၃/သတန(နိုင်)၀၁၄၀၉၀နှင့် ဒေါ်ပိုင်ချူးတာ(ခ)ဒေါ်မာဂရီးတာ ၃/သတန(နိုင်) ၀၁၄၀၉၁ဖြစ်ပါသည်။

တစ်ဦးတည်းဖြစ်ကြောင်း နှင့် မိဘအမည်မှန်
သံတောင်မြို့နယ်၊ ကျေးကတော့အောက် အထကမှ နော်ဖရန်စစ္စတာနှင့် နော်အီဖရန်စစ္စတာ ၃/သတန(နိုင်)၀၂၂၄၅၇သည် တစ်ဦးတည်းဖြစ်ပြီး မိဘအမည်မှန်မှာ ဦးသိုင်အေးဖရင်း (ခ) ဦးသိုင်ဖရင်း ၃/သတန(နိုင်)၀၁၄၀၉၀နှင့် ဒေါ်ပိုင်ချူးတာ(ခ)ဒေါ်မာဂရီးတာ ၃/သတန(နိုင်) ၀၁၄၀၉၁ဖြစ်ပါသည်။

မိဘအမည်မှန် နှင့် တစ်ဦးတည်းဖြစ်ကြောင်း
မြင်းခြံမြို့နယ်၊ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း၊ ဒသမတန်း အခန်း(G) မှ မောင်အောင်မင်းသာ(ခ)မောင်မျိုးဟိန်းထက်မှာ တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် ၎င်း၏ဖခင်အမည်မှာ ဦးစန်းတင့်အောင် ၈/ရစက(နိုင်)၀၉၆၆၃၈ နှင့် မိခင်အမည်မှာ ဒေါ်အေးမြင့် ၈/ရစက(နိုင်) ၁၆၅၆၈၈ ဖြစ်ပါကြောင်း။

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် 5D/8331, Toyota Camry ACV40,S/L(4 ×2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်စုလဲ့မြင့် ၉/မထလ(နိုင်)၀၄၅၅၈၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် 7E/1842, Suzuki Carry DA,63T,P/U(4×2)R ယာဉ်လက်ဝယ်ရှိသူ ဦးမောင်အေး ၁၂/လမန(နိုင်)၀၆၁၄၉၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)

ကန့်ကွက်နိုင်ပါကြောင်း
နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၄/ရွှေကြာပင်)၊ မြေကွက်အမှတ်(၂၅၇၁)မြေကွက်အတွက် မြေပေးမိန့်ထုတ်ပေးရန် ဒေါ်ခင်မျိုးနွယ် (ဘ)ဦးကြီးစိန် (ကိုယ်စား) ဦးဝင်းခိုင်(ဘ)ဦးလှသိန်း ၁၂/မဘန(နိုင်)၀၀၂၂၀၀မှ မြေချစလစ်မူရင်း၊ ဝန်ခံကတိပြုချက်၊ ၎င်းမြေကွက်ကို ချထားပေးသည်မှာ မှန်ကန်ကြောင်း အသိသက်သေသုံးဦးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်များ တင်ပြ၍ မြေပေးမိန့်လျှောက်ထားခြင်းကို ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ခိုင်လုံသော အထောက်အထားများ၊ တရားရုံးအမိန့် ဒီကရီများတင်ပြပြီး ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်းကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ဖောင်းကြွပျောက်လျှောက်ထားခြင်း
ယာဉ်အမှတ် 6D/1731 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)

ဖောင်းကြွပျောက်လျှောက်ထားခြင်း
ယာဉ်အမှတ် 7B/9926 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)

အမည်ပြောင်း
ဟိုပုံးမြို့၊ မြို့ဦးရပ်ကွက်(၁)နေ ဦးနိုင်စိုး၏သမီး ပန်းပျိုးခင်းအလယ်တန်းကျောင်း၊ သတ္တမတန်းမှ မယွန်းနဒီရွှန်းလဲ့အား မရည်မွန်မြင့်မိုရ်ဟုပြောင်းလဲခေါ်ပါရန်။
မရည်မွန်မြင့်မိုရ်

ဖခင်အမည်မှန်
မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ အမှတ်(၁၄၉)ဆတ်သွားမှုလွန်၊ သတ္တမတန်းမှ မဝင်းသန္တာရွှေ၏ ဖခင်အမည်မှန်မှာ ဦးရှင်သွင် ၁၃/တကန(နိုင်) ၀၅၃၂၄၈ ဖြစ်ပါကြောင်း။
ဦးရှင်သွင်

တစ်ဦးတည်းဖြစ်ပါကြောင်း
မကွေးတက္ကသိုလ်အဝေးသင်ဌာန၊ သမိုင်း ပထမနှစ်မှ မောင်အောင်ဆန်း၏ ဖခင် ဦးခွန်ဝင်းနိုင် ၁၃/တကန(နိုင်) ၀၅၃၁၉၂နှင့် ဦးထောင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
ဦးခွန်ဝင်းနိုင်(ခ)ဦးထောင်

တစ်ဦးတည်းဖြစ်ပါကြောင်း
မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့၊ အထက(၃) တက္ကသိုလ်ဝင်တန်းမှ မစုကြည်နိုင်၏ ဖခင်အမည်မှန်မှာ ဦးခွန်ဝင်းနိုင် ၁၃/တကန(နိုင်)၀၅၃၁၉၂ နှင့် ဦးထောင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
ဦးခွန်ဝင်းနိုင်(ခ)ဦးထောင်

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁နှင့် ၅)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၈၈၅

ဦးအောင်မြင့်မြတ်	နှင့်	Best Auto Co.,Ltd.
(၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးအောင်ထွန်း)		(၁) ဦးကျော်နိုင်(မန်နေဂျင်းဒါရိုက်တာ)
		(၂) ဒေါ်မာလာရီ
		(၃) ဒေါ်သန်းနုနုအောင်
တရားလို		တရားပြိုင်များ

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၈)ရပ်ကွက်၊ မြခွာညိုအိမ်ရာ၊ အမှတ် ၃၊ (၃)လမ်းနေ (၁) ဦးကျော်နိုင်၊ (၂) ဒေါ်မာလာရီ၊ (၃) ဒေါ်သန်းနုနုအောင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက Suzuki Auto(2007)HA 24V-153369 CC5768 ကား၏ Owner Bookကို လက်ရောက်ရလိုမှု(သို့မဟုတ်)ပေးချေပြီးကားဖိုးငွေနှင့် နစ်နာကြေးငွေ စုစုပေါင်း ငွေကျပ်သိန်း ၁၂၀ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၇ ခုနှစ် အောက်တိုဘာ ၁၈ ရက် (၁၃၇၉ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူတရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့်၊ အမှုနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းအထောက်အထားများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့်၊ အမှုနှင့်သက်ဆိုင်သည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင်ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၇ခုနှစ် စက်တင်ဘာ ၁၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(အေးအေးမော်)
ဒုတိယခရိုင်တရားသူကြီး(၇)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

စင်ကာပူ၌ ပထမဆုံးအမျိုးသမီးသမ္မတကိုရွေးချယ်

စင်ကာပူ စက်တင်ဘာ ၁၃

စင်ကာပူပါလီမန်လွှတ်တော်မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးဖြစ်ခဲ့သည့် ဟာလီမာရာကော့ပ်ကို ဗုဒ္ဓဟူးနေ့တွင် စင်ကာပူနိုင်ငံ၏ရှစ်ယောက်မြောက်နှင့်ပထမဆုံးအမျိုးသမီးသမ္မတအဖြစ်ရွေးချယ်တင်မြှောက်လိုက်ကြောင်း သိရသည်။

ရွေးကောက်ပွဲအတွင်း၌ စင်ကာပူနိုင်ငံအတွင်းရှိမလေးအဖွဲ့အစည်းအတွက် သီးသန့်ရွေးချယ်ထားသည့် တစ်ဦးတည်းသော အရည်အချင်းပြည့်မီသူဖြစ်သည့် ၎င်းအား သမ္မတရွေးကောက်ပွဲဘုတ်အဖွဲ့က သမ္မတသစ်အဖြစ် ကြေညာခဲ့သည်။

ဟာလီမာရာကော့ပ်သည် ကြာသပတေးနေ့ ညနေခင်းတွင် စင်ကာပူသမ္မတသစ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုမှုပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။ ယခုရွေးကောက်ပွဲသည် သီးသန့်ရွေးကောက်ပွဲတစ်ခုဖြစ်သော်လည်း ၎င်းသည်သီးသန့်ရွေးချယ်ထားသည့်သမ္မတမဟုတ်ကြောင်း အောင်ပွဲရရှိပြီးနောက် ၎င်းကိုထောက်ခံသူများအား ပြောကြားခဲ့သည်။

အားလုံးနှင့်အတူအလုပ်လုပ်သွားမည်ဖြစ်ပြီး လူတိုင်းကို ကိုယ်စားပြုသွားမည်ဖြစ်ကြောင်း ၎င်းက ဖြည့်စွက်ပြောကြားခဲ့သည်။ စင်ကာပူနိုင်ငံ၏အကြီးအကဲနေရာအတွက်အမည်စာရင်းတင်သွင်းမှုပြုလုပ်သည့် People's Association ရုံးချုပ်တွင် သမ္မတသစ်ဟာလီမာရာကော့ပ်(၃၆နှစ်)က ထိုသို့မိန့်ခွန်းပြောကြားခဲ့ခြင်း ဖြစ်သည်။

ပြီးခဲ့သည့်သြဂုတ်လကစင်ကာပူသမ္မတဟောင်းတိုနီတင်ကန်ယန်း၏ ခြောက်နှစ်တာဝန်ထမ်းဆောင်မှုပြီးဆုံးခဲ့ပြီးနောက် စက်တင်ဘာလမှစတင်ကာ သမ္မတအကြံပေးကောင်စီဥက္ကဋ္ဌ ဂျေဝိုင်ပီလေးက သမ္မတသစ်မရွေးချယ်မီအချိန်အထိ ခေတ္တသမ္မတတာဝန်ဆောင်ရွက်ခဲ့သည်။

(ဆင်ဟွာ)

အိန္ဒိယ၌ ကုန်တင်ကားတိုက်မိမှုကြောင့် လူ ကိုးဦးသေဆုံး

နယူးဒေလီ စက်တင်ဘာ ၁၃

အိန္ဒိယနိုင်ငံအနောက်တောင်ပိုင်းရှိ ကာနာတာကာပြည်နယ်တွင် ဗုဒ္ဓဟူးနေ့က ကုန်တင်ယာဉ်တစ်စီးနှင့်ကားတစ်စီးတို့ မတော်တဆတိုက်မိမှုဖြစ်ပွားခဲ့ရာ လူကိုးဦးထက်မနည်းသေဆုံးခဲ့ကြောင်း အာဏာပိုင်များက ပြောကြားခဲ့သည်။

ယာဉ်တိုက်မှုသည် ဘန်ဂါလူရူအနောက်မြောက်ဘက်မှ ၄၅၂ ကီလိုမီတာအကွာ အတ္တရာကာနာဒါဒေသတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ကားတိုက်မိမှုအတွင်း လူကိုးဦးသေဆုံးသွားခဲ့ရာ သေဆုံးသွားသူများတွင် ကလေးငယ်သုံးဦးနှင့် အမျိုးသမီးသုံးဦးပါဝင်ကြောင်း သိရသည်။ ယခုလအတွင်း၌ အာဏာပိုင်များထံမှပေးပို့ခဲ့သည့် အစီရင်ခံစာအရ အိန္ဒိယနိုင်ငံတွင် ၂၀၁၆ခုနှစ်အတွင်း ယာဉ်မတော်တဆမှုကြောင့်သေဆုံးသူအရေအတွက်မှာနေ့စဉ်နှင့်အမျှ ၄၀၀ ခန့် သေဆုံးခဲ့ရကြောင်း သိရသည်။

အိန္ဒိယနိုင်ငံတွင် ယာဉ်မတော်တဆမှုများကြောင့် သေဆုံးရမှုများမကြာခဏဖြစ်ပွားပြီး နမော်နမဲ့မောင်းနှင်မှု၊ ကားလမ်းအခြေအနေဆိုးရွားမှုနှင့် ကုန်မတန်တဆတင်ဆောင်မှုများကြောင့် ဖြစ်ပွားရခြင်းဖြစ်ကြောင်း သိရသည်။

(ဆင်ဟွာ)

ပိတ်ဆို့မှုအသစ်များပြုလုပ်ခဲ့မှုအပေါ် မြောက်ကိုရီးယားကတုံ့ပြန်လိမ့်မည်ဟု ရုရှားနိုင်ငံဆိုင်ရာ မြောက်ကိုရီးယားသံတမန်ပြောကြား

ပြုံယမ်း စက်တင်ဘာ ၁၃

ကုလသမဂ္ဂလုံခြုံရေးကောင်စီက ချမှတ်ခဲ့သည့် အရေးယူပိတ်ဆို့မှုများအတွက် မြောက်ကိုရီးယားသည် အမေရိကန် ပြည်ထောင်စု၏ သမိုင်းကြောင်းတွင် အခက်ခဲဆုံးသော အခြေအနေသို့ ရောက်ရှိလာစေမည့် လက်တုံ့ပြန်မှုများ လုပ်ဆောင်လာလိမ့်မည်ဖြစ်သည်ဟု ရုရှားနိုင်ငံဆိုင်ရာ မြောက်ကိုရီးယား သံတမန် ကင်ဟွန်ဂျွန်းက အင်္ဂါနေ့တွင် ပြောကြားခဲ့ကြောင်း သိရသည်။

အမေရိကန်ပြည်ထောင်စုသည် မြောက်ကိုရီးယားနိုင်ငံအပေါ် နိုင်ငံရေး၊ စီးပွားရေးနှင့် စစ်ရေးနယ်ပယ်တို့တွင် စိန်ခေါ်မှုများပြုလုပ်လျက်ရှိနေပြီး ယင်းစိန်ခေါ်မှုများကို မြောက်ကိုရီးယားက တုံ့ပြန်ရန် အသင့်ပင်ဖြစ်ကြောင်း၊ ထိုသို့ တုံ့ပြန်သွားရန်ဆန္ဒသည် မြောက်ကိုရီးယားတပ်မတော်နှင့် မြောက်ကိုရီးယားပြည်သူတို့၏ မတုန်မလှုပ်ခိုင်မာသောဆန္ဒဖြစ်ကြောင်း သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည့် ကင်ဟွန်ဂျွန်း၏ ပြောကြားချက်ကို ကိုးကားလျက် အင်တာဖက်စ်သတင်းအေဂျင်စီက ဖော်ပြခဲ့သည်။

ပြီးခဲ့သည့် တနင်္လာနေ့က လုံခြုံရေးကောင်စီသည် မြောက်ကိုရီးယားသို့ရေနံတင်ပို့မှုကို ၃၀ ရာခိုင်နှုန်းနီးပါးလျှော့ချသွားမည့် ပိုမိုတင်းကျပ်သည့်အရေးယူဆောင်ရွက်မှုပြုလုပ်ရန် တညီတညွတ်တည်းမဲပေးခဲ့ကြသည်။

အမေရိကန်ဒေါ်လာသန်း ၈၀၀ တန်ဖိုးရှိ အထည်အလိပ်တင်ပို့မှုကိုလည်း ပိတ်ပင်ခဲ့ပြီး ပြည်ပမှ မြောက်ကိုရီးယား လုပ်သားများအား စာတိုက်မှ ငွေပေးပို့မှုကိုလည်း တားမြစ်ပိတ်ပင်ခဲ့သည်။

မြောက်ကိုရီးယားသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အရေးယူပိတ်ဆို့မှုများကို ကန့်ကွက်ရှုတ်ချလိုက်ကြောင်း သံအမတ်က ပြောကြားခဲ့သည်။

(ဆင်ဟွာ)

မြောက်ကိုရီးယားနှင့် စစ်ရေးအရ ဆက်ဆံမှုကို အီဂျစ်ဖြတ်တောက်

ကိုင်ရို စက်တင်ဘာ ၁၃

မြောက်ကိုရီးယားနိုင်ငံနှင့်စစ်ရေးအရဆက်ဆံနေမှုကို အီဂျစ်ကာကွယ်ရေးဝန်ကြီးက ဖြတ်တောက်လိုက်ပြီဟု ကြေညာခဲ့ကြောင်း တောင်ကိုရီးယားသတင်းမီဒီယာက ပြောကြားခဲ့သည်။

အီဂျစ်ကာကွယ်ရေးဝန်ကြီး ဆက်ကီဆော့ဗ်ဟီသည် တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီး ဆောင်ယောင်မိုနှင့် တနင်္လာနေ့ကဆိုးလ်၌ တွေ့ဆုံဆွေးနွေးမှုပြုလုပ်ခဲ့စဉ်အတွင်း ထိုသို့ပြောကြားခဲ့ကြောင်း တောင်ကိုရီးယားနိုင်ငံပိုင် ယွန်ဟတ်သတင်းအေဂျင်စီက ဖော်ပြထားသည်။

နိုင်ငံတကာအဖွဲ့အစည်း၏ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုကိုခြိမ်းခြောက်နေသည့် မြောက်ကိုရီးယားနိုင်ငံ၏ အပြုအမူများကို ဆန့်ကျင်ရာတွင် အီဂျစ်နိုင်ငံက တောင်ကိုရီးယားနှင့်အတူ တက်ကြွစွာအတူပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆော့ဗ်ဟီကပြောကြားခဲ့သည်ဟုသိရသည်။

နှစ်နိုင်ငံကာကွယ်ရေးဝန်ကြီးများသည် ဒေသတွင်းဆိုင်ရာအခြေအနေများ၊ အခြားအကြောင်းအရာများနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်ခဲ့ကြပြီး စစ်ရေးအရပူးပေါင်းဆောင်ရွက်မှုကိုချဲ့ထွင်ရန် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(အင်န်အိတ်ချ်ကေ)

ဒုက္ခသည်များအား ပိတ်ပင်မှုကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ရန် ထရန့်အားတရားရုံးချုပ်က ခွင့်ပြု

ဝါရှင်တန် စက်တင်ဘာ ၁၃

အမေရိကန်သမ္မတဒေါ်နယ်ထရန့်က ကမ္ဘာအနှံ့မှ အမေရိကန်သို့ ဝင်ရောက်လာကြသည့် ဒုက္ခသည်များအား တားဆီးပိတ်ပင်မှုတစ်ရပ်ကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်သွားရန် အမေရိကန်တရားရုံးချုပ်က အင်္ဂါနေ့တွင်ခွင့်ပြုလိုက်ကြောင်း သိရသည်။

တရားရေးဌာန၏ ပြောကြားချက်အရ ထရန့်အစိုးရအဖွဲ့က အမေရိကန်ပြည်ထောင်စုသို့ နောက်ထပ်ဒုက္ခသည် ၂၄၀၀၀ နှင့်အထက် ဝင်ရောက်ရန်ခွင့်ပြုခဲ့သည့် ဖက်ဒရယ်အယူခံရုံး၏ ဆုံးဖြတ်ချက်ကိုပိတ်ပင်ရန် သမ္မတထရန့်၏ တောင်းဆိုချက်ကို တရားရုံးချုပ်က ခွင့်ပြုပေးခဲ့သည်ဟု ဖော်ပြထားသည်။

အစ္စလာမ္မစ်နိုင်ငံခြောက်ခုတို့မှ ခရီးသွားသူများအား ပိတ်ပင်လိုက်ပြီး ဒုက္ခသည်ဝင်ရောက်မှု အရေအတွက်ကိုကန့်သတ်လိုက်သည့် ထရန့်၏ အငြင်းပွားဖွယ်အမိန့်ထုတ်ပြန်ချက်ကို အောက်တိုဘာလတွင် အဓိကကြားနာစစ်ဆေးမှုပြုလုပ်ရန်အတွက် အဆင့်မြင့်ခုံရုံးက ပြင်ဆင်လျက်ရှိချိန်တွင် တရားရုံးချုပ်က ထရန့်အားအနိုင်ပေးလိုက်ခြင်း ဖြစ်သည်။

မတ်လ ၆ ရက်နေ့က အမိန့်ထုတ်ပြန်ချက်တွင် အီရန်၊ လစ်ဗျား၊ ဆိုမာလီယာ၊ ဆူဒန်၊ ဆီးရီးယားနှင့် ယီမင်နိုင်ငံတို့မှ ပြည်သူများအား ခရီးသွားလာခွင့်ကို ရက် ၉၀ ကြာရပ်ဆိုင်းခဲ့သည်။

ထို့ပြင် အကြမ်းဖက်တိုက်ခိုက်မှုကို ကာကွယ်တားဆီးရန် လှုပ်ရှားဆောင်ရွက်မှုတစ်ရပ်အနေဖြင့် ဒုက္ခသည်များအား ရက်ပေါင်း ၁၂၀ကြာ ပိတ်ဆို့ထားမှုလုပ်ဆောင်ခဲ့ကာ ပိုမိုစည်းကမ်းတင်းကျပ်သည့်စစ်မှုထမ်းဥပဒေကို အစိုးရက ပြင်ဆင်ဖြည့်စွက်ရန် ခွင့်ပြုခဲ့သည်။

နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာမှုဆိုင်ရာ အမေရိကန်အဖွဲ့အစည်းမှ အကြီးတန်း ဒါရိုက်တာ နော်ရင်ရှာက ဒုက္ခသည်များအား ပိတ်ပင်မှုသည် ရက်စက်ကြောင်း ဝေဖန်ပြောကြားခဲ့သည်

(ရိုက်တာ)

နိုင်ငံတကာ သတင်းတိုထွာ

ဗင်နီဇွဲလားတပ်ဖွဲ့ဝင်များ ချုံခိုတိုက်ခိုက်ခံရ

ကရာကတ် စက်တင်ဘာ ၁၃

ဗင်နီဇွဲလားနိုင်ငံ၌ တနင်္ဂနွေနေ့နံနက် ၁၁ နာရီက ဗင်နီဇွဲလား တပ်ဖွဲ့ဝင်များနှင့် လက်နက်ကိုင်အုပ်စုများကြား ပဋိပက္ခ တိုက်ပွဲများဖြစ်ပွားခဲ့ရာ လူ ၁၁ ဦး သေဆုံးခဲ့ကြောင်း သိရသည်။

လက်နက်ကိုင်အဖွဲ့မှ လူများက ပတ္တရောင်လှည့်လာသည့် ဗင်နီဇွဲလား တပ်ဖွဲ့ဝင်များကို ချုံခိုတိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်။ အာဏာပိုင်များနှင့် မှုခင်းဆေးပညာရှင်များက အလောင်းများအား စစ်ဆေးခဲ့ပြီး မည်သူ၏လက်ချက်ဖြစ်သည်ကို စစ်ဆေးလျက်ရှိသည်။ ချုံခိုတိုက်ခိုက်မှုအတွင်း ဗင်နီဇွဲလား တပ်ဖွဲ့ဝင်များဘက်မှ တစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ **(ဆင်ဟွာ)**

အမေရိကန်အများစုမှာ အွန်လိုင်းမှသတင်းများ ဖတ်ရသည်ကိုနှစ်သက်လာ

ဝါရှင်တန် စက်တင်ဘာ ၁၃

အမေရိကန်နိုင်ငံ၌ အွန်လိုင်းမှ သတင်းများဖတ်ရှုရသည်ကို နှစ်ခြိုက်သူနှင့် ရုပ်မြင်သံကြားမှ သတင်းများကြည့်ရှုရသည်ကို နှစ်သက်သူအရေအတွက် ကွာခြားမှုနည်းကြောင်း သိရသည်။

ဩဂုတ်လအတွင်း စစ်တမ်းကောက်ယူမှုများအရ ၄၃ ရာခိုင်နှုန်းမှာ အွန်လိုင်းမှပင်သတင်းများ ဖတ်ရှုကြပြီး ၅၀ ရာခိုင်နှုန်းမှာ တီဗွီမှသတင်းများ ကြည့်ရသည်ကို နှစ်သက်ကြကြောင်း တွေ့ရသည်။ မီဒီယာစကြံနှစ်ခုအကြား ကြည့်ရှုသူကွာခြားချက်မှာ နည်းလာကြောင်း တွေ့ရသည်။

ဒီဂျစ်တယ်မီဒီယာမှ သတင်းများ ဖတ်ရှုမှုနှုန်းမှာ လူဖြူမဟုတ်သူများနှင့် ပညာတတ်မြောက်မှုနည်းသော အုပ်စုများတွင်ပို၍ ရေပန်းစားကြောင်း တွေ့ရသည်။ ၂၀၁၆ ခုနှစ်နှင့်ယှဉ်လျှင် အသက် ၆၅ နှစ်နှင့် အထက်လူများမှာ အွန်လိုင်းမှ သတင်းများကို ဖတ်ရှုမှု ရာခိုင်နှုန်းမှာ ၂၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းထိ တိုးမြင့်သွားသည်ကို တွေ့ရသည်။
(ဆင်ဟွာ)

လက်ဘနွန်သမ္မတ အီရန်သို့ချစ်ကြည်ရေးခရီး သွားရောက်မည်

တီဟီရန် စက်တင်ဘာ ၁၃

လက်ဘနွန်သမ္မတ Michel Aoun သည် လာမည့်လအတွင်း အီရန်သို့ ချစ်ကြည်ရေးအလည်အပတ်ခရီးသွားရောက်မည်ဖြစ်သည်။ နှစ်နိုင်ငံဆက်ဆံရေး ပိုမိုခိုင်မြဲစေရေးအတွက် အီရန်သမ္မတ ဟတ်ဆန်ရိုဟာနီ၏ ဖိတ်ကြားချက်အရ သွားရောက်ခြင်းဖြစ်သည်ဟု ဒေသတွင်းမီဒီယာများက ဖော်ပြကြသည်။

အီရန်ထိပ်တန်း အရာရှိကြီးများနှင့် တွေ့ဆုံကာ ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာကိစ္စရပ်များနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိစ္စများ ဆွေးနွေးသွားမည်ဟု ၎င်းက မျှော်မှန်းထားသည်။ ဇွန်လအတွင်းကလည်း လက်ဘနွန်နိုင်ငံခြားရေးဝန်ကြီး Gebran Bassil က အီရန်နိုင်ငံသို့ သွားရောက်ခဲ့ကြောင်း သိရသည်။
(ဆင်ဟွာ)

ပြုပြင်ပြောင်းလဲရန် အခက်တွေ့နေသော ပြင်သစ်နိုင်ငံ၏ အလုပ်သမားဥပဒေ

ခြူးစန္ဒီနွေး

ပြင်သစ်နိုင်ငံမှာ အလုပ်လက်မဲ့ ပမာဏကို လျှော့ချနိုင်ဖို့နဲ့ ကမ္ဘာ့ဈေးကွက်မှာ ယှဉ်ပြိုင်မှုတွေ ပိုမိုပြုလုပ်နိုင်ဖို့အတွက် ရည်ရွယ်ပြီး ပြင်သစ်နိုင်ငံရဲ့ရှုပ်ထွေးလှတဲ့ အလုပ်သမားဥပဒေကို ပြုပြင်ပြောင်းလဲမှုတွေ ပြုလုပ်ရတာပါလို့ ပြင်သစ်သမ္မတအီမန်နျူရယ်မက်ခရွန်က ပြောခဲ့ပါတယ်။ ဒါပေမယ့်လည်း အလုပ်သမားထုက ကျေနပ်ခြင်းမရှိပါဘူး။ ယခုအချိန်မှာဆိုရင်တော့ ပြင်သစ်သမ္မတ မက်ခရွန်ဟာ ကန့်ကွက်ဆန္ဒပြမှုတွေနဲ့ ရင်ဆိုင်နေရပြီး စိန်ခေါ်မှုတွေနဲ့ ကြုံတွေ့နေရပါတယ်။

အထွေထွေ အလုပ်သမား သမဂ္ဂကြီးကလည်း အလုပ်သမား ဥပဒေတွေ ဖြေလျှော့ပေးတာနဲ့ ပတ်သက်ပြီး မြို့ကြီးတွေမှာ ဆန္ဒပြပွဲတွေ ပြုလုပ်ဖို့တာစူနေပါပြီ။ ပြင်သစ်နိုင်ငံက အလုပ်သမားတွေဟာ သူတို့ရဲ့ အခွင့်အရေးကို ကာကွယ်ပေးထားတဲ့ တင်းကျပ်တဲ့ အလုပ်သမားဥပဒေတွေကိုပဲ နှစ်သက်ကြပါတယ်။

ဒါပေမယ့်လည်း စီးပွားရေး လုပ်ငန်းရှင်တွေဘက်ကတော့ သူတို့အတွက် ဒီဥပဒေတွေဟာ ရင်းနှီးမြှုပ်နှံမှုတွေပြုလုပ်ဖို့နဲ့ အလုပ်အကိုင်တွေ ခန့်ထားပေးဖို့အတွက်တော့ အနှောင့်အယှက်အဟန့်အတားတွေ ဖြစ်စေတယ်လို့ စောဒကတက်ကြပါတယ်။ ဒါ့အပြင် အလုပ်သမားဥပဒေတွေ တင်းကျပ်လွန်းတာကြောင့် နိုင်ငံရဲ့ စီးပွားရေးဟာလည်း တိုးတက်သင့်သလောက် မတိုးတက်နိုင်ဘူးလို့ ဆိုကြပါတယ်။

ပြင်သစ်သမ္မတမက်ခရွန်ဟာ ယခင်သမ္မတဟောင်း ဖရန်ဆွာဟော်လန်း လက်ထက်တုန်းက စီးပွားရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူပဲ ဖြစ်တယ်။ စီးပွားရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ကတည်းက အလုပ်သမားဥပဒေတွေပြုပြင်ပြောင်းလဲဖို့ ကြိုးစားခဲ့သူလည်းဖြစ်ပါတယ်။ ဒါကြောင့် သူသမ္မတဖြစ်လာတဲ့ အခါမှာလည်း အလုပ်သမားဥပဒေကို ပြုပြင်ပြောင်းလဲဖို့ ဆက်လက်လုပ်ဆောင်ခဲ့တယ်။ ဂျာမနီနိုင်ငံဟာလည်း ပြင်သစ်ရဲ့ အလုပ်သမားဥပဒေ ပြုပြင်ပြောင်းလဲရေးကို အနီးကပ်စောင့်ကြည့်နေတယ်။ ပြင်သစ်ဟာ ဥရောပဇုန်ရဲ့ ဒုတိယအကြီးဆုံး စီးပွားရေး အားကောင်းတဲ့ နိုင်ငံဖြစ်တဲ့အတွက် ပြင်သစ်ခေါင်းဆောင်တွေဟာ ဒီပြဿနာကို ဘယ်လိုမျိုးရင်ဆိုင်ဖြေရှင်းသွားမလဲဆိုတာကို စောင့်ကြည့်ကြတာပဲဖြစ်တယ်။

မီးရထား၊ ရေနံနှင့်စွမ်းအင်ကဏ္ဍတို့မှ အလုပ်သမားတွေဟာလည်း သူတို့အနေနဲ့ ပြုပြင်ပြောင်းလဲမှုနဲ့ ပတ်သက်ပြီး လှုပ်ရှားမှုတွေကို သတိထား စောင့်ကြည့်သွားမယ်လို့ သိရပါတယ်။ အလုပ်သမားသမဂ္ဂခေါင်းဆောင် ဖိလစ် မာတင်နိုက်ဇ်ကတော့ ပြည်သူလူထုရဲ့ကြားမှာ မကျေနပ်မှုတွေဟာ တဖြည်းဖြည်းတိုးလာတယ်လို့ ဆိုပါတယ်။

စက်တင်ဘာလ ၁ ရက်နေ့မှာတော့ ဒီဥပဒေနဲ့ပတ်သက်ပြီး ပြည်သူလူထုရဲ့သဘောထားဆန္ဒကို ကောက်ခံကြည့်ရာမှာတော့ ဒီပြုပြင်ပြောင်းလဲမှု ဥပဒေနဲ့ပတ်သက်ပြီး အမြင်တွေရောထွေးနေတာကို တွေ့ရပါတယ်။

လူ ၁၀ဦးမှာ ခြောက်ဦးဟာမက်ခရွန်ရဲ့အလုပ်သမားဥပဒေကို ဆန့်ကျင်ကြပေမယ့် အသေးစိတ်တိုင်းတာမှုကို ကြည့်ရင်တော့ အချက်အလက်အတော်များများကို ထောက်ခံနေတာတွေ့ရပါတယ်။ ပြင်သစ်သမ္မတ မက်ခရွန် အခုပြုလုပ်နေတဲ့ ပြုပြင်ပြောင်းလဲမှုဟာဆိုရင် ရှေးရိုးအစဉ်အလာကတည်းက အလုပ်သမားတွေရဲ့ အခွင့်အရေးကို အကာအကွယ်ပေးခဲ့တဲ့ အလုပ်သမားဈေးကွက်ကို ပြန်လည်ဖွဲ့စည်းဖို့ပဲဖြစ်တယ်။ အလုပ်သမားတွေရဲ့ အခွင့်အရေးဟာ ကုမ္ပဏီပိုင်ရှင်တွေ၊ အလုပ်ရှင်တွေလက်ထဲကို သက်ဆင်းသွားသလိုပါပဲ။

ဒါကြောင့်လည်း အလုပ်သမားတွေက မကျေမနပ်ဖြစ်ကြတာပါ။ အစိုးရဘက်ကတော့ ဒီပြုပြင်ပြောင်းလဲမှုတွေဟာ ပိုပြီးလွတ်လပ်မှုတွေ ရလာမယ်၊ အကာအကွယ်တွေရလာမယ်၊ အလုပ်သမား ၁၈ သန်း၊ ကုမ္ပဏီပေါင်း သုံးသန်းနဲ့ အလုပ်အကိုင်ရှာဖွေနေသူ ၂ ဒသမ ၆ သန်းအတွက် တူညီတဲ့အခွင့်အရေးတွေ ရလာလိမ့်မယ်လို့ ပြောပါတယ်။

မက်ခရွန်ကတော့ ဒီပြုပြင်ပြောင်းလဲမှုကို မဖြစ်မနေလုပ်ချင်ပါတယ်။ သူ့အဆိုအရတော့ သူသမ္မတစဖြစ်လာကတည်းက ဒီလုပ်ငန်းကို အကောင်အထည် ဖော်ချင်တာလို့ သိရပါတယ်။ ပြင်သစ်နိုင်ငံမှာဆိုရင် အလုပ်လက်မဲ့ ပမာဏဟာ တစ်နှစ်မှာ ဆယ်ရာခိုင်နှုန်းရှိပါတယ်။ ဒီပြုပြင်ပြောင်းလဲမှုသာ အလုပ်ဖြစ်ခဲ့ရင် အလုပ်လက်မဲ့ပမာဏကို လျှော့ချနိုင်ပြီး ပြင်သစ်ရဲ့ အလုပ်သမားဈေးကွက်ဟာလည်း ပိုမိုပွင့်လန်းလာတော့မှာပါ။ ဒါပေမယ့် အလုပ်သမားတွေဘက်ကတော့ ဒီလိုမမြင်ပါဘူး။ အလုပ်သမားဈေးကွက်ပိုမို ခေတ်မီလာဖို့ ဆိုတာထက် ပိုပြီး ကမောက်ကမဖြစ်စေတယ်လို့ ပြောကြပါတယ်။ မက်ခရွန်ရဲ့စီးပွားရေး ပြုပြင်ပြောင်းလဲမှု မူဝါဒဟာ အလုပ်သမားတွေထက် အလုပ်ရှင်တွေအပေါ်မှာ ပိုပြီး အခွင့်အရေးတွေ ရရှိစေတယ်။ ဒါကြောင့်လည်း အလုပ်သမားတွေက လက်မခံရတာပါလို့ ဆိုပါတယ်။

ပြုပြင်ပြောင်းလဲမယ့် အလုပ်သမားဥပဒေအသစ်မှာဆိုရင် အလုပ်ရှင်တွေဟာ အလုပ်သမားတွေကို အလွယ်တကူပဲ အလုပ်ဖြုတ်နိုင်မှာဖြစ်ပြီး အချိန်ပိုလုပ်အားခတွေကို လျှော့ချနိုင်မှာဖြစ်တယ်။ အလုပ်ရှင်တွေက တကယ်လို့များ ဒီအလုပ်သမားကို မလိုအပ်တော့ဘူးဆိုရင် အလွယ်တကူပဲ အလုပ်ဖြုတ်နိုင်ပြီး ပေးရတဲ့ လျော်ကြေးကိုလည်း လျှော့ချနိုင်တယ်။

ဒါတွေကြောင့်လည်း အလုပ်သမားတွေက သူတို့ရဲ့အခွင့်အရေးကို ထိခိုက်တယ်ဆိုပြီး ကန့်ကွက်ဆန္ဒပြကြတာပါ။ တစ်ဖက်က ကြည့်မယ်ဆိုရင်လည်း ဒီစည်းမျဉ်းတွေသာ အတည်ဖြစ်မယ်ဆိုရင် အလုပ်ရှင်တွေဟာလည်း အလုပ်သမားတွေကို အလွယ်တကူပဲ အလုပ်ခန့်နိုင်မှာဖြစ်ပြီး အလုပ်လက်မဲ့ အရေအတွက်ကိုလျှော့ချပေးနိုင်မှာပါ။ အလုပ်အကိုင်အခွင့်အလမ်းတွေ ပိုမိုပွင့်လန်းလာလိမ့်မယ်လို့ အစိုးရဘက်က ရှုမြင်ပါတယ်။

အလုပ်သမားတွေဘက်က လက်ခံဖို့ မလွယ်ကူတဲ့ ဒီဥပဒေမူကြမ်းကို ကန့်ကွက်ဆန္ဒပြပွဲတွေ စက်တင်ဘာ ၁၂ ရက်ကစပြီး ပါရီနဲ့ အခြားမြို့ကြီးတွေမှာ ပြုလုပ်ဖို့ စီစဉ်ခဲ့ပါတယ်။ ကုန်သွယ်ရေးသမဂ္ဂကလည်း ဆန္ဒပြပွဲတွေမှာ ပါဝင်မှာပဲဖြစ်တယ်။ ပြင်သစ်သမ္မတ မက်ခရွန်ရဲ့ပြုပြင်ပြောင်းလဲမှုကနေ ဘယ်လိုအပြောင်းအလဲတွေဖြစ်လာမှာလဲ။ ပြင်သစ်နိုင်ငံရေးထဲကို နိုင်ငံရေးနဲ့ လူမှုရေးဆိုင်ရာတွေ ရောထွေးဝင်ရောက်လာမယ်။ လက်ယာစွန်းနဲ့ လက်ဝဲစွန်းတွေဟာ အတိုက်ခံတွေကို ပိုပြီးဦးဆောင်လာနိုင်မယ်။ တကယ်လို့များ မက်ခရွန်ရဲ့ ပြုပြင်ပြောင်းလဲမှုဟာ အောင်မြင်ခဲ့မယ်ဆိုရင် သူဟာဒီအဆင့်မှာပဲ ရပ်နေမှာ မဟုတ်ပါဘူး။

တခြားအရာတွေကိုပါ ပြုပြင်ပြောင်းလဲဖို့ ဆက်လက်လုပ်ဆောင်ဦးမှာပါ။ အဲဒါတွေကတော့ ပင်စင်စနစ်၊ အလုပ်လက်မဲ့အတွက် အာမခံကြေး၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းတွေ၊ မီးရထားကုမ္ပဏီ အစရှိတာတွေဟာ သူနောက်ထပ်လုပ်မယ်လို့ ယူဆရတဲ့အရာတွေပါပဲ။ ဒါပေမယ့်လည်း အခုလက်ရှိမှာတော့ အလုပ်သမားဥပဒေ ပြုပြင်ပြောင်းလဲရေးကိုပဲ ပြည်သူတွေ လက်ခံလာအောင် လုပ်လို့မရသေးပါဘူး။ ဆယ်စုနှစ် များစွာကတည်းက လက်ယာယိမ်းရော လက်ဝဲယိမ်းအစိုးရတွေပါ စာမျက်နှာပေါင်း ၃၀၀၀ ရှိတဲ့ အလုပ်သမားဥပဒေကို ပြုပြင်ဖို့ ကြိုးစားခဲ့ကြပါတယ်။

ဒါပေမယ့်လည်း လမ်းပေါ် ထွက်ဆန္ဒပြလိုက်၊ မကျေနပ်မှုတွေ မြင့်တက်လာလိုက် ဒီလိုနဲ့ပဲ လုံးချာ လည်လိုက်ပြီး ရှေ့ဆက်မတိုးနိုင်ဖြစ်ခဲ့တာလည်း ကြာပါပြီ။ စီးပွားရေးဝန်ကြီး ဘဝကတည်းက အလုပ်သမားဥပဒေကို ပြုပြင်ပြောင်းလဲဖို့ ကြိုးစားခဲ့တဲ့ မက်ခရွန်ကတော့ ဒီတစ်ချိန်မှာလည်း အောင်မြင်အောင် စွမ်းဆောင်နိုင်မှာလား။ ဒါမှမဟုတ် လမ်းပေါ်က ဆန္ဒပြပွဲတွေနဲ့ပဲ အဆုံးသတ်သွားရဦးမှာလား။ ပြင်သစ်နိုင်ငံရဲ့ အလုပ်လက်မဲ့ ပမာဏမှာ အခြားဥရောပတိုင်းပြည်တွေနဲ့ နှိုင်းယှဉ်ရင် နှစ်ဆဖြစ်နေပါတယ်။ တစ်နှစ်မှာ အလုပ်လက်မဲ့ရာခိုင်နှုန်း ၁၀ ရာခိုင်နှုန်းရှိနေရာကနေ ၂၀၂၂ ခုနှစ်မှာ ခုနစ်ရာခိုင်နှုန်းအထိ လျှော့ချနိုင်ဖို့ "မက်ခရွန်" က မျှော်မှန်းထားပါတယ်။ ပြင်သစ်နိုင်ငံရဲ့အလုပ်သမားထက်ဝက်နီးပါးခန့်ဟာ အသေးစားနဲ့ အလတ်စား စက်မှုလုပ်ငန်းတွေမှာ လုပ်ကိုင်နေကြပါတယ်။

လက်ရှိသမ္မတ မက်ခရွန်ကတော့ ယခင်သမ္မတတွေနဲ့မတူ၊ အောင်မြင်ဖို့ အခွင့်အလမ်းပိုပြီးတော့ နီးစပ်ပါတယ်။ ယခင်သမ္မတ ဖရန်ဆွာဟော်လန်းရဲ့ ဆိုရှယ်လစ် အစိုးရလက်ထက်တုန်းကတော့ ပြုပြင်ပြောင်းလဲမှုအတွက် အစပျိုးနိုင်ခဲ့ပြီး အောင်မြင်အောင် လုပ်မသွားနိုင်ခဲ့ပါဘူး။ မက်ခရွန်ရဲ့ လက်ထက်မှာတော့ ပြုပြင်ပြောင်းလဲမှုတွေလုပ်ဖို့ ပါလီမန်ရဲ့ ထောက်ခံမှုကို ရရှိထားပါတယ်။ သဘောထားဆန္ဒမဲတွေ ကောက်ခံကြည့်ရာမှာလည်း ၆၀ ရာခိုင်နှုန်းခန့်ဟာ မက်ခရွန်ရဲ့ ပြုပြင်ပြောင်းလဲမှုကို စိုးရိမ်တယ်လို့ သိရပါတယ်။

သမ္မတ မက်ခရွန်ကတော့ ဆန္ဒပြမှုတွေ၊ ဆန့်ကျင်မှုတွေကို ရင်ဆိုင်ဖို့ အစကတည်းက မျှော်လင့်ပြီးသားလို့ ဆိုပါတယ်။ ပြင်သစ်နိုင်ငံဟာဆိုရင် ဥရောပသမဂ္ဂရဲ့ အကြီးဆုံးစီးပွားရေး နိုင်ငံတွေထဲမှာ ပါဝင်ပြီး ဆယ်စုနှစ်သုံးခုစာလောက် အလုပ်လက်မဲ့ ပြဿနာကို မဖြေရှင်းနိုင်ခဲ့ဘူးလို့ ဆိုပါတယ်။ လူငယ်တွေနဲ့ လုပ်ငန်းကျွမ်းကျင်မှုမရှိသေးသူတွေဟာ အလုပ်ရဖို့ ခက်ခဲပါတယ်။ အလုပ်ရှင်တွေဘက်ကလည်း တင်းကျပ်တဲ့ စည်းမျဉ်း၊ စည်းကမ်းတွေကြောင့် ဒီလူတွေကို အလုပ်ခန့်ထားပေးဖို့ ခက်ခဲပါတယ်။ ပြင်သစ်သမ္မတဟာ ရိုမေးနီးယားကို သွားတဲ့ခရီးစဉ်မှာလည်း ပြင်သစ်နိုင်ငံက ပြည်သူတွေဟာ ပြုပြင်ပြောင်းလဲမှုကို မုန်းတီးကြတယ်။ ပြင်သစ်နိုင်ငံမှာ အမှန်တကယ်လိုအပ်နေတာက ပြုပြင်ပြောင်းလဲမှုဆိုတာထက် အသွင်ကူးပြောင်းဖို့ပါပဲလို့ ဖြေကြားခဲ့ပါတယ်။

ယခင်သမ္မတတွေနဲ့မတူ လက်ရှိသမ္မတမက်ခရွန်ဟာ သူသမ္မတမဖြစ်မီကတည်းက ရည်ရွယ်ထားတဲ့ အလုပ်သမားဥပဒေပြင်ဆင်ဖို့ကို စွမ်းဆောင်နိုင်မလားဆိုတာကတော့ စောင့်ကြည့်ရမှာပါပဲ။ **ကိုးကား-ရိုက်တာ**

ပြုပြင်ပြောင်းလဲမယ့် အလုပ်သမား ဥပဒေအသစ်မှာဆိုရင် အလုပ်ရှင်တွေဟာ အလုပ်သမားတွေကို အလွယ်တကူပဲ အလုပ်ဖြုတ်နိုင်မှာဖြစ်ပြီး အချိန်ပိုလုပ်အားခတွေကို လျှော့ချနိုင်မှာဖြစ်တယ်။ အလုပ်ရှင်တွေ တကယ်လို့များ ဒီအလုပ်သမားကို မလိုအပ်တော့ဘူးဆိုရင် အလွယ်တကူပဲ အလုပ်ဖြုတ်နိုင်ပြီး ပေးရတဲ့လျော်ကြေးကိုလည်း လျှော့ချနိုင်တယ်

ခေတ်သစ်မော်တော်ကားတစ်စီးကို မွေးဖွားခြင်း (အပိုင်း-၁၄)

သိပ္ပံစာရေးဆရာကိုကိုအောင်

စက်နှိုးသော့

မော်တော်ကားများကို ကနဦးတီထွင်ခဲ့စဉ်က ရေနွေးငွေ့အင်ဂျင်ဖြင့် စတင်ခဲ့သော်လည်း နောက်ပိုင်းတွင်မူ အတွင်းပေါက်လောင်အင်ဂျင်(Internal Combustion Engine)များဖြင့် အစားထိုး ပြောင်းလဲခဲ့ကြသည်။ I.C Engine များဖြင့် တပ်ဆင်ထုတ်လုပ်ထားသော ရှေးခေတ်မော်တော်ကားများတွင် စက်နှိုးရန်အတွက် လက်လှည့်ဂေါက်တံတစ်ခုကို တစ်ပါတည်း အသင့် ထည့်သွင်းပေးထားသည်။

ဒုတိယကမ္ဘာစစ်မတိုင်မီ ကာလခန့်အထိ မော်တော်ကားများတွင် အင်ဂျင်နှိုးရန်အတွက် လက်လှည့်ဂေါက်တံများကိုသာ အသုံးပြုခဲ့ကြရာမှ နောက်ပိုင်းတွင် အင်ဂျင်နှင့်ပူးတွဲလျက် စက်နှိုးမော်တာကို တပ်ဆင်ပေးထားပြီး ယင်းမော်တာကို ထိန်းချုပ်ထားသည့် ခလုတ်(Button)ကို နှိပ်ပေးခြင်းအားဖြင့် အင်ဂျင်ကို နှိုးစေခဲ့သည်။

အဆိုပါစက်နှိုးခလုတ်ကို သော့ဖြင့် ထပ်ဆင့်ထိန်းချုပ်ထားသည့်အတွက် သော့ဖွင့်ထားမှသာ ထိုခလုတ်က အလုပ်လုပ်ပြီး စက်နှိုးမော်တာကို လည်ပတ်စေနိုင်သည်။ ထိုမှတစ်ဆင့် စက်နှိုးခလုတ်(Start Button)များကို အသုံးမပြုတော့ဘဲ သော့အုံအတွင်းသို့ စက်နှိုးသော့ကိုထည့်ကာ တိုက်ရိုက်စက်နှိုးသည့်စနစ်ကို ပြောင်းလဲသုံးစွဲခဲ့ကြပြန်သည်။

နှစ်ဆယ့်တစ်ရာစုအရောက်တွင် ထုတ်လုပ်ခဲ့သည့် မော်တော်ကားများအနက် အပေါ့စား ဇိမ်ခံလူစီးကားများတွင် အီလက်ထရွန်နစ်နည်းပညာဖြင့် ဖန်တီးပြုလုပ်ထားသော Transponder Key များကို တပ်ဆင်ပေးလာကြသည်။ လွှင့်ထုတ်ကိရိယာဟု အဓိပ္ပာယ်ရသော Transmitter နှင့် တုံ့ပြန်ကိရိယာဟု အဓိပ္ပာယ်ရသော Responder ဝေါဟာရနှစ်ခုကို ပေါင်းစပ်ပြီး အမည်တွင်စေသော Transponder စနစ်သုံး စက်နှိုးသော့များသည် မူရင်းသော့အစစ်အမှန်ကိုသုံးပြီး နှိုးမှသာလျှင် အင်ဂျင်ကိုနိုးစေပြီး ပုံတူပွားထားသောသော့ သို့တည်းမဟုတ် သော့အတုဖြင့် နှိုးမည်ဆိုပါက အင်ဂျင်မနိုးအောင် စီမံထုတ်လုပ်ထားသော သော့များဖြစ်သည်။

Transponder စနစ်သုံး စက်နှိုးသော့များသည် သော့အတွင်းထည့်သွင်းပေးထားသည့် အသေးစား ဓာတ်ခဲခြောက်ထဲမှ လျှပ်စစ်ဓာတ်အားကိုရယူပြီး အလုပ်လုပ်သော်လည်း အကယ်၍ အဆိုပါဓာတ်ခဲခြောက်ငယ်မှာ အားကုန်သွားခဲ့လျှင်သော်မှ မူလထည့်သွင်းထားသည့် မှတ်ဉာဏ်များကို မပျောက်ပျက်စေဘဲ ဆက်လက်ထိန်းသိမ်းပေးထားနိုင်စွမ်းရှိကြသည်။

အဆိုပါသော့၏ လက်ကိုင်အတွင်း၌ အချက်အလက်များကို မှတ်သားထားနိုင်သော မိုက်ခရိုချစ်(Microchip)ကို စနစ်တကျ ထည့်သွင်းတပ်ဆင်ပေးထားသည်။ စက်နှိုးသော့ကို သော့အိမ်အတွင်းသို့ ထိုးသွင်းလိုက်သည်နှင့်တစ်ပြိုင်နက် မော်တော်ကားတွင်တပ်ဆင်ထားသော ကွန်ပျူတာမှတ်ဉာဏ်စနစ်ဆီသို့ အချက်အလက်များကို ချက်ချင်းပို့ဆောင်ပေးလိုက်ခြင်းအားဖြင့် မော်တော်ကားအင်ဂျင်ကို နိုးစေရန် အသင့်အနေအထားသို့ ရောက်ရှိသွားစေသည်။

မူရင်းသော့အစစ်အမှန်ဖြင့် သော့အိမ်အတွင်းသို့ ထိုးသွင်းလိုက်ပြီး စက်နှိုးရန်လှည့်လိုက်သည်နှင့် မော်တော်ကား၏ ကွန်ပျူတာမှတ်ဉာဏ်စနစ်က စက်မနှိုးအောင် ဟန့်တားထားမှု၏ အချက်ပြမီးမှာ လင်းလာပြီးနောက် ချက်ချင်းဆိုသလို မီးပြန်ငြိမ်းသွားကာ အင်ဂျင်ကလည်း နိုးလာလိမ့်မည်ဖြစ်သည်။

အကယ်၍ မိုက်ခရိုချစ်မပါရှိသော သော့အတုများဖြင့် စက်နှိုးလျှင်သော်လည်းကောင်း၊ မိုက်ခရိုချစ် ထည့်သွင်းပြီး ပုံတူပွားထားသောသော့ဖြစ်သည့်တိုင် မော်တော်ကား၏ ကွန်ပျူတာမှတ်ဉာဏ်စနစ်က လက်ခံအသိအမှတ်ပြုသော အချက်အလက်များနှင့် ကွဲလွဲနေခဲ့လျှင်သော်လည်းကောင်း၊ အဆိုပါမီးမှာ ပြန်၍ငြိမ်းသွားခြင်းမရှိဘဲ ဆက်လက်လင်းနေဦးမည့်အပြင် အင်ဂျင်ကလည်း နိုးလာမည် မဟုတ်ပေ။

Transponder Key များဖြင့် တပ်ဆင်ထုတ်လုပ်သော အသစ်စက်စက် မော်တော်ကားများအတွက် ကားထုတ်လုပ်သည့်ကုမ္ပဏီများက သော့နှစ်ချောင်းနှင့်တကွ လျှို့ဝှက် Code နံပါတ်ပါရှိသော ကပ်ပြားငယ် တစ်ခုကို ကားဝယ်ယူသူထံသို့ တစ်ပါတည်း လွှဲပြောင်းပေးအပ်ကြရသည်။ မူရင်းပါရှိသော သော့နှစ်ချောင်း စလုံး၏ အတွင်း၌ မော်တော်ကား၏ ကွန်ပျူတာမှတ်ဉာဏ်စနစ်က လက်ခံအတည်ပြုထားသော အချက်အလက်များကို လွှင့်ထုတ်ပေးနိုင်သည့် မိုက်ခရိုချစ်များကို တပ်ဆင်ပေးထားပြီးဖြစ်ရာ စက်နှိုးမောင်းနှင်ရန်အတွက် ယင်းသော့နှစ်ချောင်းကို စိတ်ကြိုက်အသုံးပြုနိုင်သည်။ အကယ်၍ မူရင်းသော့များ ပျောက်သွားခဲ့လျှင်သော်လည်းကောင်း၊ ပျက်စီးသွား ခဲ့လျှင်သော်လည်းကောင်း၊ သော့အသစ်ကို ပုံတူပွားသည့်အခါ၌ မိုက်ခရိုချစ်အသစ်တွင် အချက်အလက်များကို ထည့်သွင်းပေးနိုင်ရန်အတွက် မူလကားဝယ်စဉ်က ပါရှိလာသော လျှို့ဝှက် Code နံပါတ်ကိုဖော်ပြထားသည့် ကတ်ပြားငယ်ကို မှီငြမ်းအသုံး ပြုကြရမည်ဖြစ်သည်။

Transponder စနစ်သုံး စက်နှိုးသော့များကို ပြင်းထန်သောနေရောင်ခြည်၏ အောက်တွင် အချိန်ကြာမြင့်စွာထားရှိခြင်း၊ အပူဓာတ်ထုတ်လွှတ်နေသော စက်ကိရိယာများနှင့် မီးဖိုစသည်တို့၏ အနီးအနားတွင် ထားရှိခြင်း၊ ကွန်ကရစ်ထုကဲ့သို့သော မာကျောကျစ်လျစ်သည့် မျက်နှာပြင်ပေါ်သို့ပစ်ချခြင်းနှင့် ပစ်တင်ခြင်း၊ အရှိန်ဖြင့်ပစ်ပေါက်ခြင်း၊ သော့လက်ကိုင်၏အပေါ်တွင် ဝန်ထုပ်ဝန်ပိုးများတင်ခြင်း၊ သော့ကို အရည် သို့မဟုတ် အဆီများနှင့် ထိတွေ့မိစေခြင်းစသည်တို့သည် အီလက်ထရွန်နစ်စနစ်သုံး ခေတ်မီ Transponder သော့များကို ပျက်စီးစေနိုင်သည့် အကြောင်းရင်းများဖြစ်သည်ကို သတိပြုသင့်ကြသည်။

မျက်ကွယ်မြင်ကွင်းပြကင်မရာ

Blind Spot ဟူသော ဝေါဟာရကို မြန်မာဘာသာအားဖြင့် မျက်ကွယ်သို့တည်းမဟုတ် မမြင်ကွယ်ရာဟု ပြန်ဆိုရမည်ဖြစ်သည်။ အဓိပ္ပာယ်အားဖြင့် လူတစ်ယောက်၏ ပကတိမျက်စိဖြင့်မမြင်နိုင်သော နေရာအနေအထားကို ဆိုလိုခြင်းပင်ဖြစ်သည်။ ခိုနှင့် ချိုးငှက်စသော သတ္တဝါတို့၏မျက်စိသည် ၁၃၅ ဒီဂရီ ပတ်လည်အထိ မြင်နိုင်စွမ်းရှိသော်လည်း၊ လူတို့၏မျက်စိကမူ အဆိုပါငှက်များက မြင်နိုင်စွမ်းရှိသော နယ်ပယ်၏ ထက်ဝက်ခန့်မျှကိုသာ မြင်နိုင်စွမ်းရှိကြသည်။

ယင်းကဲ့သို့ လူတို့ကမြင်နိုင်သော မြင်ကွင်းအဝန်းအဝိုင်းထဲ၌ပင် မျက်စိသူငယ်အိမ်၏ ရှေ့တူရူတည့်တည့်၌ရှိသော မြင်ကွင်းများကိုသာလျှင် ရှင်းလင်းပြတ်သားစွာ မြင်နိုင်စွမ်းရှိကြသည်။ ထို့ကြောင့်ပင် လူတို့သည် အပေါ်အောက်နှင့် ဘေးဘယ်ညာရှိမြင်ကွင်းများကို ကြည့်လိုသည့်အခါ မျက်လုံးကိုနေရာ ရွှေ့ပေးရခြင်း၊ ခေါင်းကိုလှည့်ပေးရခြင်း၊ ငုံ့ပေးရခြင်းနှင့် မော့ပေးရခြင်းစသည်ဖြင့် အနေအထားအမျိုးမျိုးသို့ ပြောင်းလဲပေးကြရခြင်းဖြစ်သည်။ ဤကဲ့သို့ မြင်ကွင်းနယ်ပယ်က ကျဉ်းမြောင်းလှသည့်အထဲတွင် လူတို့သည် အလုပ်လုပ်နေသည့် အခါ၊ လဲလျောင်းအနားယူနေသည့်အခါ၊ ထိုင်နေသည့်အခါ၊ ကားမောင်းနေသည့်အခါ စသည့်အချိန်မျိုးတွင် သစ်ပင်များ၊ အဆောက်အအုံများ၊ ပရိဘောဂများ၊ တံခါးရွက်များစသည်တို့ ကွယ်ကာနေပါက အချို့သော မြင်ကွင်းများ ကို မြင်ခွင့်မရကြပေ။

ဥပမာအားဖြင့် လူတစ်ယောက်သည် ကားပေါ်တွင်ထိုင်နေသည့်အခါ သို့တည်းမဟုတ် ကားမောင်းနေသည့်အခါ ရှေ့တည့်တည့်နှင့် ဘေးမှမြင်ကွင်းများကို ဦးခေါင်းနှင့်မျက်စိတို့ နေရာရွှေ့ပြောင်း တိမ်းစောင်းပေးခြင်းအားဖြင့်သာ မြင်တွေ့နိုင်သလို... နောက်တည့်တည့်မှမြင်ကွင်းနှင့် နောက်ဘက်ဘေး ဘယ်ညာရှိ မြင်ကွင်းများကိုလည်း နောက်ကြည့်မှန်များ၏ အကူအညီဖြင့်သာ မြင်တွေ့ခွင့်ရရှိကြသည်။

သို့ရာတွင် ကား၏ဘေးတံခါးအောက်ခြေနှင့် နောက်ဘမ်ပါအောက်တို့၌ ကပ်လျက်ရှိနေသော ကျောက်တုံးကျောက်ခဲများ၊ ခွေး၊ ကြောင် စသောတိရစ္ဆာန်များ၊ ရေမြောင်းဖုံးများ၊ ရေပိုက်ခေါင်းများစသည် တို့ကိုမူမမြင်ကြရပေ။ အဘယ်ကြောင့်ဆိုသော် မော်တော်ကားတွင်တပ်ဆင်ထားသော နောက်ကြည့်မှန်များသည် အဆိုပါမြင်ကွင်းနေရာများ၏ ပုံရိပ်များကို ဖမ်းယူမပေးနိုင်သောကြောင့်ပင်ဖြစ်သည်။

ထိုသို့သောမြင်ကွင်းနေရာများသည် ကားမောင်းနေသူအတွက် Blind Spot များပင် ဖြစ်ကြသည်။ အဆိုပါ Blind Spot များသည် ကားရပ်နားရန်အတွက် အရှိန်လျှော့၍ ပလက်ဖောင်းအနီးသို့ ချဉ်းကပ်လာနေချိန်၊ ပလက်ဖောင်းမှခွာ၍ ကားစတင်ထွက်ခွာချိန်၊ ကားပါကင်၌ရပ်နားရန်အတွက် ရှေ့တိုးနောက်ငင် ရွှေ့လျားနေချိန် စသည့်အခါများ၌ အန္တရာယ်ရှိလာနိုင်သည်။ အကယ်၍ Blind Spot နေရာများ၌ အတားအဆီးတစ်ခုခု သို့တည်းမဟုတ် အချွန်အတက်တစ်စုံတစ်ရာ သို့တည်းမဟုတ် ရေမြောင်းစသည်တို့ရှိနေခဲ့လျှင် မော်တော်ကားအတွက် အန္တရာယ်ရှိနိုင်သလို...ကလေးငယ်များက ထိုင်လျက်ဖြင့် ဆော့ကစားနေခြင်းမျိုး ရှိနေခဲ့လျှင်လည်း အသက်အန္တရာယ်အထိပင် ဖြစ်ပွားလာနိုင်သည်။

ထိုသို့သော အန္တရာယ်မျိုးများကို ကာကွယ်နိုင်ရန်အတွက် ယနေ့ခေတ်ပေါ် မော်ဒယ်မြင့်ကားများတွင် မျက်ကွယ်မြင်ကွင်းအာရုံခံကိရိယာ (Blind Spot Sensor) နှင့် မျက်ကွယ်မြင်ကွင်းပြကင်မရာ (Blind Spot Camera) များကို တပ်ဆင်ပေးထားကြသည်။ ကားထဲ၌ ထိုင်လျက်မောင်းနှင်နေသူ၏ မမြင်ကွယ်ရာတွင် အန္တရာယ်တစ်စုံတစ်ရာ ရှိနေမည်ဆိုပါက၊ ကားမောင်းသူကို အသံဖြင့်အချက်ပေးခြင်း၊ မော်နီတာပေါ်တွင် မြင်ရစေခြင်းစသည်တို့ဖြင့် အန္တရာယ်အသွယ်သွယ်တို့မှ ကြိုတင်ကာကွယ်ပေးနိုင်ရန် တပ်ဆင်ပေးထားခြင်းဖြစ်သည်။

Blind Spot အာရုံခံကိရိယာနှင့် မြင်ကွင်းပြကင်မရာများကို မော်တော်ကားများတွင် တပ်ဆင်ရန်အတွက် တီထွင်ထုတ်လုပ်ပေးခဲ့ခြင်းမဟုတ်ဘဲ လေကြောင်းပို့ဆောင်ရေးလောကအတွက် တီထွင်ထုတ်လုပ်ခဲ့ကြခြင်းသာ ဖြစ်သည်။ ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံး၍ စစ်အေးခေတ်ကာလသို့ ရောက်ရှိလာချိန်တွင် လေယာဉ်ပျံများ၌ Blind Spot ကြည့်ကိရိယာများကို စတင်တပ်ဆင်ပေးခဲ့ကြသည်။

လေယာဉ်ကိုယ်ထည်၏ တည်ဆောက်ထားပုံအရ လေယာဉ်မှူးသည် ရှေ့တည့်တည့်နှင့် ဘေးမြင်ကွင်းများမှလွဲ၍ လေယာဉ်၏ ကျန်အစိတ်အပိုင်းနေရာများကို မမြင်ရသည့်အတွက် Blind Spot ကြည့်ကိရိယာများကို တပ်ဆင်ပေးထားရခြင်းဖြစ်သည်။ နောက်ပိုင်းတွင်မူ အာကာသလွှန်းပြန်ယာဉ်များ၊ အာကာသသုတေသနစခန်းယာဉ်များ၊ ဆက်သွယ်ရေးဂြိုဟ်တုများ၊ ဂြိုဟ်ဆင်းယာဉ်များစသည့် အာကာသသိပ္ပံနယ်ပယ်ဆိုင်ရာ ယာဉ်အသီးသီးတို့တွင် Blind Spot ကြည့်ကိရိယာများကို တွင်တွင်ကျယ်ကျယ် အသုံးပြုခဲ့ကြသည်။

အလားတူပင် မြေအောက်ရထားများ၊ ကျည်ဆံရထားများ၊ သံလမ်းတစ်ချောင်းတည်းပေါ်တွင် ပြေးဆွဲခုတ်မောင်းသော Mono-rail Shuttle များ၊ ရဟတ်ယာဉ်များ၊ လေသင်္ဘောများ၊ ပင်လယ်ကူးသင်္ဘောကြီးများ၊ သုတေသနရေယာဉ်များ၊ ငါးဖမ်းသင်္ဘောများ၊ ရေငုပ်သင်္ဘောများ စသည်တို့တွင်လည်း Blind Spot ကြည့်ကိရိယာများကို တပ်ဆင်အသုံးပြုလျက် ရှိနေကြသည်။

ထို့အတူပင် စစ်မြေပြင်သုံးဝက်ဂွန်ကားများ၊ ထရပ်ကားများ၊ တင့်ကားများနှင့် အရေးကြီးပုဂ္ဂိုလ်များ စီးနင်းရန်အတွက် အထူးထုတ်လုပ်ပေးထားသော ဘေးအန္တရာယ်လုံခြုံမှုအဆင့်မြင့်မားသည့် ယာဉ်အသီးသီးတို့၌လည်း ခေတ်မီ Blind Spot ကြည့်ကိရိယာများကို တပ်ဆင်ပေးထားလျက်ရှိသည်။

လူဦးရေ အဆမတန်တိုးပွားလာနေပြီး ယာဉ်အသွားအလာ များပြားရှုပ်ထွေးလှသည့် မျက်မှောက်ကာလတွင် Blind Spot ကြည့်ကိရိယာများသည် ခေတ်သစ်မော်တော်ကားများအတွက် မရှိမဖြစ်အရေးပါလှသော အထောက်အကူပြု စက်ပစ္စည်းတစ်ခုအဖြစ်သို့ ရောက်ရှိနေပြီဖြစ်သည်။

အိတ်ဇောဘရိတ်

မော်တော်ကားတစ်စီး၏ တည်ဆောက်တပ်ဆင်ထားပုံအရ အရှိန်ပြင်းပြင်းဖြင့် မောင်းနှင်နေရင်း ရုတ်တရက်အရှိန်သတ်ရန် ဘရိတ်ဖမ်းလိုက်သည့်အခါ အဆိုပါကားတွင် တပ်ဆင်ပေးထားသည့် ဘရိတ်စနစ်၏ စွမ်းဆောင်နိုင်မှုအပေါ်မူတည်ပြီး အတိုင်းအတာတစ်ရပ်အထိ အရှိန်လျော့ကျမည်ဖြစ်ကာ မော်တော်ကားကိုမူ ချက်ချင်းရပ်တန့်သွားစေလိမ့်မည် မဟုတ်ပေ။

အကယ်၍ အင်အားအလွန်အကျွံသုံးပြီး ဘရိတ်ကိုနင်းမည်ဆိုပါကမူ ကား၏တည်ငြိမ်မှုကို ဆိုးရွားစွာ ထိခိုက်သွားစေနိုင်သလို...ဘရိတ်ပေါက်သွားခြင်းကဲ့သို့သော မျှော်လင့်မထားသည့် ဖြစ်ရပ်မျိုးနှင့် ကြုံတွေ့ကြရနိုင်သည်။ အထူးသဖြင့် ခရီးသည်အပြည့်တင်ဆောင်လာသော ဘတ်စ်ကားများ၊ ကုန်တန်ချိန်များစွာတင်ဆောင်လာသော ထရပ်ကားများက အန္တရာယ်ဖြစ်နိုင်ခြေ ပို၍ရှိနေသည်။ ဖြစ်ခဲ့ဖူးသော သာဓကများကလည်း အများအပြားရှိခဲ့သည်။

မော်တော်ယာဉ်အင်ဂျင်နီယာတို့က ထိုပြဿနာကို အကောင်းဆုံးဖြေရှင်းနိုင်မည့် နည်းလမ်းများကို တီထွင်ကြံဆခဲ့ကြရာ အိတ်ဇောဘရိတ် (Exhaust Brake) ဟူသော စနစ်တစ်ရပ် ပေါ်ထွန်းလာခဲ့သည်။ အိတ်ဇောဘရိတ်၏တာဝန်မှာ မြန်နှုန်းမြင့်မြင့် မောင်းနှင်လာနေစဉ် ရုတ်တရက်အရှိန်သပ်ရန် လိုအပ်လာသည့်အခါ ခြေနင်းဘရိတ်တစ်ခုတည်းကိုသာ ရာနှုန်းပြည့်အားကိုးခြင်းမပြုဘဲ အင်ဂျင်လည်ပတ်နှုန်းကိုပါ လျော့ကျအောင်ပြုလုပ်ပေးခြင်းဖြင့် ခြေနင်းဘရိတ်၏လုပ်ဆောင်ရမှုကို ထောက်ကူပေးရန် ဖြစ်သည်။

အိတ်ဇောဘရိတ်စနစ်ကို ခရီးသည်နှင့်ကုန်စည်များစွာ တင်ဆောင်မောင်းနှင်ကြရသော ဒီဇယ်အင်ဂျင်တပ် ဘတ်စ်နှင့်ထရပ်ကားကြီးများတွင် အဓိကထားကာ တပ်ဆင် ထုတ်လုပ်ပေးကြသော်လည်း၊ အချို့သော မော်တော်ကားကုမ္ပဏီများကမူ မိမိတို့ထုတ်လုပ်သည့် ဒီဇယ်အင်ဂျင်တပ် လိုက်ထရပ်အချို့နှင့် ပစ်ကပ်ကားငယ်အချို့တို့၌ပါ ထိုစနစ်ကို ပူးတွဲတပ်ဆင် ထုတ်လုပ်ပေးလျက်ရှိနေကြသည်။

အိတ်ဇောဘရိတ်စနစ်ကို တပ်ဆင်ရာတွင် အလိုအလျောက် အလုပ်လုပ်စေခြင်းနှင့် ခလုတ်ဖြင့် ထိန်းချုပ်ကာ အလုပ်လုပ်စေခြင်းဟူ၍ နှစ်မျိုးနှစ်စားခွဲခြားထားသည်။ ယင်းနှစ်မျိုးအနက် ခလုတ်ဖြင့် ထိန်းချုပ်သည့်စနစ်ကို သုံးစွဲထားသော မော်တော်ကားအမှတ်တံဆိပ်အချို့တွင် အိတ်ဇောဘရိတ်စနစ်၏ တုံ့ပြန်လုပ်ဆောင်မှုကို အဆင့် သုံးဆင့် ထပ်မံခွဲခြားထားသည်။ ပထမအဆင့်မှာ မော်တော်ကား၏အရှိန်ကို ပုံမှန်အတိုင်း လျော့ကျစေသည့်အဆင့်ဖြစ်ပြီး ဒုတိယအဆင့်က အရှိန်လျော့ကျမှုနှုန်းကို ပို၍မြန်ဆန်စေရန်ဖြစ်သည်။ တတိယအဆင့်ကမူ အရှိန်လျော့ကျမှုနှုန်းကို သိသိသာသာမြန်ဆန်စေသော အဆင့်ဖြစ်သည်။

အိတ်ဇောဘရိတ်စနစ်၏ အလုပ်လုပ်ပုံ အခြေခံသဘောတရားမှာ အင်ဂျင်အတွင်းလောင်ကျွမ်း ပေါက်ကွဲမှုကြောင့် ထွက်ပေါ်လာသော စွန့်ထုတ်အခိုးအငွေ့များကို အိပ်ဇောပိုက်လိုင်းတစ်လျှောက် ချောချောရှုရှု ဖြတ်သန်းခြင်းမပြုနိုင်အောင် ဟန့်တား ခုခံပေးထားရုံမျှမက ယင်းအခိုးအငွေ့များကို အင်ဂျင်၏ပေါက်လောင်ခန်း (Combustion Chamber) အတွင်းသို့ ပြန်လည်ပို့ဆောင်ပေးခြင်းအားဖြင့် အင်ဂျင်၏လည်ပတ်မှုနှုန်းကို လျော့ကျသွားစေခြင်းပင် ဖြစ်သည်။

ဤနေရာတွင် အိတ်ဇောဘရိတ်စနစ်သည် အင်ဂျင်၏လည်ပတ်နှုန်းကို လျော့ကျအောင် ပြုလုပ်ပေးနိုင်စွမ်း ရှိရုံမျှသာဖြစ်ပြီး ခြေနင်းဘရိတ်ကဲ့သို့ ကားတစ်စီးလုံးကို လုံးဝရပ်တန့်သွားအောင် လုပ်ဆောင်ပေးနိုင်မည်မဟုတ်ကြောင်းကိုမူ သတိပြုကြရန်လိုအပ်သည်။ မည်သို့ပင်ဆိုစေကာမူ အိတ်ဇောဘရိတ်စနစ်မှာ ခရီးသည်နှင့် ကုန်စည်အများအပြားကို တင်ဆောင်ကြရသော မော်တော်ကားကြီးများကို မောင်းနှင်နေကြသူများအဖို့ မလွဲမသွေအသုံးပြုသင့်သော စနစ်တစ်ရပ်ဖြစ်သည်။

အထူးသဖြင့် အဝေးပြေး လမ်းမကြီးများပေါ်တွင် မြန်နှုန်းမြင့် မောင်းနှင်သည့်အခါမျိုးနှင့် တောင်ဆင်းလမ်းခရီးများတွင် မောင်းနှင်သည့်အခါမျိုးများ၌ အိတ်ဇောဘရိတ်စနစ်ကို မဖြစ်မနေသုံးစွဲသင့်ကြသည်။ အိပ်ဇောဘရိတ်ကို ထောက်ကူသုံးစွဲခြင်းအားဖြင့် ခြေနင်းဘရိတ် အသုံးပြုရသည့်အကြိမ် ရေကို လျှော့ချပေးနိုင်သလို... ခြေနင်းဘရိတ်ကိုနင်းရသည့် အတိုင်းအဆပမာဏကိုလည်း လျော့ကျစေသည့်အတွက် ဘရိတ်ရှူးများ၏သက်တမ်းကို ပို၍ရှည်ကြာစေသည်။

အိတ်ဇောဘရိတ်စနစ်ကို လဲလှယ်တပ်ဆင်သည့်အခါ မူရင်းပစ္စည်းနှင့် ထပ်တူထပ်မျှစွမ်းအားရှိသော အပိုပစ္စည်းကိုသာ အစားထိုးလဲလှယ်တပ်ဆင်ရန် လိုအပ်သည်။ အကြောင်းမှာ ကား၌မူလတပ်ဆင်ပါရှိလာသော အိတ်ဇောဘရိတ်က အိတ်ဇောပိုက်လိုင်းအတွင်း ဖြတ်သန်းလာနေသော စွန့်ထုတ်အခိုးအငွေ့များကို အတိုင်းအတာတစ်ရပ်အထိ ဟန့်တားကာ အင်ဂျင်၏ ပေါက်လောင်ခန်းအတွင်းသို့ ပြန်လည်ပို့လွှတ်ပေးရာတွင် အင်ဂျင်အတွင်းရှိ ပစ္စတင်နှင့်တကွ ဆက်စပ်ပစ္စည်းများ၏ ဖိအားဒဏ်ခံနိုင်ရည်ရှိမှုကို ချိန်ဆတပ်ဆင်ပေးထားသောကြောင့်ပင် ဖြစ်သည်။

ကမ္ဘာတစ်ဝန်းလုံး၌ မော်တော်ကား ထုတ်လုပ်သည့်ကုမ္ပဏီများ အများအပြားရှိနေကြသကဲ့သို့ အဆိုပါကုမ္ပဏီအသီးသီးတို့က တပ်ဆင်ထုတ်လုပ်ထားကြသော အင်ဂျင်အသီးသီးတို့၏ အတွင်းပိုင်း စက်ပစ္စည်းများကလည်း ဖိအားဒဏ်ခံနိုင်ရည်အားဖြင့် အမျိုးမျိုးကွဲပြားလျက် ရှိနေကြသည်။ ယေဘုယျဆန်ဆန်ဆိုရလျှင် ဖိအားဒဏ်ခံနိုင်ရည်နည်းသော အင်ဂျင်မျိုးအတွက် တွန်းပို့မှုဖိအားပမာဏ များပြားသော အိတ်ဇောဘရိတ်စနစ်မျိုးကို ပူးတွဲတပ်ဆင်ပေးလိုက်မိခဲ့လျှင် အဆိုပါအင်ဂျင်သည် အလွန်တိုတောင်းသော အချိန်အတိုင်းအတာအတွင်း၌ပင် ချွတ်ယွင်းပျက်စီးသွားလိမ့်မည် ဖြစ်သည်။

သို့ဖြစ်၍ အိတ်ဇောဘရိတ်စနစ် တပ်ဆင်ပါရှိလာသော မော်တော်ကားများကို မောင်းနှင်ကြသူများသည် မြန်နှုန်းမြင့် မောင်းနှင်သည့်အခါများနှင့် ခရီးသည်နှင့် ကုန်စည်အပြည့် တင်ဆောင်မောင်းနှင်ရသည့် အခါမျိုးများတွင် အိတ်ဇောဘရိတ်စနစ်ကိုပါ ပူးတွဲသုံးစွဲသွားကြခြင်းအားဖြင့် မိမိတို့ကိုယ်တိုင်နှင့်တကွ ခရီးသည်နှင့် ကုန်စည်များကို ဘေးအန္တရာယ်ကင်းဝေးစေလိမ့်မည် ဖြစ်သည်။ ။

ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်

ထန်တလန် စက်တင်ဘာ ၁၃
ထန်တလန်မြို့နယ် ကြောင်ထီးယားစံပြကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးဌာနမှူး ဦးထွန်းထွန်းနှင့် ဝန်ထမ်းများအဖွဲ့က စက်တင်ဘာ ၉ရက်က ပြုလုပ်ပေးအပ်ခဲ့ကြောင်း သိရသည်။

ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူးဦးဆန်လျန်း၊ မြို့နယ်အင်ဂျင်နီယာဦးဇော်လတ်နောင်၊ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများက ကျောင်းသား ကျောင်းသူ ၅၂ ဦးအား မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးဌာနမှ ပြုလုပ်ပေးသည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ခဲ့သည်။ ထန်တလန်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာနအနေဖြင့် အခြားကျေးရွာများမှ ကျောင်းသား ကျောင်းသူများကိုလည်း ကျေးရွာအရောက် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆက်လက် ကွင်းဆင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။
(မြို့နယ် ပြန်/ဆက်)

သမိုင်းဝင် မဟာသကျသီဟမြတ်စွာဘုရားကြီး၏ ဗုဒ္ဓပူဇနီယပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပမည်

မန္တလေး စက်တင်ဘာ ၁၃
မန္တလေး ချမ်းအေးသာစံမြို့နယ် အောင်နန်းရိပ်သာ အနောက်ရပ်ကွက်အတွင်းရှိ ရေးမြန်မာဘုရင်မင်းသုံးဆက် တည်ထားကိုးကွယ်ခဲ့သည့် သမိုင်းဝင် မဟာသကျသီဟမြတ်စွာဘုရားကြီး၏ (၁၃၂)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို အောက်တိုဘာ ၃ ရက်မှ ၆ ရက် (သီတင်းကျွတ်လပြည့်ကျော် ၁ ရက်)အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဗုဒ္ဓပူဇနီယပွဲတော်တွင် အောက်တိုဘာ ၅ ရက်(သီတင်းကျွတ်လပြည့်)နေ့၌ မန္တလေးမြို့အတွင်းရှိ ပရိယတ္တိ၊ ပဋိပတ္တိကျောင်းတိုက်များမှ ပင့်သံဃာတော် ၅၀၄ ပါးအား လှူဖွယ်ဝတ္ထုနှင့် ဆွမ်းသပိတ်များ လောင်းလှူခြင်း၊ မဟာသကျသီဟမြတ်စွာဘုရားကြီး ကုန်းတော်ပေါ်တွင် စာရေးတံမဲ၊ သင်္ကန်း၊ ဆွမ်းတော်ပွဲ လှူဒါန်းကုသိုလ်ပြုခြင်းတို့ ကျင်းပမည်ဖြစ်ပြီး သီတင်းကျွတ်လပြည့်နေ့ညနှင့် လပြည့်ကျော် ၁ ရက်နေ့ ညများတွင် အစဉ်အလာမပျက် ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ပွဲကိုလည်း စည်ကားသိုက်မြိုက်စွာ ထည့်သွင်းကျင်းပမည်ဖြစ်သည်။ ထို့အပြင် ဆရာတော်ကြီးများက နိဗ္ဗာန်ရောက်ကြောင်း တရားတော်များဟောကြားမည့် တရားပွဲများကိုလည်း ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပသည့် ရက်ကာလများတွင် ကျင်းပမည်ဖြစ်သည်။

သမိုင်းဝင် မဟာသကျသီဟမြတ်စွာဘုရားကြီးကို အင်းဝနေပြည်တော်၌ ၁၁၈၈ ခုနှစ်တွင် ဘကြီးတော်မင်းတရားနှင့် နန်းမတော်မယ်နုတို့က ရွှေစင်ပိဿာ ၁၇၂၃၊ ဘော်စင်ငွေပိဿာ ၁၀၀၀၀၊ သံလွဲဖြူပိဿာ ၅၀၀၀၊ ကြေးနီကြေးစင်ပိဿာ ၅၀၀၀ တို့ဖြင့် သွန်းပြုတော်မူခဲ့ပြီး ၁၂၀၉ ခုနှစ်တွင် မဟာသကျ သီဟမြတ်စွာဘုရားကြီးအား အင်းဝနေပြည်တော်မှ အမရပူရမြို့သို့ ရေလမ်းမှတစ်ဆင့် ပုဂံမင်းနှင့် မိဖုရားခေါင်ကြီးတို့က ပင့်ဆောင်ကာ တောင်သမန်အင်းထိပ် ပုထိုးတော်ကြီးအနီးတွင် ရွှေ့ပြောင်းကိုးကွယ်ခဲ့သည်။ အမရပူရမြို့၌ ရွှေ့ပြောင်းကိုးကွယ်ထားသည့် မဟာသကျသီဟမြတ်စွာဘုရားကြီးအား ၁၂၄၇ ခုနှစ်တွင် ကုန်းလမ်းဖြင့် ယခုတည်ထားကိုးကွယ်ရာနေရာသို့ သီပေါမင်းနှင့် မိဖုရားခေါင်ကြီး စုဖုရားလတ်တို့က ရွှေ့ပြောင်းကိုးကွယ်ခဲ့ကြောင်း သိရသည်။
ချမ်းသာ(မိတ္ထီလာ)

တိုင်းဒေသကြီး လုံခြုံရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ပဲခူး စက်တင်ဘာ ၁၃
ပဲခူးတိုင်းဒေသကြီး လုံခြုံရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ပဲခူးမြို့ရှိ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာခန်းမ၌ စက်တင်ဘာ ၁၁ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး လှမျိုးရွှေက ရခိုင်အရေးနှင့်ပတ်သက်၍ ပြည်တွင်းအကြမ်းဖက်မှုများ လုပ်ကိုင်ဆောင်ရွက်မည်ဟု သတင်းများ ရရှိထားကြောင်း၊ ရခိုင်ဖြစ်စဉ်သည် ဘာသာရေး ပဋိပက္ခအသွင်မဟုတ်ဘဲ အကြမ်းဖက်လုပ်ရပ်သာဖြစ်ကြောင်း၊ အကြမ်းဖက်လုပ်ရပ်သည် အချိန်မရွေး နေရာမရွေး ဖြစ်ပွားနိုင်၍ ပြည်သူများ သတိရှိစေလိုကြောင်း၊ ပဋိပက္ခဖြစ်စဉ်များ၌ မီဒီယာများအနေဖြင့်လည်း ဘက်လိုက်မှုများရှိနေသဖြင့် နိုင်ငံတကာသို့ သတင်းမှန်များ သိရှိစေရန် အခက်အခဲများရှိကြောင်း၊ ယနေ့အချိန်အခါသည် လုံခြုံရေးအရ အရေးကြီးသည့်အချိန်ဖြစ်၍ ပြည်သူများက လုံခြုံရေးအဖွဲ့များနှင့်အတူ ပူးပေါင်း ပါဝင်ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးအောင်ဇော်နိုင်က အကြမ်းဖက်မှုသည် ဒီမိုကရေစီနှင့် လူ့အခွင့်အရေး အပြည့်အဝပိုင်ဆိုင်နေသည့် နိုင်ငံကြီးများတွင်လည်း ဖြစ်ပွားလျက်ရှိကြောင်း၊ နိုင်ငံတော်နှင့် ပြည်သူများ၏ လုံခြုံရေးနှင့်ပတ်သက်လာလျှင် မည်သည့်အကြမ်းဖက်မှုကိုမဆို ပြတ်ပြတ်သားသား ဖြေရှင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အကြမ်းဖက်မှုနောက်ကွယ်က မည်သည့်အရာကိုမှ လက်ခံစဉ်းစားနေမည်မဟုတ်ဘဲ ထိထိရောက်ရောက် ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဦးကျော်မင်းစံကလည်း နိုင်ငံတော်အစိုးရအနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေးအတွက် ဆောင်ရွက်နေစဉ် ရခိုင်ပြည်နယ်မှ အကြမ်းဖက်မှုဖြစ်ရပ်မျိုးသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားဖြစ်စေကြောင်း၊ လုံခြုံရေးတာဝန် ထမ်းဆောင်သူများအနေဖြင့် တာဝန်ထမ်းဆောင်ရာတွင် သတ်မှတ်ယူနီဖောင်းများ စနစ်တကျဝတ်ဆင်ကာ ပြည်သူများ အထိတ်တလန့်မဖြစ်အောင် ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဦးမောင်မောင်လွင်ကလည်း အကြမ်းဖက်မှုဖြစ်စဉ်နှင့်ပတ်သက်ပြီး တိုင်းဒေသကြီးအတွင်း မမှန်မကန်သတင်းများ လွှင့်ခြင်း၊ ဆူပူမှုဖြစ်အောင် သွေးထိုးလှုံ့ဆော်ခြင်းများ မဖြစ်စေရေး ကြိုတင်စီမံဆောင်ရွက်ထားကြရန် လိုအပ်ကြောင်း ပြောကြားပြီး နယ်မြေခံတပ်မှ ဗိုလ်မှူးကြီး မိုးထွန်းနိုင်ကလည်း တပ်မတော်အနေဖြင့် အကြမ်းဖက်မှုဖြစ်စဉ်များ ကာကွယ်နှိမ်နင်းရေးနှင့်ပတ်သက်၍ လိုအပ်ပါက ပူးပေါင်းဆောင်ရွက်နိုင်ရန် အသင့်ပြင်ဆင်ထားရှိပြီးဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် အစိုးရအဖွဲ့အတွင်းရေးမှူး ဦးတိုးဝင်းက ပဲခူးတိုင်းဒေသကြီးသည် လမ်းဆုံမြို့တစ်မြို့ဖြစ်၍ အခြားတိုင်းဒေသကြီးများမှ ဖြစ်စဉ်များ အလွယ်တကူ ကူးစက်လာနိုင်၍ အကြမ်းဖက်မှုဖြစ်စဉ်များအတွက် လုံခြုံရေးအစီအမံများ အသေးစိတ်ရေးဆွဲထားရန်လိုအပ်ကြောင်း ဆွေးနွေးပြောကြားပြီး တက်ရောက်လာသည့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက လုံခြုံရေးနှင့်ပတ်သက်၍ ဝိုင်းဝန်းအကြံပြု ဆွေးနွေးခဲ့ကြသည်။

ပဲခူးတိုင်းဒေသကြီး လုံခြုံရေးနှင့် အကြမ်းဖက်မှုများ ဖြစ်ပေါ်လာပါက အချိန်နှင့်တစ်ပြေးညီ ကိုင်တွယ်ဖြေရှင်းနိုင်ရေးအတွက် တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်များတွင် အဆင့်ဆင့် လုံခြုံရေးနှင့် အကြမ်းဖက်မှုနှိမ်နင်းရေး ကော်မတီ၊ သတင်းအမှန်ထုတ်ပြန်ရေးကော်မတီနှင့် သတင်းရယူထောက်လှမ်းရေး ကော်မတီများကို အမြန်ဆုံး ဖွဲ့စည်းထားရှိသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းအမှန်ထုတ်ပြန်ရေးကော်မတီကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် ထားရှိကာ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၊ သတင်းတပ်ဖွဲ့နှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပါဝင်ဖွဲ့စည်းသွားမည်ဖြစ်သည့်အပြင် Hot Line ဖုန်းနံပါတ်များကိုလည်း ပြည်သူများသိရှိစေရန် ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။
ဖြိုးကိုလင်း(ညောင်ဝိုင်း)

သတင်းတိုများ

လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အကြိုဟောပြောပွဲကျင်းပ

ကျောင်းသား ကျောင်းသူများ လူကုန်ကူးမှုနှင့်ပတ်သက်သော အသိပညာဗဟုသုတ တိုးပွားစေရန် ရည်ရွယ်၍ လူကုန်ကူးမှု အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၁၁ ရက်က ရွာသစ်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်၌ ကျင်းပခဲ့သည်။ ဟောပြောပွဲတွင် ရွာသစ်မြို့ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်ဆွေဆွေအေးက လူကုန်ကူးခံရသည့် နည်းလမ်းများ၊ လူကုန်ကူးခံရသည့် ဖြစ်ရပ်ဖြစ်စဉ်များကို ရှင်းလင်းဟောပြောပြီး အသိပညာပေး နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲများကိုလည်း ခင်းကျင်းပြသခဲ့ကြောင်း သိရသည်။
(မြို့နယ် ပြန်/ဆက်)

အင်ဂျန်းယန်မြို့နယ်တွင် စည်ပင်သာယာဈေးသစ်ဖွင့်လှစ်

မြစ်ကြီးနားခရိုင် အင်ဂျန်းယန်မြို့နယ်တွင် စည်ပင်သာယာဈေးသစ်ဖွင့်ပွဲကို စက်တင်ဘာ ၁၁ ရက်က ကျင်းပခဲ့ပြီး ဖွင့်ပွဲတွင် အင်ဂျန်းယန်မြို့ ကက်သလစ်ဘုန်းတော်ကြီးက ကောင်းချီးမင်္ဂလာပေးဆုတောင်း၍ ဖွင့်လှစ်ခဲ့သည်။ ထို့နောက် အင်ဂျန်းယန်မြို့ အမှတ်(၁)မဲဆန္ဒနယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မိုးနော်က အမှာစကားပြောကြားပြီး စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်နေဦးက ဈေးသစ်ဖွင့်လှစ်ခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။ အင်ဂျန်းယန်မြို့သည် ဖွံ့ဖြိုးဆဲမြို့တစ်မြို့ဖြစ်ပြီး ရပ်ကွက် လေးရပ်ကွက် အိမ်ခြေ ၁၁၀ နှင့် လူဦးရေ ၆၀၀ ခန့်ရှိကြောင်း သိရသည်။
စိုးကျော်သူထွေး(မတ္တရာ)

ရေးမြို့နယ်မှ ကျောင်းပေါင်း ၉၀ ကျော်တွင် မွန်နှင့်ကရင်ဘာသာစာပေများ သင်ကြားပေးနေ

ရေး စက်တင်ဘာ ၁၃
မွန်ပြည်နယ် ရေးမြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်းအဆင့် ကျောင်းပေါင်း ၉၃ ကျောင်းတွင် ယခု ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွင်း မွန်နှင့် ကရင်တိုင်းရင်းသား ကျောင်းသား ကျောင်းသူလေးများအား မွန်နှင့်ကရင် ဘာသာရပ်များ သင်ကြားပေးလျက်ရှိကြောင်းနှင့် မွန်ပညာရေးကျောင်း ၅၇ ကျောင်း၊ ကရင်ပညာရေးကျောင်း ၃၆ ကျောင်းဖြစ်ကြောင်း သိရသည်။

တိုင်းရင်းသားဘာသာများကို သင်ကြားပေးနေသော စာသင်ကျောင်းများမှာ တိုင်းရင်းသားများ အများဆုံးနေထိုင်ကြသော မော့ကနင်လမိုင်း အံ့ဒင် ဒူးယားနှင့် ဟံဂံကျေးရွာများတွင် ဖြစ်ကာ ထိုကျောင်းများတွင် တိုင်းရင်းသားလူငယ်များ အများဆုံး တက်ရောက်သင်ကြားလျက်ရှိပြီး မွန်နှင့် ကရင် ကျောင်းသား ကျောင်းသူပေါင်းက ၆၀၀၀ ကျော်ခန့်ရှိနေကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

မွန်နှင့်ကရင် တိုင်းရင်းသားဘာသာရပ်များကို အစိုးရစာသင်ကျောင်းချိန် ပြင်ပတွင် တစ်ရက်လျှင် တစ်နာရီခန့် နေ့စဉ်သင်ကြားပေးနေကြောင်း၊ မွန်နှင့် ကရင်တိုင်းရင်းသား ဘာသာရပ်များကို သင်ကြားပေးနေသည့် ပညာရေးဝန်ထမ်း အရေအတွက်အနေဖြင့် မွန်ဘာသာရပ်အတွက် ဆရာ ဆရာမ ၁၄၃ ဦးဖြစ်ပြီး ကရင်ဘာသာရပ်အတွက် ဆရာ ဆရာမ ၆၃ ဦးဖြစ်ကြောင်း၊ ကျောင်းသား ကျောင်းသူဦးရေအနေဖြင့် မွန်ကျောင်းသား ကျောင်းသူ ၄၇၀၀ ခန့်နှင့် ကရင်ကျောင်းသား ကျောင်းသူ ၁၅၀၀ နီးပါးအထိရှိကြောင်း သိရသည်။

တိုင်းရင်းသား ကလေးငယ်များအနေဖြင့် နိုင်ငံတော်မှချမှတ်ထားသော သင်ခန်းစာဘာသာရပ်များကို ကျောင်းတွင် လေ့လာသင်ယူရင်း တိုင်းရင်းသားစာပေနှင့် ဓလေ့ထုံးတမ်းအစဉ်အလာများ၊ ရိုးရာယဉ်ကျေးမှုများကိုလည်း မပျောက်ပျက်စေဘဲ လေ့လာသင်ယူကာ ဆက်လက်ထိန်းသိမ်းသွားနိုင်ကြရန် ရည်ရွယ်၍ ပညာရေးဝန်ကြီးဌာနအနေဖြင့် တိုင်းရင်းသားဘာသာရပ်များကို ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှ စတင်၍ အခြေခံပညာကျောင်းများတွင် ဖွင့်လှစ်သင်ကြားနိုင်ရန် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။
နေမျိုးထွင်(ရေး)

မြစ်ကူး၍ကျောင်းတက်နေရသော ကလေးများအတွက် အသက်ကယ်အင်္ကျီများလှူဒါန်း

ကသာ စက်တင်ဘာ ၁၃

ကသာမြို့နယ် ကျောက်ထုံးကြီးကျေးရွာ အုပ်စု ဝဆွယ်ကျေးရွာ နေ့စဉ် မြစ်ကို စက်လှေများ၊ လှေများဖြင့် ဖြတ်ကူး၍ ကျောင်းတက်နေရသည့် ကျောင်းသူ ကျောင်းသားလေးများအတွက် အသက်ကယ်အင်္ကျီ အထည် ၄၀ ကို ကသာ အွန်လိုင်းချစ်သူများအဖွဲ့က စက်တင်ဘာ ၁၁ ရက်က ကျောက်ထုံးကြီးကျေးရွာသို့ သွားရောက်၍ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ဝဆွယ်ကျေးရွာမှ ကျောင်းသားကျောင်းသူများအနေဖြင့် မြစ်ကို နေ့စဉ် စက်လှေ၊ လက်ခတ်လှေများဖြင့် ဖြတ်ကူးပြီး ကျောက်ထုံးကြီးကျေးရွာ အထက်တန်းကျောင်းသို့ တက်ရောက်ပညာသင်ကြားနေကြရာတွင် အသက်ဘေးအန္တရာယ် မကျရောက်စေရန် ရည်ရွယ်ပြီး အသက်ကယ်အင်္ကျီများကို မန္တလေးမှ မှာယူ၍ လှူဒါန်းခြင်းဖြစ်ကြောင်း၊ ကသာ အွန်လိုင်းချစ်သူများအဖွဲ့အနေဖြင့် ယခုအကြိမ်လှူဒါန်းခြင်းသည် (၈) ကြိမ်မြောက်လှူဒါန်းခြင်းဖြစ်ပြီး ဆက်လက်၍လည်း ဧရာဝတီမြစ်ကမ်းအနီးရှိ ရေဝင်ရောက်သည့် ကျေးရွာများမှ ကျောင်းသား ကျောင်းသူများအတွက် အသက်ကယ်အင်္ကျီများ တစ်ဦးမှ မကျန်ရအောင် လှူဒါန်းပေးသွားမည်ဖြစ်ကြောင်း ကသာ အွန်လိုင်းချစ်သူများအဖွဲ့မှ ဒေါ်သိန်းသိန်းမိုးက ပြောသည်။

ကသာအွန်လိုင်းချစ်သူများအဖွဲ့အနေဖြင့် အသက်ကယ်အင်္ကျီများ လှူဒါန်းသည့်အပြင် အဖွဲ့ဝင်များနှင့် ဒုတိယမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးငွေမျိုးမြင့်နီနှင့် ရဲတပ်ဖွဲ့ဝင်များ၊ ကသာမြို့မှ မီးသတ်တပ်ဖွဲ့ဝင်များနှင့်ပူးပေါင်း၍ အသက်ကယ်အင်္ကျီသရုပ်ပြဝတ်ဆင်ခြင်းများလည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ငွေအိုး(ကသာ)

မြန်မာ့ဒီမိုကရေစီပွဲတော် ရုပ်ရှင်ပြပွဲ ဖွင့်ပွဲကျင်းပရေး ပြည်နယ်ဝန်ကြီးများ ကြည့်ရှုစစ်ဆေး

တောင်ကြီး စက်တင်ဘာ ၁၃

တောင်ကြီးမြို့၌ မြန်မာ့ဒီမိုကရေစီပွဲတော် ရုပ်ရှင်ပြပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပနိုင်ရေးအတွက် ရှမ်းပြည်နယ် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာအောင်သန်းမောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာညီညီအောင်နှင့်ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစွံဆိုင်းတို့သည် ဖွင့်ပွဲအခမ်းအနားကျင်းပမည့် တောင်ကြီးမြို့ မြသုခရုပ်ရှင်သို့ စက်တင်ဘာ ၁၁ ရက်က သွားရောက်ပြီး ဖွင့်ပွဲအတွက် စီစဉ်ထားမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ဝန်ကြီးများအား ပြည်နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ရုပ်ရှင်လုပ်ငန်းတို့မှ တာဝန်ရှိသူများက ဖွင့်ပွဲအတွက် ပြင်ဆင်ဆောင်ရွက်ထားမှုများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးများက လိုအပ်သည်များ မှာကြားခဲ့သည်။ မြန်မာ့ဒီမိုကရေစီရုပ်ရှင်ပွဲတော်ကို စက်တင်ဘာ ၁၅ မှ စက်တင်ဘာ ၂၀ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ပွဲတော်ရက်အတွင်း ရုပ်ရှင်ဇာတ်ကားငါးကားကို ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့ဒီမိုကရေစီရုပ်ရှင်ပွဲတော် ဖွင့်ပွဲကို စက်တင်ဘာ ၁၅ ရက် နံနက် ၁၀ နာရီမှစ၍ တောင်ကြီးမြို့မြသုခရုပ်ရှင်ရုံ၌ ကျင်းပသွားမည်ဖြစ်ပြီး ဖွင့်ပွဲနေ့တွင် မြန်မာ့ဒီမိုကရေစီပွဲတော် ရုပ်ရှင်ဇာတ်ကားများကို အခမဲ့ပြသကာ ကျန်ရှိသည့်ပွဲတော်ကာလ ရက်များတွင် မူလအတိုင်း ရုံဝင်ခ ကောက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့ဒီမိုကရေစီရုပ်ရှင်ပွဲတော်ကို တောင်ကြီးမြို့တွင် မြသုခရုပ်ရှင်ရုံအပြင် Mega Ace Cineplex Hall-1 တွင်လည်း ကျင်းပမည်ဖြစ်ပြီး ရှမ်းပြည်နယ်အတွင်း အခြားမြို့နယ်အချို့တွင်လည်း ကျင်းပမည်ဖြစ်ရာ အောင်ပန်းမြို့တွင် Paradiso ရုပ်ရှင်ရုံ၊ လားရှိုးမြို့တွင် အောင်သီရိ၊ သိန်းထိုက်နှင့် သီတာအေးရုပ်ရှင်ရုံများတွင်လည်း ပြသမည်ဖြစ်ကြောင်း သိရသည်။

မျိုးညွန့်ရွှေ(မိုးနဲ)

ဆိုလာစနစ်ဖြင့် ကျေးရွာမီးလင်းရေး ဆောင်ရွက်ပြီးစီး

ပုလဲ စက်တင်ဘာ ၁၃

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ် လက်ပံကျေးရွာ၌ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း (National Electrification Project) အရ ဆိုလာစနစ်ဖြင့် မီးလင်းရေးလုပ်ငန်း ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများပြီးစီးခဲ့ပြီဖြစ်သောကြောင့် တစ်အိမ်သုံးဆိုလာစနစ် (Solar Home System) ဖွင့်ပွဲကို စက်တင်ဘာ ၉ ရက်က ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စန်းလှိုင်က အမှာစကားပြောကြားပြီး ပုလဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမျိုးအောင်က ဌာနအနေဖြင့် ဆိုလာမီးလင်းရေးလုပ်ငန်းများကို လက်ပံကျေးရွာ အပါအဝင် ဝက်ကျ၊ ငန်းချောင်း၊ ကံပေါက်၊ ခင်အေး၊ သပြေရေနှင့် ပျော်ဘွယ်ကျင်းကျေးရွာများတွင် တပ်ဆင်ပေးနိုင်ခဲ့ပြီး အိမ်ခြေ ၇၁၆ အိမ် မီးလင်းပြီဖြစ်ကြောင်း၊ တစ်အိမ်သုံးဆိုလာစနစ်ကို သုံးစွဲရာတွင် စည်းကမ်းချက်များနှင့်အညီ စနစ်တကျ သုံးစွဲကြရန်လိုအပ်ပြီး သုံးစွဲမှုတွင် အခက်အခဲရှိပါက ပုလဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ ဆက်သွယ်အကြံပြုနိုင်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးမြင့်ကြည်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတိုးတိုးဝင်းတို့က လက်ပံကျေးရွာ၏ တစ်အိမ်သုံး ဆိုလာမီးလင်းရေးဖွင့်ပွဲ မုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ကာ ကျေးရွာအတွင်း လျှပ်စစ်မီးရရှိအသုံးပြုမှုအခြေအနေများကို တစ်အိမ်တက်ဆင်း လှည့်လည်ကြည့်ရှုခဲ့သည်။

မင်းခန့်စိုး(ဧယျာမြေ)

စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့တွင် ရပ်ရွာအေးချမ်းသာယာရေးနှင့် ပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်နိုင်ရေးအတွက် မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် မြို့မရဲစခန်းမှူးတို့ ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် မြို့မိမြို့ဖများ ပူးပေါင်းပါဝင်သောအဖွဲ့က မြို့တွင်း လှည့်ကင်းများနှင့် မြို့အဝင် ပုသိမ်-မုံရွာကားလမ်းရှိ မြတ်နိုးသူမောင်းတံဂိတ်၌ ယာဉ်များအား စစ်ဆေးခြင်းများ စက်တင်ဘာ ၁၁ ရက် ညပိုင်းက ဆောင်ရွက်စဉ်။

ဦးငယ်(ဆားလင်းကြီး)

မှုခင်းသတင်းတိုများ

ဖဲရိုက်လောင်းကစားသူငါးဦးအား လောင်းကြေးငွေနှင့်အတူ ဖမ်းဆီးရမိ

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ထန်းတောရပ်ကွက်နေ မြင့်ဇော်မင်း(ခ)မင်းမင်း(၄၃ နှစ်)၏ နေအိမ်တွင် စက်တင်ဘာ ၈ ရက် ညပိုင်းက ဖဲရိုက် လောင်းကစားပြုလုပ်နေကြောင်း သတင်းအရ မုံရွာခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များက ဝင်ရောက်ဖမ်းဆီးခဲ့ရာ နေအိမ်၌ ဖဲရိုက်လောင်းကစားနေသည့် အိမ်ရှင် မြင့်ဇော်မင်း(ခ)မင်းမင်းနှင့်အတူ ကျော့ကျော့မိုး(၃၀ နှစ်)၊ သီဟဇော်(၂၀ နှစ်)၊ ဟိန်းမင်းစိုး(၂၀ နှစ်)နှင့် မိုးလှိုင်(ခ)မိုးမိုး(၃၀ နှစ်)တို့ ငါးဦးအား ဖဲရိုက်လောင်းကစားရာတွင်အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့် လောင်းကြေးငွေကျပ် ၆၆၄၉၀၀ နှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် မြင့်ဇော်မင်း(ခ)မင်းမင်း ပါ ငါးဦးအား မုံရွာနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

ဆိုင်ကယ်နှင့် မသင်္ကာဖွယ်တွေ့ရှိသူများအား အမှုဖွင့်စစ်ဆေး

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် ဥတိုမြန်မာစုကျေးရွာ လမ်းမပေါ်၌ ဆိုင်ကယ်တစ်စီးနှင့် မသင်္ကာဖွယ်တွေ့ရှိသူနှစ်ဦးအား စစ်ကွင်းနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက စက်တင်ဘာ ၈ ရက် ညနေပိုင်းက စစ်ဆေးခဲ့ရာ ၎င်းတို့မှာ ဥတို စာဖြူစုကျေးရွာနေ စောလှမျိုးဝင်း(၂၂ နှစ်)နှင့် ဥတိုမြန်မာစုကျေးရွာနေ ဟန်သိန်း(၅၁ နှစ်)တို့ဖြစ်ပြီး အဆိုပါဆိုင်ကယ်နှင့် ပတ်သက်၍ ပိုင်ဆိုင်ကြောင်း အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိသဖြင့် ၎င်းတို့ နှစ်ဦးအား စစ်ကွင်းနယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ကိုရဲ

တိုက်ကြီးတိုးဂိတ်တွင် တရားမဝင် ကျွန်းတံခါးများ ဖမ်းမိ

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် တိုက်ကြီးတိုးဂိတ်တွင် တရားမဝင်ကျွန်းတံခါးများ တင်ဆောင်လာသော အိမ်စီးကားတစ်စီးကို စက်တင်ဘာ ၉ ရက် ညပိုင်းက ဖမ်းမိခဲ့ကြောင်း သိရသည်။ သစ်တောဦးစီးဌာနဦးစီးအရာရှိ ဦးစိုးမြင့်သူ၊ သစ်တောဝန်ထမ်းများနှင့် သစ်တောရဲများပါဝင်သောအဖွဲ့က ရှာဖွေစစ်ဆေးမှုများ ဆောင်ရွက်စဉ် တရားမဝင် ကျွန်းတံခါးအချပ် ဆိုက်စုံ ၆၉ ချပ်(အလေးချိန် ၀ ဒသမ ၇၇၆၄ တန်)ကို တင်ဆောင်လာသော Ipsum ခဲရောင်ကားကို ဖမ်းမိခြင်းဖြစ်ကာ ယာဉ်မောင်းမှာ ကားကို စစ်ဆေးနေစဉ် ထွက်ပြေးတိမ်းရှောင်သွားကြောင်း သိရသည်။ ဖြစ်စဉ်နှင့် ပတ်သက်၍ တိုက်ကြီးမြို့မရဲစခန်း၌ အမှုဖွင့်ထားပြီး ထွက်ပြေးသွားသော ယာဉ်မောင်းအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကာ ယာဉ်ကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသွားမည်ဖြစ်ကြောင်း သိရသည်။

ထွန်းလှိုင်(မြိုင်)

နမ့်စန်မြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းမိ

ရှမ်းပြည်နယ်(တောင်းပိုင်း) နမ့်စန်မြို့ ရပ်ကွက်(၄)ရှိ အိမ်တစ်အိမ်မှ တန်ဖိုးကျပ်ရှစ်သိန်းခန့်ရှိ စိတ်ကြွရူးသွပ်ဆေးပြားများ စက်တင်ဘာ ၉ ရက်က ဖမ်းမိခဲ့ကြောင်း သိရသည်။ နမ့်စန်မြို့ ရပ်ကွက်(၄) စွယ်တော်လမ်းသွယ်နေ အိုက်ခမ်းနှင့် မလုံးလုံး(ခ)မဖြူတို့နေအိမ်တွင် မူးယစ်ဆေးဝါးရောင်းဝယ်နေကြောင်း သတင်းအရ နမ့်စန်မြို့မရဲစခန်းမှ ဒုရဲအုပ်မျိုးမင်းမင်းဦးနှင့် ရဲတပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေရာ နေအိမ်အရှေ့ဘက်ရှိ ချုံပုတ်အတွင်းမှ ကော်ဘူးအတွင်းထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား စုစုပေါင်း ၇၉၁ ပြားနှင့် မူးယစ်ဆေးဝါးရောင်းရငွေဟု ယူဆရသည့် ငွေစက္ကူရောရာ ၁၀၅၀၀၀၀ ကျပ်တို့ကို ရှာဖွေတွေ့ရှိခဲ့၍ အိုက်ခမ်း(၂၅ နှစ်)နှင့် မလုံးလုံး(ခ)မဖြူ (၂၇ နှစ်)တို့အား နမ့်စန်မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

မြင့်မိုရ်(တာချီလိတ်)

ဗန်းမော်မြို့ ရပ်ကွက်ရေကန်အတွင်း၌ အမျိုးသားအလောင်းတွေ့ရှိ

ကချင်ပြည်နယ် ဗန်းမော်မြို့ သုံးမိုင်ရွှေပြည်သာရပ်ကွက် အစိုးရနည်းပညာအထက်တန်းကျောင်းဝင်းအတွင်းရှိ ရေကန်၌ စက်တင်ဘာ ၁၀ ရက်က အမျိုးသားအလောင်း တစ်လောင်းတွေ့ရှိကြောင်း သိရသည်။ ဗန်းမော်မြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်မျိုးမင်းအဖွဲ့၏ သွားရောက်စုံစမ်းချက်အရ သေဆုံးသူမှာ ထိုရပ်ကွက်နေ ဦးဇော်တောင်(၄၅ နှစ်)ဖြစ်ကာ ရေကန်အတွင်း၌ ပြင်ပဒဏ်ရာတစ်စုံတစ်ရာမရှိဘဲ သေဆုံးနေကြောင်း၊ သေဆုံးသူသည် စိတ်ကျန်းမာရေးချို့ယွင်းမှုရှိကြောင်း သိရသည်။ ဖြစ်စဉ်နှင့် ပတ်သက်၍ မြို့မရဲစခန်းက သေမှုသေခင်းဖွင့်၍ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ဆီမီးခုံ-နန်းရီ

မူးယစ်ဆေးသယ်ဆောင်လာသူနှစ်ဦးအား ဖမ်းဆီးရမိ

ကသာမြို့နယ် အင်းတော်-နဘား-ကသာ လမ်းပေါ်၌ မူးယစ်ဆေးဝါးများ သယ်ဆောင်လာသူနှစ်ဦးအား စက်တင်ဘာ ၉ ရက်က ဖမ်းမိခဲ့ကြောင်းသိရသည်။ အင်းတော်-ကသာ-နဘား ဗျူဟာကားလမ်းဆုံတွင် မူးယစ်ဆေးဝါးသတင်းအရ မူးယစ်တပ်ဖွဲ့(၆) ကသာမှ ရဲအုပ်ကျော်မင်းထွန်းဦးနှင့်အဖွဲ့၊ နဘားကျေးရွာအုပ်ချုပ်ရေးမှူး ဦးညီညီထွန်းနှင့်အဖွဲ့တို့က သက်သေများနှင့်အတူ ရှာဖွေစစ်ဆေးမှုများဆောင်ရွက်စဉ် ကသာမြို့ဘက်မှ ထိန်းလင်းမောင်းနှင်ပြီး ငြိမ်းချမ်း နောက်မှလိုက်ပါလာသော ဆိုင်ကယ်ကို စစ်ဆေးရာ ၎င်းတို့ထံမှ စုစုပေါင်းအလေးချိန် ၀ ဒသမ ၅ ဂရမ်ပါ ဘိန်းဖြူ ပင်နီဆီလင်ပုလင်း သုံးပုလင်းကို ရှာဖွေတွေ့ရှိသဖြင့် အင်းတော်မြို့မရဲစခန်း၌ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

ငွေအိုး (ကသာ)

ကချင်ပြည်နယ်အစိုးရအဖွဲ့
မြစ်ကြီးနားမြို့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်၊ကချင်ပြည်နယ် အစိုးရအဖွဲ့၊ ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် အောက်ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက်လုပ်ငန်းများအား(မြန်မာ)ကျပ်ငွေဖြင့်အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ခေါ်ယူအပ်ပါသည်-

စဉ်	လုပ်ငန်းတည်နေရာ	လုပ်ငန်းအမျိုးအစား
(က)	မြစ်ကြီးနားမြို့	သာသနာ့ဗိမာန်အပြီးသတ်ဆောက်လုပ်ခြင်း (စတီးကနုတ်တပ်ဆင်ခြင်း၊ ဆေးသုတ်ခြင်း၊မီးသွယ်တန်းခြင်း၊ Air Con တပ်ဆင်ခြင်း၊ ပါကေးအရောင်တင်ခြင်း၊ မိုလ္လာလုပ်ငန်း)

၂။ **အိတ်ဖွင့်တင်ဒါတင်သွင်းရန်** - ၁၃-၉-၂၀၁၇ရက်မှ ၁၂-၁၀-၂၀၁၇ရက် (၁၅:၀၀)နာရီအထိ
၃။ **တင်ဒါတင်သွင်းရမည့်နေရာ** - ဘဏ္ဍာဌာနစု၊ကချင်ပြည်နယ် အစိုးရအဖွဲ့ရုံး
၄။ သတ်မှတ်ချိန်ထက်ကျော်လွန်တင်သွင်းသည့်လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။
၅။ အသေးစိတ်သိရှိလိုပါက ပြည်နယ်အစိုးရအဖွဲ့ရုံး၊ ဖုန်းနံပါတ်၀၇၄-၂၉၅၄၄၊ ၀၇၄-၂၅၂၄၂၀တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ
ကချင်ပြည်နယ် အစိုးရအဖွဲ့
မြစ်ကြီးနားမြို့

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် လက်ပံအပိုင်း(၂)(ကင်ပွန်းချို) ရေတင်စီမံကိန်းအတွက် လိုအပ်သော ပစ္စည်းများဝယ်ယူခြင်း၊ မြေကြီးလုပ်ငန်းဆောင်ရွက်ခြင်းလုပ်ငန်းများအား (၂၀၁၇-၂၀၁၈)ဘဏ္ဍာရေးနှစ်အတွင်း တိုင်းဒေသကြီးရန်ပုံငွေ (မြန်မာကျပ်ငွေဖြင့်)ဆောင်ရွက်လိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁၅-၉-၂၀၁၇ရက်မှစ၍ ရုံးချိန်အတွင်း လက်ထောက်ညွှန်ကြားရေးမှူးရုံး (ရေအရင်းအမြစ်)၊ ဆည်မြောင်းနှင့်ရေ အသုံးချသုံးစီမံခန့်ခွဲရေးဦးစီးဌာန၊ မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ်၌ ရောင်းချမည်ဖြစ်ပြီး (၁၅-၁၀-၂၀၁၇)ရက် နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည် ဖြစ်ပါသည်။
၃။ အသေးစိတ်သိရှိလိုပါက ရန်ကုန်တိုင်းဒေသကြီး၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီ မံခန့်ခွဲရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးရုံး(ရေအရင်းအမြစ်)မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် တယ်လီဖုန်းအမှတ် ၀၁၃-၆၁၁၀၂၈၃သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ

မိဘအမည်မှန်

ဆိပ်ဖြူမြို့နယ်၊ ဝွေးပင်ကျေးရွာ တက္ကသိုလ်ဝင်တန်းမှ မောင်ဖြိုးကျော်ဦး၏ မိဘအမည်မှန်မှာ ဦးဇင်မင်းဦး ၈/ဆဖန(နိုင်)၀၇၁၇၉၁ နှင့် ဒေါ်ခင်လှဲ့လှဲ့ဝင်း ၈/ဆဖန(နိုင်)၀၇၁၇၉၀တို့ ဖြစ်ပါကြောင်း။

ဦးဇင်မင်းဦး-ဒေါ်ခင်လှဲ့လှဲ့ဝင်း

ဖခင်အမည်မှန်

မော်ဘီမြို့၊ အထက(၁)မော်ဘီ တက္ကသိုလ်ဝင်တန်း(C)မှ မလင်းလက်သူ၏ ဖခင်အမည်မှန်မှာ ဦးဗညားကျော် ၁၂/မဘန(နိုင်)၀၉၈၆၄၆ ဖြစ်ပါကြောင်း။

လှိုက်လှဲစွာ အထူးပင် ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၇-ခုနှစ်၊ စက်တင်ဘာလ (၆)ရက်၊ ဖိလစ်ပိုင်နိုင်ငံ၊ မနီလာမြို့တွင် ကျင်းပပြုလုပ်သော **ASEAN BUSINESS AWARDS 2017** တွင် **"MOST PROMISING ASEAN ENTERPRISE" AWARD** ဂုဏ်ပြုချီးမြှင့်ခြင်းခံရသော **Myanmar ComBiz Trading Co., Ltd.** ၏ **Founder & Chairman** ဖြစ်သူ ဆရာဦးအောင်စိုးသာအား အထူးပင် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ဆတက်ထမ်းပိုးအောင်မြင်မှုများ အစွန့်ရှည် တည်တံ့ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

Myanmar ComBiz Group

ဒါရိုက်တာ အဖွဲ့ဝင်များနှင့် ဝန်ထမ်းများ
Myanmar ComBiz Group of Companies

Mingalar Cinemas

www.facebook.com/mingalarcinemas
Mingalar Cinemas facebook

သမ္မတ ၀၁-၂၄၆၉၆၂ ၀၁-၂၄၆၉၆၃	သွင် ၀၁-၃၇၂၅၉၄ ၀၉၇၃၂၃၅၅၆၀	မင်္ဂလာ သိမ်ကြီးဈေး ၀၁-၂၄၃၀၅၇ ၀၁-၂၄၃၀၅၈	မင်္ဂလာ ဒဂုံစင်တာ(၂) ၀၉၇၃၂၅၄၀၉၁ ၀၉၇၃၂၅၄၀၉၂	နေပြည်တော် ၀၉ ၄၅၇၈၄၂၈၈၂ ၀၉ ၄၅၇၈၄၂၈၈၃	ရွှေ့ဆောင် ၀၉၄၅၇၈၄၂၈၈၀ ၀၉၄၅၇၈၄၂၈၈၁	မင်္ဂလာစံပြ ၀၉ ၂၆၀၈၈၇၀၃၅ ၀၉ ၂၆၀၈၈၇၀၃၆ ၀၁ ၂၃၀၃၁၆၅
Top Royal (စိန့်ဂေဟာ-ပါရမီ) ၀၉၄၂၀၁၈၆၂၉၁ ၀၉၄၂၀၁၈၆၂၉၂	မင်္ဂလာဝဇီရာ (လှိုင်သာယာ) ၀၉၂၆၁၃၉၀၁၁၅၅ ၀၉၂၆၁၃၉၀၁၁၆၆	မင်္ဂလာ (ဂမုန်းပွင့်) (လှည်းတန်း-စံရိပ်ငြိမ်) ၀၉၇၇၉၀၅၄၆၇၂ ၀၉၇၇၉၀၅၄၆၇၃	ဝင်းလိုက် မန္တလေး ၀၂-၃၉၁၂၈ ၀၂-၆၀၂၉၁	မြို့မ မန္တလေး ၀၂-၃၉၁၃၆ ၀၂-၃၉၁၃၇	မင်္ဂလာဒိုင်းမွန်း မန္တလေး ၀၉၄၀၂၇၆၅၆၄၁ ၀၉၄၀၂၇၆၅၆၄၂	(မန္တလေး)မင်္ဂလာ မန်းနေပြည်တော် ၀၉၉၆၀၉၁၁၂၁၁ ၀၉၉၆၀၉၁၁၃၁၁
မင်္ဂလာထွန်းသီရိ (ပြည်) ၀၉၇၉၁၁၈၃၇၅၁ ၀၉၇၉၁၁၈၃၇၅၂	မင်္ဂလာ ICON Mall(ပဲခူး) ၀၉၄၅၆၆၀၀၁၁၅ ၀၉၄၅၆၆၀၀၁၁၆	NEW 3D Cinema တောင်ငူ ၀၉၈၆၆၆၄၅၅ ၀၉၇၇၅၃၅၇၉၉၁-၂	မင်္ဂလာစံပြ(မကွေး) ၀၉ ၇၆၈၅၂၅၇၄၀ ၀၉ ၇၆၈၅၂၅၇၄၂ ၀၉ ၇၆၈၅၂၅၇၄၃	ပွဲချိန် - ၁၀:၀၀ နာရီ၊ ၁၂:၁၀ နာရီ၊ ၃:၁၀ နာရီ၊ ၆:၁၀ နာရီ၊ ၉:၁၀ နာရီ	၁၅.၉.၂၀၁၇ နေ့မှ ပြမည့်ဇာတ်ကားသစ်များ	

ဒီမိုကရေစီ ရုပ်ရှင်ပွဲတော်
ရန်ကုန် - သမ္မတ　မန္တလေး - ဝင်းလိုက်
ပြည် - မင်္ဂလာထွန်းသီရိ　မကွေး - မင်္ဂလာစံပြ
ပဲခူး - မင်္ဂလာ Icon　တောင်ငူ - NEW 3D CINEMA

IT
ရန်ကုန် - နေပြည်တော်၊ မင်္ဂလာ(၂)ဒဂုံစင်တာ(၂)၊ မင်္ဂလာစံပြ၊ မင်္ဂလာ(ဂမုန်းပွင့်)
မန္တလေး - မင်္ဂလာ ဒိုင်းမွန်း

နေခြည်မှာရွှေရည်လောင်း
ရန်ကုန် - ရွှေ့ဆောင်၊ မင်္ဂလာ(၁)မင်္ဂလာစံပြ၊ မင်္ဂလာ(ဂမုန်းပွင့်)
မန္တလေး - မြို့မ၊ မန်းနေပြည်တော်

GHOST HOUSE
ရန်ကုန် - ရွှေ့ဆောင်၊ မင်္ဂလာ(ဂမုန်းပွင့်)
ပြည် - မင်္ဂလာထွန်းသီရိ　ပဲခူး - မင်္ဂလာ Icon

ဖက်ရှင်
ရန်ကုန် - သွင်၊ Top Royal၊ မင်္ဂလာဝဇီရာ မင်္ဂလာ(ဂမုန်းပွင့်)　မန္တလေး - မင်္ဂလာ ဒိုင်းမွန်း

ANNABELLE CREATION
ရန်ကုန် - နေပြည်တော်

ဆယ်လီ
ရန်ကုန် - ရွှေ့ဆောင်

SECURITY
ရန်ကုန် - နေပြည်တော်၊ မင်္ဂလာစံပြ
မန္တလေး - မင်္ဂလာ ဒိုင်းမွန်း

တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ
အင်ဂျင်နီယာသင်တန်းသားများ
အလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) **၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁** ရက်နေ့တွင် အသက် ၁၆ နှစ်အောက်မငယ်ရ၊ ၁၉ နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဖူးသူ(လူပျို)** ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် ၅ ပေ၊ ၃ လက်မနှင့်ကိုယ်အလေးချိန်ပေါင် ၁၀၀ ထက်မနည်းရ၊ ပေါင် ၁၄၀ ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲအား သိပ္ပံဘာသာတွဲ၊ သို့မဟုတ် ဝိပ္ပံဘာသာတွဲဖြင့် အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူပြီး **၁၁-၉-၂၀၁၇** ရက်နေ့မှ စတင်၍ **၂၅-၁၁-၂၀၁၇** ရက်နေ့ထိ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ၁ လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံကို ပူးတွဲတင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း တိုင်းစစ်ဌာနချုပ်များတွင် အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) **အင်္ဂလိပ်စာ**။ နံနက် ၉ နာရီမှ ၁၁ နာရီထိ။

(ခ) **သင်္ချာ** ။ နေ့လယ် ၁ နာရီမှ ၃ နာရီထိ။

၅။ အရည်အချင်းစစ်စာမေးပွဲကို မိမိလျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်များ၌ **၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်နေ့တွင်** ဖြေဆိုကြရမည်ဖြစ်ပါသည်။

၆။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်မြင်သူများကို ဟိုပုံးမြို့(တောင်ကြီးခရိုင်)တွင် လူတွေ့စစ်ဆေးမည်။ လူတွေ့အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။ အရည်အချင်းစစ်စာမေးပွဲအောင်စာရင်းနှင့်သတင်းပို့ရမည့်ရက်များကို မိမိလျှောက်လွှာတင်သွင်းသည့် တိုင်းစစ်ဌာနချုပ်များတွင် **၂၉-၁၂-၂၀၁၇** မှ **၃၀-၁၂-၂၀၁၇** ရက်နေ့များအတွင်း မေးမြန်းနိုင်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် **ကျပ် ၁၄၀၀၀၀/-** ၊ ဒုတိယနှစ် **ကျပ် ၁၄၅၀၀၀/-** ၊ တတိယနှစ် **ကျပ် ၁၅၀၀၀၀/-** ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် ရာထူးအဆင့်လိုက်သတ်မှတ်လစာနှင့်စရိတ်များ ခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်-

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း**။ အင်ဂျင်နီယာသိပ္ပံ **A.G.T.I(Diploma)** လက်မှတ်ပေးအပ်မည်။

(ခ) **တာဝန်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုတွင် **ပညာသည်အကြပ်ကြီး** အဖြစ်ခန့်အပ်တာဝန်ပေးအပ်မည်။

(ဂ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ **အဆင့်အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ဆက်လက်တိုးမြှင့်ပေးရေးအတွက်ဆောင်ရွက်ပေးမည်။

(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်**။ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ်ထားသည့်အချိန်နှင့်အကျုံးဝင်သည့်အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှလျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

မှတ်ချက်။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။


4x4 MIMO
Advanced Technology
နဲ့ဆို လုံးဝအလွင့်ပဲ !
MPT
ရွှေသို့လှမ်းရှိ မြန်မာပြည်
LTE+
• ရန်ကုန် • ပဲခူး • တောင်ကြီး • မုံရွာ • ဟင်္သာတ • တာချီလိတ် • မြိတ် • ကျိုင်းတုံ • လွိုင်ကော် • လားရှိုး
• မန္တလေး • တောင်ငူ • မော်လမြိုင် • မကွေး • ပျဉ်းမနား • မြဝတီ • ထားဝယ် • ဘားအံ • မြစ်ကြီးနား • ပြင်ဦးလွင်
• နေပြည်တော် • ပြည် • ရွှေဘို • ပုသိမ် • ကလော • မော်ဘီ • စစ်တွေ • ညောင်ဦး • ဖားကန့်
မြန်မာပြည်တွင် ပထမဦးဆုံးအဖြစ် အထူးမြန်နှုန်းမြင့် 4x4 MIMO နည်းပညာကို MPT မှ သုံးစွဲသူများလက်ထဲ အရောက်ပို့ပေးလိုက်ပါပြီ။
သာမန် 4G/LTE ထက် ၂ဆ ပိုမိုမြန်ဆန်သော Internet ကို အသုံးပြုနိုင်မှာ ဖြစ်ပါသည်။
*4G Internet အသုံးပြုနိုင်သော Mobile Phone ဖြစ်ရန် လိုအပ်ပါသည်။
*4x4 MIMO Internet အသုံးပြုလိုပါက သတ်မှတ်ထားသော Mobile Phone ဖြစ်ရန် လိုအပ်ပါသည်။
မြို့ကြီး (၂၉) မြို့ အပါအဝင်
မြို့နယ်ပေါင်း (၇၉) မြို့တွင်
အသုံးပြုနိုင်ပါပြီ။
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
www.facebook.com/mptofficialpage
MPTOFFICIAL
CALL CENTER 106
call free
24 hours everyday

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန (ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်) နိုင်ငံခြားဘာသာစကားသင်တန်းသား

လျှောက်လွှာခေါ်ယူခြင်း

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန (ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်) တွင် အခြေခံ(၁) (Basic I) တရုတ်၊ အင်္ဂလိပ်၊ ပြင်သစ်၊ ဂျာမန်၊ ဂျပန်၊ ကိုရီးယား၊ ရုရှား၊ ထိုင်းနှင့် မြန်မာဘာသာ ညနေသင်တန်းများ ဖွင့်လှစ်မည်ဖြစ်သဖြင့် online မှ လျှောက်ထားနိုင်ပါသည်။ လျှောက်ထားရာတွင် အောက်တွင် ဖော်ပြထားသော website address သို့ဝင်၍ CHRD Form တွင် လျှောက်လွှာ ဖြည့်သွင်းနိုင်မည်ဖြစ်ပါသည်။

Website အမည် - Yangon University of Foreign Languages
Website Link - http://www.yufl.edu.mm/chrd
(မြန်မာကျောင်းသားများအတွက် local-student button အား Click လုပ်၍ CHRD Form အား ဖြည့်စွက်ရန်နှင့် မြန်မာဘာသာသင်ကြားမည့် နိုင်ငံခြားသားကျောင်းသားများအတွက် international-student button အား Click လုပ်၍ ဖြည့်စွက်ရန်)

သင်တန်းပို့ချမည့်နေရာ - ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်
သင်တန်းကာလ - ၂-၁၀-၂၀၁၇ မှ ၂၂-၁၂-၂၀၁၇ (၃ လ) အင်္ဂလိပ်ဘာသာ
- ၂-၁၀-၂၀၁၇မှ ၂၃-၃-၂၀၁၈ (၆ လ) ကျန်ဘာသာများ
online ဖြင့် လျှောက်ထားရမည့်ရက် - ၁၈-၉-၂၀၁၇ ရက် နံနက် ၉း၀၀ နာရီမှ သတ်မှတ်ဦးရေပြည့်သည်အထိ
ပုံစံစစ်ဆေးရန်နှင့် သင်တန်းကြေး လက်ခံမည့်ရက် - ၂၇-၉-၂၀၁၇ မှ ၂၈-၉-၂၀၁၇
ပုံစံစစ်ဆေးရန်နှင့် သင်တန်းကြေး လက်ခံမည့်အချိန် - နံနက် ၁၀း၀၀နာရီမှ မွန်းလွဲ ၂း၀၀နာရီထိ
ငွေလက်ခံမည့်နေရာ - ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်
သင်တန်းပို့ချမည့်နေ့ရက် - တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ
သင်တန်းပို့ချမည့်အချိန် - ညနေ ၅း၂၀-၇း၀၀နာရီ
ပညာအရည်အချင်း - တက္ကသိုလ်ဝင်စာမေးပွဲအောင်
တင်ပြရန်စာရွက်စာတမ်းများ - တက္ကသိုလ်ဝင် စာမေးပွဲအောင်လက်မှတ်မူရင်းနှင့်မိတ္တူ(သို့မဟုတ်)အမှတ်စာရင်းမူရင်းနှင့်မိတ္တူ(သို့မဟုတ်)ဘွဲ့လက်မှတ်မူရင်းနှင့်မိတ္တူ ဓာတ်ပုံ(၃)ပုံ (Online မှ ၁၈-၉-၂၀၁၇ ရက်တွင် စတင်လျှောက်ထားပြီး မိမိအမည်အား လက်ခံကြောင်း ကြေညာချက်တွင်တွေ့ရှိပြီးမှသာ ကျောင်းသို့ယူဆောင်လာရမည့်အထောက်အထားများ ဖြစ်ပါသည်။)
စုံစမ်းရန်ဌာန - ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၊ ဖုန်း-၀၁-၅၁၅၂၃၆၊ ၀၁-၅၃၅၉၈၅

Online မှ လျှောက်လွှာတင်သွင်းရာတွင် ပြည့်စုံစွာဖြည့်စွက်ထားပြီး ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် Server သို့ အရင်ရောက်ရှိလာသော လျှောက်လွှာများကို ဦးစားပေးအစီအစဉ်အတိုင်း လက်ခံပေးမည်ဖြစ်ပါသည်။ ၁၈-၉-၂၀၁၇ရက် နံနက် ၉း၀၀နာရီမှသာ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် Website ၏ သတ်မှတ် Address တွင် စတင် မြင်တွေ့လျှောက်ထားနိုင်မည်ဖြစ်ပါသည်။

Online မှ လျှောက်လွှာတင်သွင်းပြီးနောက် ပုံစံစစ်ဆေးရန်နှင့် သင်တန်းကြေးပေးသွင်းရန် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်သို့ သတ်မှတ်ရက်တွင် ကိုယ်တိုင်လာရောက်ရမည်ဖြစ်သည်။

(သင်တန်းကြေးပေးသွင်းပြီးမှသာလျှင် သင်တန်းသားအဖြစ် သတ်မှတ်မည်ဖြစ်သည်။)

အခြေခံ(၂) Basic II သင်တန်းနှင့်အထက် သင်တန်းသားများသည် ဤတက္ကသိုလ်သို့ တိုက်ရိုက်လျှောက်ထားရမည်။ (အင်္ဂလိပ်ဘာသာ Basic II အတွက် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်မှ Basic I အောင်လက်မှတ်တင်ပြရမည်။)

သင်တန်းဝင်ခွင့်ရရှိသည့် အမည်စာရင်းအား ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် Website တွင် ၂၆-၉-၂၀၁၇ရက် နံနက် ၉း၃၀နာရီတွင် ကြေညာပေးမည်ဖြစ်ပါသည်။

CLAIMS DAY NOTICE
M.V VIKING CHANCE VOY:NO (8)

Consignees of cargo carried by M.V VIKING CHANCE VOY:NO (8) are here by notified that the vessel will arrive on about 16-9-17 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ လူနေရပ်ကွက်အမှတ် ၁၀၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀၊ မြေကွက်အမှတ်(၂၅၉-က)၊ အကျယ်(အလျားပေ ၂၀× အနံပေ ၆၀)ရှိ နှစ် ၆၀ဂရန်မြေကွက်နှင့် ယခုအခေါ် ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ မေတ္တာလမ်း၊ အမှတ်(၂၅၉-က)ဟုခေါ်တွင်သော အိမ်နှင့်တကွအကျိုးခံစားခွင့်အားလုံးတို့ကို ရန်ကုန်မြို့ စည်ပင်သာယာရေးကော်မတီ၊မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်မြသန်းအမည်ဖြင့် တရားဝင်အမည်ပေါက်ထားပြီး မိခင်ဒေါ်မြသန်း (ကွယ်လွန်)နှင့် ဖခင်ဦးထန်းရှောင် (ကွယ်လွန်)တို့မှ မွေးဖွားသည့်သားသမီးသုံးဦးဖြစ်သော (၁) ဒေါ်မိုးမိုးဆွေ ၁၂/ဥကတ(နိုင်)၀၈၁၉၇၁၊ (၂) ဒေါ်ရင်ရင်မိုး ၁၂/ဥကတ(နိုင်)၁၄၉၄၃၀၊ (၃) ဦးမင်းဦး ၁၂/ဥကတ(နိုင်)၁၃၃၉၉၈တို့က ဖော်ပြပါမြေနှင့် အိမ်ကို အမွေဆက်ခံပိုင်ဆိုင်ပါကြောင်းနှင့် ရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြု ပြောဆိုလာသောကြောင့် ၎င်းတို့မောင်နှမသုံးဦးထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် မြေနှင့်အိမ်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသအားပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့် အိမ်အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ပိုင်ဆိုင်မှုမှတ်ပုံတင်စာချုပ်မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မြလှဲ့ဝင်း(LL.B,D.B.L)အထက်တန်းရှေ့နေ
အမှတ် ၈၃၊ ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၅၁၅၁၈၃၃

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ရေအားလျှပ်စစ်ဌာနခွဲ(၁)မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်ရှိ ရာဇဂြိုဟ်ရေလှောင်တမံဘက်စုံစီမံကိန်း၊ Residential Power Supply အတွက် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ တပ်ဆင်တည်ဆောက်ခြင်းလုပ်ငန်းတွင် အသုံးပြုရန်လိုအပ်သော ဓာတ်အားလိုင်းသုံးပစ္စည်းများနှင့် လျှပ်စစ်ပစ္စည်းများအား စီမံကိန်းလုပ်ငန်းခွင်သို့ အရောက်ပို့စနစ်ဖြင့် ပြင်ပလုပ်ငန်းရှင်များထံမှ ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါအဆိုပြုလွှာများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံများရောင်းချမည့်ရက်** - ၁၄-၉-၂၀၁၇ရက်မှ ၂၁-၉-၂၀၁၇ရက်ထိ ၉း၃၀ နာရီမှ ၁၆း၀၀ နာရီအတွင်း
တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက် - ၂၆-၉-၂၀၁၇ ရက် ၁၆း၀၀ နာရီအတွင်း
တင်ဒါဖွင့်မည့်ရက် - တင်ဒါနောက်ဆုံးတင်သွင်းရက်မှ (၁)ပတ်အတွင်း
တင်ဒါရွေးချယ်ဖွင့်လှစ်ရွေးချယ်မည့်နေရာ - ညွှန်ကြားရေးမှူးရုံး၊ ရေအားလျှပ်စစ်ဌာနခွဲ (၁) ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ မင်းဘူးမြို့

၃။ တင်ဒါတင်သွင်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို တင်ဒါလျှောက်လွှာနှင့်အတူ တစ်ပါတည်းထည့်သွင်းဖော်ပြထားပြီး တင်ဒါအဆိုပြုလွှာပုံစံများကို ညွှန်ကြားရေးမှူးရုံး၊ ရေအားလျှပ်စစ်ဌာနခွဲ(၁)၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ မင်းဘူးမြို့တွင် သတ်မှတ်ရက်များ၌ ရုံးချိန်အတွင်း တစ်စုံလျှင် (၁၀၀၀၀/-)ကျပ်ဖြင့် ဝယ်ယူနိုင်ပါသည်။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ရေအားလျှပ်စစ်ဌာနခွဲ(၁) တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီသို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ရေအားလျှပ်စစ်ဌာနခွဲ(၁)၊
ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ မင်းဘူးမြို့
ဖုန်း-၀၆၅-၃၀၂၈၇၊ ၀၉-၄၅၂၅၂၂၅၀၊ ၀၉-၄၂၃၇၉၈၂၁၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ပညာရေးဝန်ကြီးဌာန အဝေးသင်တက္ကသိုလ်များ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် မန္တလေးအဝေးသင်တက္ကသိုလ်များ၏ ၂၀၁၈ပညာသင်နှစ်အတွက် အောက်ပါလုပ်ငန်းများ လုပ်ဆောင်ရန် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါဈေးနှုန်းလွှာတင်သွင်းကြရန် ဖိတ်ခေါ်အပ်ပါသည်။

(က) ပို့ချချက်စာအုပ်များ ပုံနှိပ်၊ ချုပ်လုပ်၊ ထုပ်ပိုးအပ်နှံခြင်းလုပ်ငန်း
(ခ) လေ့လာမှုလမ်းညွှန်စာအုပ်များ ပုံနှိပ်၊ ချုပ်လုပ်၊ ထုပ်ပိုးအပ်နှံခြင်းလုပ်ငန်း
(ဂ) စာစဉ်မေးခွန်းများနှင့် အဖြေလွှာစာအုပ်များ ပုံနှိပ်၊ ချုပ်လုပ်၊ ထုပ်ပိုးအပ်နှံခြင်းလုပ်ငန်း
(ဃ) သင်ခန်းစာပို့ချချက် ဒီဗွီဒီချပ်များ ကူးယူ၊ ထုပ်ပိုးအပ်နှံခြင်းလုပ်ငန်း

၂။ ဈေးနှုန်းလွှာတင်သွင်းရန်အတွက် လျှောက်လွှာပုံစံနှင့်တင်ဒါစည်းကမ်းချက်များကို ၁၈-၉-၂၀၁၇ရက်(တနင်္လာနေ့)မှစ၍ တစ်စုံလျှင် ကျပ် ၁၀၀၀၀/- (ကျပ်တစ်သောင်းတိတိ)နှုန်းဖြင့် အောက်ပါလိပ်စာ၌ ရုံးဖွင့်ရက်များတွင် ရုံးချိန်အတွင်း ဝယ်ယူတင်သွင်းနိုင်ပါသည်။

ပါမောက္ခချုပ်ရုံးခန်း၊ ရန်ကုန်အဝေးသင်တက္ကသိုလ်
အမှတ်(၄၇/က)၊ အင်းလျားလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့

၃။ ဈေးနှုန်းလွှာများကို ၆-၁၀-၂၀၁၇ရက်(သောကြာနေ့)ညနေ ၄း၃၀နာရီထက် နောက်မကျစေဘဲ အထက်ပါလိပ်စာရှိ တင်ဒါပုံးတွင် မှတ်ပုံတင်စာရင်းသွင်းပြီး တင်သွင်းရမည်။

၄။ ဈေးနှုန်းလွှာနှင့်အတူ တင်သွင်းမည့် နမူနာများကို လုံခြုံစွာထုပ်ပိုး၍ ပြည့်စုံစွာ တင်ပြရမည်။

၅။ ထုတ်ဝေမည့် နမူနာများကို အောက်ဖော်ပြပါနေရာများတွင် ကြည့်ရှုနိုင်သည်။

(က) ရန်ကုန်အဝေးသင်တက္ကသိုလ်
(ခ) မန္တလေးအဝေးသင်တက္ကသိုလ်

၆။ အသေးစိတ်သိရှိလိုသောအချက်များကို အထက်ဖော်ပြပါ လိပ်စာတွင်လည်းကောင်း၊ ဖုန်းနံပါတ်-၀၁-၅၃၆၅၅၅၊ ၀၁-၅၃၅၀၇၃၊ ၀၁-၅၂၅၁၃၇၊ ၀၂-၆၀၁၄၂၊ ၀၂-၆၀၅၄၄ နှင့် ၀၂-၆၂၄၁၀နှင့်ရန်ကုန်အဝေးသင်တက္ကသိုလ် website- www.yude.edu.mm နှင့် မန္တလေးအဝေးသင်တက္ကသိုလ် website- www.mude.edu.mm များတွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အဝေးသင်တက္ကသိုလ်များ၏ စာအုပ်များနှင့် သင်ခန်းစာပို့ချချက် ဒီဗွီဒီချပ်များ ထုတ်လုပ်ရေးလုပ်ငန်းကော်မတီ

အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ ရွှေစက်ရပ်ကွက်၊ အိမ်အမှတ် ၂/၆၂(C) တွင် နေထိုင်သော ကျွန်တော် ဦးစိုးသန့်(ခ)ကိုငယ် ၉/မသန(နိုင်)၁၁၃၄၅၈ ၏ဇနီး မစံပယ်ဦး ၉/မကန(နိုင်)၀၉၇၈၈၁ သည် မိမိ၏ သဘောဆန္ဒအလျောက် နေအိမ်မှဆင်းသွားခဲ့ပါသဖြင့် ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စကိုမှ တာဝန်ယူဆောင်ရွက်ပေးမည် မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

ဦးစိုးသန့်

အမည်မှန်နှင့် ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက(ဇီးလွန်)၊ တက္ကသိုလ်ဝင်တန်း(B_1)မှ မဖြူဖြူသင်း၏အမည်မှန်မှာ မဖြူသင်း ဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးကံလွင် (KBU-၁၂၃၆၃၁) ဖြစ်ပါသည်။

အမည်မှန်

မြစ်ကြီးနားမြို့၊ အထက (၅)၊ တက္ကသိုလ်ဝင်တန်း (A_7)မှ မောင်ယောဟန်နော်ဂျာ၏ အမည်မှန်မှာ မောင်နော်ဂျာ ဖြစ်ပါသည်။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ဂု/D(နံ့သာကုန်း)၊ မြေကွက်အမှတ်(၉ ၏အစိတ်အပိုင်း)၊ ဧရိယာ(၀.၀၃၆)ကေအနက်(၀.၀၂၇)ကေ၊ အမည်ပေါက်(ယခင်-မကွန်းလိုင်)ယခု-အစိုးရ၊ မြေအမျိုးအစား L မြေ (N.H.B ဥတသိမ်း)နှင့် မြေကွက်အမှတ်-ဂု/စီ ၏ အစိတ်အပိုင်း ဧရိယာ(၀.၀၉၂)ကေအနက်(၀.၀၁၁)ကေ၊ အမည်ပေါက်-အစိုးရ၊ မြေအမျိုးအစား-အစိုးရ(N.H.B ဥတသိမ်း)မြေ၊ မြေကွက်တည်နေရာအမှတ်-၅၄/A၊ လမ်းသစ်လမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ် မြေကွက်အား ဒေါ်တင်တင်ချို (ဂု/သနပ (နိုင်) ၀၁၄၉၈၁)က အရပ်ကတိ အရောင်းအဝယ်စာချုပ်အဆက်အစပ်တင်ပြ၍နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ ဌာနမှမြေချပေးမည်ဖြစ်ပါသဖြင့်တရားဝင်ပိုင်ဆိုင်သောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ အောက်ပါပစ္စည်းများအား မြန်မာကျပ်ငွေ (Kyat)ဖြင့် ဝယ်ယူလိုပါသည်-

(က) မော်တော်ယာဉ်များအတွက် တာယာနှင့်ဘက်ထရီများ ဝယ်ယူခြင်း
(ခ) ဒီဇယ်ဓာတ်အားပေးစက်များအတွက် Engine Oil (120)Drums ဝယ်ယူခြင်း
(ဂ) ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်၊ ဘူးသီးတောင်မြို့နယ်နှင့် မောင်တောမြို့နယ်များအတွင်းရှိ ကျေးရွာများ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ၁၁၊ ၀.၄ ကေဗွီလိုင်းနှင့် ၁၁/၀.၄ ကေဗွီထရန်စဖော်မာ တည်ဆောက်ခြင်းလုပ်ငန်းများအား Turnkey စနစ်ဖြင့် တင်ဒါခေါ်ယူခြင်း

တင်ဒါစတင်ရောင်းမည့်ရက် - ၁၄-၉-၂၀၁၇ ရက်
တင်ဒါပိတ်မည့်ရက် - ၂-၁၀-၂၀၁၇ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၂း၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၈၁၀၄၂၄၄၊ ၀၆၇-၈၁၀၄၂၄၅၊ Fax- ၀၆၇-၈၁၀၄၂၄၆

တစ်ဦးတည်းဖြစ်ပါကြောင်း

မြင်းခြံမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း (ယုဇန)ခန်းမှ မသွယ်သွယ်၏ဖခင် ဦးဆန်းဘို ၉/မခန(နိုင်)၁၈၉၄၃၆ နှင့် ဦးဆန်းဗိုလ်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးဆန်းဘို(ခ)ဦးဆန်းဗိုလ်

ဖခင်အမည်မှန်

မြင်းခြံမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း (ယုဇန)ခန်းမှ မောင်သွင်ထူးအောင်၏ ဖခင်အမည်မှန်မှာ ဦးမြင့်မိုး ၉/ညဥန(နိုင်) ၁၅၇၂၈၆ ဖြစ်ပါကြောင်း။ **ဦးမြင့်မိုး**

ဖခင်အမည်မှန်

မတ္တရာမြို့၊ အထက(မြို့သစ်) တက္ကသိုလ်ဝင်တန်း(A)မှ မောင်ခန့်ဝေယံထွန်း၏ ဖခင်အမည်မှန်မှာ ဦးသိုက်ထွန်းနိုင် ၉/ပသက(နိုင်) ၀၇၁၆၂၉ ဖြစ်ပါကြောင်း။

ဦးသိုက်ထွန်းနိုင်

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ တင်ဒါကော်မတီ

တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအစိုးရ တင်ဒါကော်မတီသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ အောက်ဖော်ပြပါအဆောက်အအုံအား ဖျက်သိမ်းခြင်းအတွက် တင်ဒါတင်သွင်းလိုသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တိုင်းရင်းသားများပိုင် ပြည်တွင်းကုမ္ပဏီများအား တင်ဒါများတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

တင်ဒါအမှတ်	လုပ်ငန်းအကြောင်းအရာ
EDB/၀၁/၂၀၁၇-၂၀၁၈	မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဗညားဒလလမ်း၊ မင်္ဂလာဈေးအနီး၊ မြို့တော်ဘဏ် (၁၂၀×၆၀)ပေ၊ ၇ထပ် RC အဆောက်အအုံအား ဖျက်သိမ်းခြင်းလုပ်ငန်း

၂။ တင်ဒါများကို နည်းပညာပိုင်းဆိုင်ရာ အဆိုပြုလွှာနှင့် ငွေကြေးဆိုင်ရာအဆိုပြုလွှာဟူ၍ သီးခြားစာအိတ်များဖြင့် တင်ဒါတင်သွင်းသူများလိုက်နာရန် ညွှန်ကြားချက်များ (Instructions to Tenderers)နှင့်အညီ တင်သွင်းရန်ဖြစ်ပါသည်။

၃။ တင်ဒါစာရွက်စာတမ်းများကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့တော်ခန်းမ၊ တိုးချဲ့(၁၀)ထပ်ရုံး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ) (၈)လွှာတွင် အောက်ပါအတိုင်း ဝယ်ယူတင်သွင်းရန်ဖြစ်ပါသည်-

(က) **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၅-၉-၂၀၁၇ (သောကြာနေ့) (ရုံးချိန်အတွင်း)
(ခ) **တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်/အချိန်** - ၁၆-၁၀-၂၀၁၇ ရက် (တနင်္လာနေ့) ၁၅း၀၀နာရီ

၄။ တင်ဒါစည်းကမ်းနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ) ဖုန်း-၀၁-၃၇၄၃၆၆ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါကော်မတီ
ရန်ကုန်တိုင်းဒေသကြီး

အမြတ်ဝေစုထုတ်ယူရန်ကြေညာခြင်း

၁။ သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက်၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွက် အစုပေါ်အမြတ်(ထည့်ဝင်ပြီး အစုအရင်းငွေအပေါ် တစ်နှစ်လျှင် ၃၀ ရာခိုင်နှုန်း)ကို သစ်တောဖက်စပ်(ရုံးချုပ်)၊ အမှတ်(၅၂-၆၆)၊ ဗိုလ်တထောင်ဘုရားလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တွင် အောက်ပါအစီအစဉ်အတိုင်း ထုတ်ယူရန်ဖြစ်ပါသည်-

စဉ်	အစုရှယ်ယာလက်မှတ်အမှတ်စဉ်			ရက်အပိုင်းအခြား			မှတ်ချက်
	သစ်တောဖက်စပ်အစုရှယ်ယာ						
(က)	၁	မှ	၁၀၀၀ ထိ	၁၅-၉-၂၀၁၇	မှ	၂၀-၉-၂၀၁၇	ရုံးဖွင့်သည့်နေ့
(ခ)	၁၀၀၁	မှ	၂၀၀၀ ထိ	၂-၁၀-၂၀၁၇	မှ	၁၆-၁၀-၂၀၁၇	(နံနက် ၁၀ နာရီ
(ဂ)	၂၀၀၁	မှ	၂၄၇၀ ထိ	၁၇-၁၀-၂၀၁၇	မှ	၂၀-၁၀-၂၀၁၇	မှ
	MSEC အစုရှယ်ယာအမှတ်						ညနေ ၄ နာရီအတွင်း)
(ဃ)	M-၁	မှ	M-၄၀၀၀	၁၅-၉-၂၀၁၇	မှ	၂၀-၉-၂၀၁၇	
(င)	M-၄၀၀၁	မှ	M-၈၀၀၀	၂-၁၀-၂၀၁၇	မှ	၁၆-၁၀-၂၀၁၇	
(စ)	M-၈၀၀၁	မှ	M-၁၂၀၀၀	၁၇-၁၀-၂၀၁၇	မှ	၂၀-၁၀-၂၀၁၇	
(ဆ)	M-၁၂၀၀၁	မှ	M-၁၆၀၀၀	၁-၁၁-၂၀၁၇	မှ	၁၅-၁၁-၂၀၁၇	
(ဇ)	M-၁၆၀၀၁	မှ	M-၂၀၀၁၀	၁၆-၁၁-၂၀၁၇	မှ	၂၀-၁၁-၂၀၁၇	

၂။ အထက်မြန်မာပြည် သစ်တောဖက်စပ်ရုံးခွဲ(မန္တလေးမြို့)တွင် ဝယ်ယူထားသည့် အစုရှယ်ယာများအတွက် အစုပေါ်အမြတ်ငွေကို သစ်တောဖက်စပ်၏အထူးအစီအစဉ်ဖြင့် မန္တလေးမြို့တွင် ထုတ်ပေးရန်စီစဉ်ထားပါသည်။ [သစ်တောဖက်စပ်(မန္တလေးရုံးခွဲ)၊ ရွှေကွန်ခြာဘုရားအနီး၊ နန်းတော်ရာအရပ်၊ မှန်တန်းရပ်ကွက်၊ အမရပူရမြို့ ဖုန်း-၀၂-၄၀၇၀၅၈၀၊ ၀၂-၄၀၅၉၄၀၄]

၃။ အစုပေါ်အမြတ်ဝေစုထုတ်ယူမည့် အစုရှယ်ယာရှင်များသည် အစုရှယ်ယာလက်မှတ်(မူရင်း)၊ မိမိတို့၏အမျိုးသားမှတ်ပုံတင် သို့မဟုတ် နိုင်ငံသားစိစစ်ရေးလက်မှတ်ကို တစ်ပါတည်းယူဆောင်လာကြရန်နှင့် ကိုယ်တိုင်မထုတ်ယူနိုင်ပါက ကိုယ်စားလှယ်လွှဲစာရေးသား၍ ထုတ်ယူနိုင်ပါသည်။

၄။ ကုမ္ပဏီ/အဖွဲ့အစည်းအမည်ဖြင့် ဝယ်ယူထားသည့် အစုရှယ်ယာရှင်များသည် ကုမ္ပဏီ/အဖွဲ့အစည်း၏ခေါင်းစီးဖြင့် တရားဝင်လွှဲအပ်စာယူဆောင်လာသူကိုသာ အစုပေါ်အမြတ်ငွေ ထုတ်ပေးမည်ဖြစ်ပါသည်။

၅။ အထက်ပါကာလအတွင်း အစုပေါ်အမြတ်ဝေစုမထုတ်ယူဖြစ်သော အစုရှယ်ယာရှင်များသည် သစ်တောဖက်စပ်(ရုံးချုပ်) ဖုန်း-၀၁-၉၀၁၀၇၃၄၊ ၀၁-၉၀၁၀၇၃၇ တို့သို့ ရုံးချိန်အတွင်းဆက်သွယ်၍ အမြတ်ဝေစုထုတ်ယူနိုင်ပါသည်။

အုပ်ချုပ်မှုဒါရိုက်တာ

ကျေးဇူးတင်လွှာ

STELLAR SEVEN ENTERTAINMENT မှ ကြီးမှူးပြီး MYANMAR TOURISM FEDERATION ၏ ပံ့ပိုးကူညီမှုဖြင့် ကျင်းပခဲ့သော MISS MYANMAR INTERNATIONAL 2017 GRAND FINAL ပြိုင်ပွဲအခမ်းအနားကို ရန်ကုန်မြို့ NOVOTEL YANGON MAX HOTEL တွင် ၁.၈.၂၀၁၇ ရက်နေ့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပပြီးစီးခဲ့ပြီဖြစ်ပါသည်။ ၎င်းပွဲအခမ်းအနားကြီးတွင် အဘက်ဘက် မှ ပံ့ပိုးကူညီ အားပေးခဲ့ကြသူများကို လေးစားကျေးဇူးတင်ဂုဏ်ယူစွာဖြင့် မှတ်တမ်းတင်အပ်ပါသည်။ **GRAND FINAL** ပွဲအခမ်းအနားတွင် အကဲဖြတ်ဒိုင်လူကြီးများအဖြစ် ကူညီပေးခဲ့ကြသော မြန်မာနိုင်ငံအမျိုးသမီး အားကစားအဖွဲ့ချုပ် ဒုဥက္ကဋ္ဌ ဒေါ်ရီရီဂင်း၊ မြန်မာနိုင်ငံစားသောက်ဆိုင် လုပ်ငန်းရှင်များအသင်း (အကြီးတန်း) ဒုဥက္ကဋ္ဌ ဒေါ်တင်မာမြင့်၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ် အလုပ်အမှုဆောင် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဈေးကွက်မြှင့်တင်ရေးအသင်း အတွင်းရေးမှူး ဦးမျိုးသွင်၊ ဓါတ်ပုံ ဦးမိုးမင်း (RAYS PHOTO STUDIO)၊ DESIGNER မိုးကုတ်ပေါက်ပေါက်၊ SUPER MODEL သဥ္ဇာလှိုင် (LIFE INFLUNENCER)၊ (ထပ်ဆင့်အကယ်ဒမီ) ဂုဏ်မှုံရွှေရည်၊ MS. KYLIE VERZOSA (MISS INTERNATIONAL 2016)၊ MR. MAKOY MANLAPAZ (HEAD COACH OF GOULDIAN PAGEANT TRAINING) တို့ကို ကျေးဇူးအထူးတင်ရှိပါသည်။ SPONSOR နှင့် PARTNER များ၊ OFFICIAL CROWN DESIGNER၊ OFFICIAL PHOTOGRAPHER၊ OFFICIAL DESIGNERS နှင့် ALLIED ARTISTS များအဖြစ် ပါဝင်ကူညီပေးခဲ့ကြသော COMPANY များ နှင့် ပုဂ္ဂိုလ်အသီးသီးတို့ကိုလည်း ကျေးဇူးအထူးတင်ရှိပါသည်။ထို့အပြင်OFFICIAL TELECOM PARTNER အဖြစ် ပါဝင်ပေးပါသော MPT ကိုလည်းကျေးဇူးအထူး တင်ရှိပါသည်။

MISS MYANMAR INTERNATIONAL 2017 SPONSORS နှင့် PARTNERS များ

DIAMOND SPONSOR — awba

VENUE SPONSOR — NOVOTEL HOTELS & RESORTS YANGON MAX

GOLD SPONSOR — SHE SHINES Gems & Jewelry; SULE PLAZA

ACCOMMODATION SPONSOR — GOLDEN CITY

COSMETICS PARTNER — SAI

BUSINESS PARTNER — media 7; TRAINING GROUND

WARDROBE PARTNER — PENSHOPPE

MEDICAL PARTNER — Bumrungrad Clinic Yangon; VITALLIFE

IT PARTNER — Blue Ocean

AIRLINE PARTNER — Vietnam Airlines

TRANSPOTATION PARTNER — Boss Express

CATERING PARTNER

PRINTING PARTNER — XENON

HAIR & MAKE UP PARTNER

SILK & LACE PARTNER

FLOWER & DECORATION PARTNER — ETERNAL FLOWERS

BEAUTY PARTNER — FANCY HOUSE

EMERALD SPONSOR — SUPER POWER; ESPRIT; SINMA; LiLy

DELIVERY PARTNER — YANGON

EDUCATION PARTNER — EDULINK

OFFICIAL CROWN DESIGNER — PHONE THAW KHA

OFFCIAL PHOTOGRAPHER — KANSUHO BLACK & WHITE PHOTO STUDIO

OFFICIAL DESIGNER — Mogok Pauk Pauk COUTURE; AHLATT LUMYANG; SHARTRA; MYO MIN SOE

ALLIED ARTISTS — FOCUS DAILY; Life; TOE TOE BLACK AND WHITE PHOTO STUDIO; YE HTUT PHOTOGRAPHY; SOUL; STAR CREATION; Kingsman; BLACK WHITE PHOTO STUDIO

OFFICIAL BROADCASTER — mntv; Shwe FM; CHANNEL 9

MISS MYANMAR INTERNATIONAL 2017 စခန်းသွင်း လေ့ကျင့်ချိန်အတွင်းတွင် အသိပညာ၊ အတတ်ပညာများကို လေ့ကျင့်သင်ကြားပေးပါသော နန်းခင်ဇေယျာ(MISS MYANMAR INTERNATIONAL 2012)၊ ဂုဏ်ရည်အေးကျော် (MISS MYANMAR INTERNATIONAL 2013)၊ အမရာငြိမ်း (MISS MYANMAR INTERNATIONAL 2015)၊ အင်ကြင်းထူး (MISS MYANMAR INTERNATIONAL 2016)၊ ဒေါ်ရီရီဂင်း (မြန်မာနိုင်ငံအမျိုးသမီး အားကစားအဖွဲ့ချုပ် ဒုဥက္ကဋ္ဌ)၊ မိုးစက်ဝိုင်း (MISS UNIVERSE MYANMAR 2013)၊ တင်မိုးလွင်(TALENTS & MODELS AGENCY)၊ ဦးတင်ဇံကျော် (PRINCIPAL OF DEVICE BUSINESS MANAGEMENT ACADENY)၊ ဦးဖြိုးဝေရာဇာ (ဒုဥက္ကဋ္ဌ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်)၊ ဒေါ်ဖြူဖြူမာ (အလုပ်အမှုဆောင် မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဈေးကွက်မြှင့်တင်ရေးအသင်း)၊ ဦးကျော်စွာမင်း (အလုပ်အမှုဆောင် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်)၊ ဒေါ်အေးမြလှိုင် (PRINCIPAL OF THE SUN INSTITUTE)၊ မဂင်းမင်းသန်း (YANGON IN MY HEART)၊ ဒေါ်ဂင်းအိခိုင် (UMFCCI အလုပ်သမားအမှုဆောင်)၊ ဒေါ်ကျင်ပို (PRINCIPAL OF FANCY HOUSE HAIR BEAUTY NAIL ACADEMY)၊တော်ဝင်သူမေဦးမောင် နှင့် MR. MAKOY MANLAPAZ (HEAD COACH OF GOULDIAN PAGEANT TRAINING)တို့ကိုလည်း ကျေးဇူး အထူး တင်ရှိပါသည်။ MISS MYANMAR INTERNATIONAL 2017 ပွဲ တစ်လျှောက်လုံး SOCIAL MEDIA PAGE များမှ အားပေးခဲ့ကြသော မိဘပြည်သူ ပရိတ်သတ်များ GRAND FINAL နေ့တွင် လူကိုယ်တိုင် လာရောက်၍ သော်လည်းကောင်း၊ TV ဖန်သားပြင်မှ သော်လည်းကောင်း၊ Facebook Live မှသော်လည်းကောင်း အားပေးခဲ့ကြသော မိဘပြည်သူပရိတ်သတ်များ၊ စာနယ်ဇင်းမီဒီယာများ အားလုံးနှင့် အဘက်ဘက်မှ ဝိုင်းဝန်း ပံ့ပိုးကူညီခဲ့ကြသော ကျေးဇူးတင်ထိုက်သူများ အားလုံးကိုလည်း STELLAR SEVEN ENTERTAINMENTမှ ကျေးဇူးအထူး တင်ပါကြောင်း ဂုဏ်ပြု မှတ်တမ်းတင်အပ်ပါသည်။

သီတာဂူရွှေပြည်ဟိန်း စက္ခုဒါနဆေးရုံ စက်တင်ဘာလ ၁၆၊ ၁၇ (၈၃)ကြိမ်မြောက် မျက်စိခွဲစိတ်အလင်းဒါနပါဝင်လှူဒါန်းနိုင်

စက်တင်ဘာလ ၂ ရက်တွင် စတင်လက်ခံ၍ စက်တင်ဘာလ ၁၆၊ ၁၇ ရက်များတွင် ၈၃-ကြိမ်မြောက် ဦးရေ (၁၀၅၀၀)ပြည့် မျက်စိခွဲစိတ်အလင်းဒါနကို မျက်စိအထူးကုဆရာဝန်ကြီးများ၏ လုပ်အားဒါနဖြင့် ပြုလုပ်မည်ဖြစ်ရာ မျက်စိဝေဒနာရှင် (၁)ဦးအတွက် ခွဲစိတ်ခြင်း အလှူတော်ငွေ ၄၀၀၀၀ိ/- ကို အလင်းဒါန အလှူရှင် အဖြစ်ခံယူကာ ကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဘဏ်စာရင်းသို့ ထည့်သွင်း၍ဖြစ်စေ၊ လှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

လှူဒါန်းရန်ဌာန - သီတာဂူရွှေပြည်ဟိန်း စက္ခုဒါနဆေးရုံ၊ ရွှေပြည်ဟိန်းကျောင်း၊ ပြည်သာယာ၊ ရန်ကင်း။ (ကျိုက္ကဆံဘုရားလမ်း၊ တာမွေလေး၊ သံလမ်းအနီး) ဖုန်း - ၀၁-၅၄၁၄၉၃၊ ၀၉-၇၃၀၅၆၅၆၉၊ ၀၉-၄၄၃၀၅၆၅၆၉

ရွှေဂုံတိုင်ကမ္ဘောဇဘဏ် - အရှင်စေမာသီရိလင်္ကာရ (Account No. 007-50100701690301) ဘဏ်စာရင်းသို့နီးရာဘဏ်၌ ထည့်သွင်း၍လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ပုသိမ်အသင်း(ရန်ကုန်)

ချီးကျူးဂုဏ်ပြုပူဇော်ပွဲ၊ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ နှင့် (၃၃)ကြိမ်မြောက်ဝါဆိုသင်္ကန်းလှူဒါန်းပူဇော်ပွဲဖိတ်ကြားလွှာ

ပုသိမ်အသင်း(ရန်ကုန်)၏ ဩဝါဒါစရိယဆရာတော်ကြီး(၃)ပါးတို့အား ရိုသေစွာပင့်ဖိတ်လျက် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး(၅)ပါး ချီးကျူးဂုဏ်ပြုပူဇော်ပွဲ၊ ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် ရန်ကုန်မြို့ရှိ ပုသိမ်မြို့နယ်ဖွား ကျောင်းထိုင်ဆရာတော်များ အပါအဝင် စုစုပေါင်းဆရာတော် အပါး(၃၀)တို့အား (၃၃)ကြိမ်မြောက် ဝါဆိုသင်္ကန်းလှူဒါန်း ပူဇော်ပွဲကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါ၍ လှူဒါန်းလိုသူများသည် ဥက္ကဋ္ဌ ဦးစိုးတန်လင်း ဖုန်း-၀၉ ၈၆၀၀၁၂၃၊ ဒုတိယဥက္ကဋ္ဌ ဦးသန်းအောင်လင်း ဖုန်း-၀၉ ၅၀၀၃၇၀၉၊ အတွင်းရေးမှူး ဦးကျော်ကျော်ဝင်း ဖုန်း-၀၉ ၅၀၀၆၁၂၈၊ ဘဏ္ဍာရေးမှူး ဦးလေးတင့် ဖုန်း-၀၉ ၇၉၅၄၁၀၇၉၉ သို့ ဆက်သွယ်လှူဒါန်းနိုင်ပါရန်နှင့် ကြွရောက်ကြည်ညိုကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် - ၁၃၇၉-ခုနှစ်၊ တော်သလင်းလပြည့်ကျော်(၁၂)ရက်၊ ၁၇ - ၉ - ၂၀၁၇ (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - နံနက် (၉ း ၀၀)နာရီ
ကျင်းပမည့်နေရာ - အမှတ်(၂၁/၄၃-စီ)၊ ကြားတောရလမ်း၊မြို့မရပ်ကွက်၊ ဗဟန်းမြို့နယ်။ (ရောဝတီတိုင်းဒေသကြီးခမ္မာရုံ)

အမှုဆောင်အဖွဲ့

အင်းစိန်စက်မှုလက်မှုသိပ္ပံ(လျှပ်စစ်စွမ်းအားအင်ဂျင်နီယာဌာန) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၂၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲ ဖိတ်ကြားခြင်း

အင်းစိန်စက်မှုလက်မှုသိပ္ပံ (လျှပ်စစ်စွမ်းအားအင်ဂျင်နီယာဌာန) ကျောင်းသား ကျောင်းသူဟောင်းများ၏ (၂၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗဟန်းအားကစားကွင်း၊ တော်လှန်ရေးပန်းခြံရှေ့ M3 Food Centre တွင် အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကျောင်းဆင်းညီအစ်ကို၊ မောင်နှမများ မပျက်မကွက် တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်အချိန် - ညနေ ၅ နာရီမှ ၉ နာရီအထိ
ကျင်းပမည့်ရက် - ၃-၁၂-၂၀၁၇ ရက် (တနင်္ဂနွေနေ့)
ကျင်းပမည့်နေရာ - M3 Food Centre ၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

အလှူငွေများကို အောက်ပါကျောင်းသား/ကျောင်းသူဟောင်းများထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ဦးမောင်မောင်အေး	-	ဖုန်း-၀၉-၅၁၂၆၆၆၅
ဦးခင်မောင်မြင့်	-	ဖုန်း-၀၉-၅၁၃၀၅၁၄
ဦးလှသိန်း	-	ဖုန်း-၀၉-၅၁၉၂၉၇၅
ဦးအေးနိုင်	-	ဖုန်း-၀၉-၅၀၆၀၈၉၇
ဦးတင်မောင်လွင်	-	ဖုန်း-၀၉-၅၀၅၀၄၉၃၊ ၀၉-၉၇၂၆၄၆၄၁၆
ဦးတိုးဝင်း	-	ဖုန်း-၀၉-၈၆၃၃၇၂၂၊ ၀၉-၅၁၀၃၇၂၂
ဦးအောင်အောင်ဝင်း	-	ဖုန်း-၀၉-၅၀၃၃၅၀၃
ဒေါ်ခင်ဝင်းကြည်	-	ဖုန်း-၀၉-၇၃၁၀၀၈၆၅
ဦးစောထွေးဦး	-	ဖုန်း-၀၉-၇၈၅၁၈၇၇၀၈
ဦးကြည်ဇော်ခင်	-	ဖုန်း-၀၉-၂၆၂၁၇၆၀၆၅၊ ၀၉-၇၃၁၄၉၂၄၂

မှတ်ချက်။ ။ နယ်အဝေးမှ ကျောင်းသား/ကျောင်းသူဟောင်းများသည် **ရန်ကုန်မြို့တော်ဘဏ်လီမိတက် ငွေစာရင်းအမှတ် ST-2965** သို့ စာရင်းသွင်း ပေးပို့လှူဒါန်းနိုင်ပါသည်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ အမှတ်(၄) ဓာတ်မြေဩဇာ စက်ရုံ (မြောင်းတကာ)မှ တစ်လအတွင်း ထွက်ရှိသော ယူရီးယားဓာတ်မြေဩဇာ ၅၀၀၀တန် (တန်ငါးထောင်)ခန့်အား တစ်လအတွင်း ထုတ်ယူသည့်စနစ်ဖြင့် တင်ဒါခေါ်ယူရောင်းချမည်ဖြစ်ရာ အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၅-၉-၂၀၁၇ ရက်မှ ၉-၁၀-၂၀၁၇ ရက်အထိ

၃။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - (က) ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ် (၄၄)၊ နေပြည်တော် (ခ) ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်-၇ (က)၊ သန်လျက်စွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့

၄။ **တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်** - ၉-၁၀-၂၀၁၇ ရက် (တနင်္လာနေ့) ၁၂း၀၀ နာရီ

၅။ **အချိန်နှင့်နေရာ** - မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း (ရုံးချုပ်)၊ ရုံးအမှတ်-၄၄၊ နေပြည်တော်

၆။ **တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်** - ၉-၁၀-၂၀၁၇ ရက် ၁၄း၀၀ နာရီ

၇။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန၊ ဖုန်း-၀၆၇-၄၁၁၀၈၂၊ ၀၆၇-၄၁၁၀၉၃ သို့ ရုံးချိန်အတွင်း ဆက်သွယ်၍ မေးမြန်းနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
ရုံးအမှတ် (၄၄)၊ နေပြည်တော်

ဖခင်အမည်မှန်
မကွေးတိုင်းဒေသကြီး၊ စလင်းမြို့၊ အထက(၁) အဌမတန်း(D)မှ မောင်ခန့်လွင်အောင်၏ ဖခင်အမည်မှန်မှာ ဦးထွန်းလှအောင် ၈/စလန(နိုင်)၀၈၀၅၄၆ ဖြစ်ပါသည်။
ဦးထွန်းလှအောင်

ဖခင်အမည်မှန်
ကျုံပျော်မြို့၊ အထက(၂) တက္ကသိုလ်ဝင်တန်း (B)မှ မအေးမြတ်မွန်၏ ဖခင်အမည်မှန်မှာ ဦးကျော်လင်း ၁၄/ကကန(နိုင်) ၀၈၁၃၅၈ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်
မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ ဆင်ဖြူကျွန်း အထက(ခွဲ) တက္ကသိုလ်ဝင်တန်းမှ မပြုံးမေကြည်၏ ဖခင်အမည်မှန်မှာ ဦးသန်းထွဋ်အောင် ၈/စလန(နိုင်) ၀၇၉၅၁၁ ဖြစ်ပါသည်။
ဦးသန်းထွဋ်အောင်

ဖခင်အမည်မှန်
စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်း (G) မှ မဖြိုးဖြိုးဝေ၏ ဖခင်အမည်မှန်မှာ ဦးစိုးပိုင် ၁၄/မမက(နိုင်)၁၆၇၇၄၆ ဖြစ်ပါကြောင်း။
ဦးစိုးပိုင်

တစ်ဦးတည်းဖြစ်ကြောင်း
စလင်းမြို့နယ်၊ ဆင်ဖြူကျွန်း၊ အထက တက္ကသိုလ်ဝင်တန်း(စပါယ်ခန်း)မှ မမွန်မွန်သန်း၏ဖခင် ဦးညွန့်သန်းနှင့် ဦးသန်းညွန့် ၈/စလန(နိုင်)၀၅၇၆၉၃ သည် တစ်ဦးတည်းဖြစ်ပါသည်။
ဦးသန်းညွန့်

မိခင်အမည်မှန်
ဟုမ္မလင်းမြို့နယ်၊ မြင်သာကျေးရွာ၊ အထက၊ ကျောင်းဝင်အမှတ် (၄၃၃၁)တက္ကသိုလ်ဝင်တန်းမှ မယုယုလှိုင်၊ ကျောင်းဝင်အမှတ် (၄၆၅၄) နဝမတန်းမှ မောင်ဟိုင်းအောင်နှင့် သတ္တမတန်းမှ မမေမြတ်မိုးတို့၏ မိခင်အမည်မှန်မှာ ဒေါ်ခင်စန်းဌေး ၅/ဖပန(နိုင်) ၀၂၈၀၀၄ ဖြစ်ပါကြောင်း။ **ဒေါ်ခင်စန်းဌေး**

အမည်မှန်
မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ သရက်ချည်၊ အထက(ခွဲ) တက္ကသိုလ်ဝင်တန်းမှ ဦးမောင်မြင့်၏သမီး မသဉ္ဇာကျော်၏ အမည်မှန်မှာ မသဉ္ဇာကျော် ၈/စလန(နိုင်)၂၃၇၁၇၅ ဖြစ်ပါသည်။
မသဉ္ဇာကျော်

ဖခင်အမည်မှန်
ဟုမ္မလင်းမြို့နယ်၊ မြင်သာကျေးရွာ၊ အထက၊ ကျောင်းဝင်အမှတ်(၅၉၂၈) တက္ကသိုလ်ဝင်တန်းမှ မစန္ဒာအေး၊ နောင်ဆန်းကျင်(အလက) အဌမတန်းမှ မောင်သန်းဝင်းဇော်နှင့် ဆဌမတန်းမှ မောင်အောင်မြင့်ဇော်တို့၏ ဖခင်အမည်မှန်မှာ ဦးကျော်ဆွေ ၅/ဟမလ(နိုင်)၀၆၅၈၅၇ ဖြစ်ပါကြောင်း။ **ဦးကျော်ဆွေ**

ဖခင်အမည်မှန်
မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၊ ရှောက်တော၊ အထက တက္ကသိုလ်ဝင်တန်းမှ မခင်စောမျိုး၏ ဖခင်အမည်မှန်မှာ ဦးတိုး ၈/စလန(နိုင်)၀၀၇၅၈၁ ဖြစ်ပါသည်။
ဦးတိုး

ဖခင်အမည်မှန်
ဟုမ္မလင်းမြို့နယ်၊ မြင်သာ၊ အထက၊ ကျောင်းဝင်အမှတ် (၉၅၄၉) တက္ကသိုလ်ဝင်တန်းမှ မချယ်ရီတင့်၏ ဖခင်အမည်မှန်မှာ ဦးမောင်သောင်း ၅/ဟမလ(နိုင်)၀၆၄၂၂၃ ဖြစ်ပါကြောင်း။
ဦးမောင်သောင်း

ဖခင်အမည်မှန်
မကွေးတိုင်းဒေသကြီး၊ စလင်းမြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်း(ဈ)မှ မောင်ကျော်ဖြိုးသူနှင့် ကန်သာကြီး အထက အဌမတန်း(A)မှ မသဇင်ဌေးတို့၏ ဖခင်အမည်မှန်မှာ ဦးမန်း ၈/ပဖန(နိုင်)၀၃၉၈၅၃ ဖြစ်ပါသည်။ **ဦးမန်း**

ဖခင်အမည်မှန်
မင်းဘူး(စကု)မြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း(E)မှ မောင်သက်ပိုင်စိုး၏ ဖခင်အမည်မှန်မှာ ဦးစိုး ၈/မဘန(နိုင်)၀၈၉၉၇၃ ဖြစ်ပါကြောင်း။ **ဦးစိုး**

မြန်မာနိုင်ငံစီးပွားရေးတက္ကသိုလ် ဘွဲ့ရများအသင်း Myanmar Institute of Economics Graduates Association (MIEGA)

ရန်ကုန်စီးပွားရေးတက္ကသိုလ် (၅၃)နှစ်မြောက် တည်ထောင်သောနေ့ အထိမ်းအမှတ် (၂၃) ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ပြန်လည်ဆုံစည်းပွဲကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၂၃ ရက် (စနေနေ့) နံနက် ၉း၀၀ နာရီတွင် ရန်ကုန်စီးပွားရေး တက္ကသိုလ်ပင်မမြတ်ခင်းပြင်၌ ကျင်းပမည်ဖြစ်ပါသည်။ အလှူငွေများကို မြန်မာ့စီးပွားရေးဘဏ် ငွေစုဘဏ်ခွဲ(၃)ရှိ Current Account (CF-000056) နှင့် MIEGAဗဟိုအလုပ်အမှုဆောင်များထံတွင် ပေးပို့လှူဒါန်းကြပါရန် လေးစားစွာ အကြောင်းကြားနှိုးဆော်အပ်ပါသည်။ အလှူပစ္စည်းများကိုလည်း ဗဟိုအလုပ်အမှုဆောင်များထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက အောက်ပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။ လစဉ် (ဒုတိယအပတ်+စတုတ္ထအပတ်) (တနင်္ဂနွေနေ့တိုင်း) အသင်းအစည်းအဝေးများတွင်လည်း ကိုယ်တိုင် လာရောက်လှူဒါန်းနိုင်ပါသည်။

ဖုန်း-၀၉-၂၅၀၀၁၇၅၁၀၊ ၀၉-၄၅၀၀၄၈၃၇၂၊ ၀၉-၇၃၀၉၈၄၃၀၊ ၀၉-၇၉၄၃၅၇၇၃၀

အာစရိယပူဇော်ပွဲနှင့် ပြန်လည်ဆုံစည်းပွဲကျင်းပရေးဗဟိုကော်မတီ

မော်လမြိုင်ကောလိပ်/တက္ကသိုလ် ကျောင်းသား ကျောင်းသူများ၏ ဒသမအကြိမ်မြောက် အာစရိယပူဇော်ပွဲ

မော်လမြိုင်ကောလိပ်/တက္ကသိုလ် ကျောင်းသား ကျောင်းသူများ၏ ဒသမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို အခက်အခဲများကြားမှ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားပါမည်။

နေ့ရက် - ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၂၆ ရက် (သောကြာနေ့)
အချိန် - နံနက် ၀၉း၀၀ နာရီမှ ၁၂း၀၀ နာရီထိ
နေရာ - GANDAMAR WHOLESALE, LEVEL (3) ဂန္ဓမာလမ်းနှင့် ဝေဇယန္တာလမ်းထောင့်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

အဆိုပါအာစရိယပူဇော်ပွဲသို့ အနည်းဆုံးလုပ်သက် (၁)နှစ်ထမ်းဆောင်ခဲ့ပြီး ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်၌ အသက် (၆၉)နှစ်နှင့်အထက် ဘာသာရပ်ပေါင်းစုံမှ ဆရာ ဆရာမကြီးများမှ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အပူဇော်ခံ ကြွရောက်ချီးမြှင့်ပေးနိုင်ပါရန် ရိုသေလေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ပူဇော်ပွဲအား နှစ်နှစ်တစ်ကြိမ် မပျက်မကွက် ကျင်းပနိုင်ရေးအတွက် အလှူငွေများ သဒ္ဓါတရားထက်သန်စွာဖြင့် အောက်ပါငွေစာရင်းအမှတ် (သို့) ကျောင်းသား ကျောင်းသူများထံ ထည့်ဝင်လှူဒါန်းကြပါရန်နှင့် မဆုံတွေ့ရတာကြာပြီဖြစ်သော သူငယ်ချင်းရောင်းရင်း အပေါင်းအသင်းများ ပျော်ရွှင်စွာ ပြန်လည်တွေ့ဆုံနိုင်ရန် အတွက် ပူဇော်ပွဲသို့ စိတ်ဓာတ်အင်အားအပြည့်အဝဖြင့် တက်ရောက်ကြပါရန် ခင်မင်ရင်းနှီးစွာ ဖိတ်ကြားအပ်ပါသည်။

အလှူငွေထည့်ဝင်ရန် - ငွေစာရင်းအမှတ် SM- 329110 မြန်မာ့စီးပွားရေးဘဏ်၊ ငွေစုဘဏ်ခွဲ(၁)

(၁)	ဦးမြင့်လွင် (ဥက္ကဋ္ဌ)	ဖုန်း-၀၉-၅၀၁၅၆၈၄
(၂)	ဦးသက်အောင် (အတွင်းရေးမှူး-၂)	ဖုန်း-၀၉-၇၃၃၃၂၈၂၈
(၃)	ဦးမျိုးအောင် (အတွင်းရေးမှူး-၁)	ဖုန်း-၀၉-၄၃၀၃၈၈၄၄
(၄)	ဒေါ်မေကြည်ဝင်း (အဖွဲ့ဝင်)	ဖုန်း-၀၉-၉၇၀၅၀၃၂၄၂
(၅)	ဒေါ်စုစုလှိုင် (အဖွဲ့ဝင်)	ဖုန်း-၀၉-၇၉၆၉၁၂၀၀၆
(၆)	ဒေါ်ရည်ရည်မြင့် (ဘဏ္ဍာရေးမှူး)	ဖုန်း-၀၉-၄၃၀၃၂၈၈၀

အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ

မိဘအမည်မှန်
